# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၈)


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

**နေပြည်တော် မတ် ၆**

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ပြီး ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ ယခုကြွရောက်လာကြသူများသည် နိုင်ငံတော် အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ တာဝန်သိစွာဖြင့်၊ တာဝန်ကျေစွာဖြင့် ဝိုင်းဝန်းပံ့ပိုးနေကြသူများအဖြစ် သတ်မှတ်ထားသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံရခြင်းသည် အထူးမင်္ဂလာရှိပါကြောင်း။

မိမိအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ၁၀ ဦးစီကိုသာ ကန့်သတ်၍ ဖိတ်ခေါ်ရပါကြောင်း၊ အမှန်တကယ် ကျေကျေပွန်ပွန် အခွန်ထမ်းဆောင်နေကြသည့် ကျန်ရှိသော ပုဂ္ဂိုလ်များကို မိမိအနေဖြင့် လျစ်လျူရှုသည့်သဘော မရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သာ ယခုကဲ့သို့ ကန့်သတ်၍ ဂုဏ်ပြုရခြင်း ဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားကို မတက်ရောက်လာနိုင်သူများနှင့် မိမိဖိတ်ကြားခြင်း မပြုနိုင်ခဲ့သည့် ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်စကား ပြောကြားလိုပါကြောင်း။

အခွန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခုအချိန်အခါ၌ များစွာနိုးကြားလာကြပြီ ဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လုပ်ငန်းရှင်များသည် ပြည်ပနှင့် ထိတွေ့ဆက်ဆံနေသူများဖြစ်ကြ၍ အခွန်ထမ်းဆောင်ခြင်း အလေ့အထနှင့် တာဝန်ကို ပိုမိုသိရှိကြမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဆိုပါအလေ့အကျင့်၊ အဆိုပါ ယဉ်ကျေးမှုသည်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အထိ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ခဲ့သည့် အခွန်ထမ်း ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်လီမိတက်)အား ဂုဏ်ထူးဆောင်ဆု ချီးမြှင့်စဉ်။ သတင်းစဉ်

# မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ- ၂၀၁၈ အခမ်းအနားကျင်းပ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၆**

မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာဝင်းမြတ်အေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ဗဟိုအလုပ်အမှုဆောင်များနှင့် အမှုဆောင်များ၊ ကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ဆန်စပါးသမိုင်းနှင့် မြန်မာ့ဆန်စပါးကဏ္ဍ၏ တိုးတက်ပြောင်းလဲမှု ဗီဒီယိုဖိုင်ကို ပြသသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻


KBZ BANK
STRENGTH OF MYANMAR

'BEST BANK IN MYANMAR'

Awarded by EUROMONEY 2017

မြန်မာ့အလင်း

# သတိပြုရမည့် ဝေါဟာရ အသုံးအနှုန်းများ

ဆီးရီးယားပြည်တွင်းစစ်သည် ၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှစတင်ဖြစ်ပွားခဲ့သည်ဖြစ်၍ (၇)နှစ်သက်တမ်းရှိတော့မည်ဖြစ်ပါသည်။ ပြည်သူလူထု၏ ဒီမိုကရေစီရေးတောင်းဆိုမှုများအား ဆီးရီးယားအစိုးရက ဖိနှိပ် ဖြိုခွဲရာမှ ဖြစ်ပေါ်ခဲ့သော ဆီးရီးယားပြည်တွင်းစစ်သည် ကြေကွဲဖွယ်ရာ လူ့သမိုင်းဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ (၇)နှစ်တာ ပြည်တွင်းစစ်ကာလအတွင်း သေဆုံးခဲ့ရသော ပြည်သူအရေအတွက်သည် တစ်သိန်းတစ်သောင်းခန့်ရှိပါသည်။ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်လျက်ရှိသော လက်နက်ကိုင်တပ်ဖွဲ့ဝင်တို့၏ သေဆုံးမှုကိုပါ ထည့်သွင်းတွက်ချက်ပါက ငါးသိန်းနီးပါးရှိပါသည်။ နိုင်ငံအတွင်း အိုးအိမ်စွန့်ခွာရသော ဆီးရီးယားပြည်သူတို့၏ အရေအတွက်သည် (၇.၆)သန်းရှိ၍ တရားဝင်မှတ်ပုံတင်ထားသော ဒုက္ခသည်အရေအတွက်မှာ (၅.၂)သန်းရှိပါသည်။ ဆီးရီးယားနိုင်ငံ၏ ၂၀၁၈ ခုနှစ်၊ ခန့်မှန်းလူဦးရေ (၁၈.၂၈)သန်းဖြင့် နှိုင်းယှဉ်ကြည့်ပါက ဆီးရီးယားပြည်တွင်းစစ်ကြောင့် ဆီးရီးယားပြည်သူတို့ ကြုံတွေ့ခံစားနေရသော ဆင်းရဲဒုက္ခအတိုင်းအတာပမာဏကို မှန်းဆနိုင်ပါသည်။ ကုလသမဂ္ဂ ခန့်မှန်းမှုအရ လက်ရှိအခြေအနေ၌ပင် နေ့စဉ် ဆီးရီးယားပြည်သူငါးထောင်ခန့်သည် နိုင်ငံကို စွန့်ခွာထွက်ပြေးလျက်ရှိပါသည်။ ဆီးရီးယားပြည်တွင်းစစ်အတွင်း **SARIN**၊ **MUSTARD GAS** နှင့် **CHLORINE GAS** ကဲ့သို့သော ဓာတုလက်နက်တို့အား အသုံးပြုခဲ့သည်ကိုလည်း တွေ့ရပါသည်။

ဆီးရီးယားပြည်တွင်းစစ်ကြောင့် ဆီးရီးယားပြည်သူတို့ရင်ဆိုင်ရလျက်ရှိသော ဘေးဒုက္ခအန္တရာယ်တို့နှင့် ရခိုင်ပြည်နယ်တွင် ရင်ဆိုင်ရလျက်ရှိသည်ဟု စွပ်စွဲပြောဆိုနေသော ဘေးဒုက္ခအန္တရာယ်ဆိုသည်တို့သည် နှိုင်းယှဉ်၍ မရလောက်အောင် မိုးနှင့်မြေပမာ ကွာခြားပါသည်။ သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဆီးရီးယားပြည်တွင်းစစ်ရပ်စဲရေးအတွက် တစ်စုံတစ်ရာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ ဤသည်မှာလည်း ရှင်းပါသည်။ ဆီးရီးယားပြည်တွင်းစစ်၌ ကမ္ဘာ့အင်အားကြီးနိုင်ငံတို့နှင့် ဒေသတွင်း အင်အားကြီးနိုင်ငံများ ပါဝင်ပတ်သက်လျက်ရှိသောကြောင့် ဖြစ်ပါသည်။ ဆီးရီးယားပြည်တွင်းစစ်၌ တစ်စုံတစ်ရာ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်သော အနောက်နိုင်ငံကြီး တချို့နှင့် ကုလသမဂ္ဂက ရခိုင်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် တင်းတင်းမာမာ ပြောနေကြခြင်းသည် အမြီးအမောက် မတည့်သော ကျိုးကြောင်းမဲ့ လုပ်ရပ်သာ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက **Responsibility to Protect (R2P)** ကျင့်သုံးမည်ကို စိုးရိမ်ကြောင်း ထိုသူတို့က ဆိုပါသည်။ **R2P** သည် လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်မှုသာ ကျင့်သုံးနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံအပေါ် ချမှတ်ကျင့်သုံးရန်အကြောင်း မရှိပါ။ မရှိသောအကြောင်းအရင်းအား လုပ်ကြံဖန်တီးပါကလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအပေါ် **R2P** ဆုံးဖြတ်ချက်ချမှတ်နိုင်သော အခြေအနေမရှိပါ။ **R2P** ကျင့်သုံး ဆောင်ရွက်ရေး၌ နိုင်ငံတစ်နိုင်ငံ၏ ပြည်သူလူထုအပေါ် အကာအကွယ်ပေးရေးတာဝန်၊ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်းဟူသော ထောက်တိုင်ကြီး သုံးရပ်ပါဝင်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဟူသော ထောက်တိုင်ဖြင့် ချိန်ထိုးကြည့်ပါက ရခိုင်ပြည်နယ်အရေး၌ အဆိုပါထောက်တိုင်ဆိုင်ရာ နိုင်ငံတကာပံ့ပိုးကူညီမှုတို့ကို သိသိသာသာတွေ့ရှိရခြင်း မရှိသေးပါ။ နိဂုံးချုပ်အားဖြင့် ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုတို့အားဖြစ်ပွားစေနိုင်သည့် မလိုလားအပ်သော အသုံးအနှုန်းတို့ကို လက်လွတ်စပယ် အသုံးမပြုပါရန် လေးလေးနက်နက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## စာပေမြင့်မှ လူမျိုးတင့်မည်

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက် တိုးမြှင့်တင်ပို့ ရောင်းချနိုင်ရေး ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၆

**မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာသည့် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအတိုင်း ရောင်းဝယ်ရန် ထုတ်ပြန်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**ထုတ်ပြန်ကြေညာချက်အမှတ်(၀၈/၂၀၁၈)**
**၂၀၁၈ ခုနှစ်၊ မတ်လ (၆)ရက်**
**အခြေခံရည်ညွှန်းစပါးဈေးနှုန်းအတိုင်းရောင်းဝယ်ရန် ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် (အစိုဓာတ် ၁၄ %)ရှိပြီး အဖျင်းအမှော် ဖုန်၊ သဲ၊ ခဲ စသောအရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ်ငွေ(၅)သိန်းဈေးနှုန်းကို အခြေခံ၍ ဝယ်ယူပေးရန် ထုတ်ပြန်အသိပေးအပ်ပါသည်။ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်း၏အပေါ်တွင် ဖြစ်ပေါ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး အကယ်၍ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးနှုန်းအောက်တွင် ကျဆင်းဖြစ်ပေါ်ပါက အခြေခံဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။

၂။ ပေါ်ဆန်း၊ အထူးညှော်မထ အုပ်စုစသော အချို့သော အဆင့်မြင့်စပါးအုပ်စုတို့သည် တင်း ၁၀၀ လျှင် ၇ သိန်း၊ ၈ သိန်းမှ ၁၀ သိန်းကျော်အထိ ဈေးကောင်းရရှိနေပြီဖြစ်၍ အဆိုပါစပါးများကို ဈေးကွက်ပေါက်ဈေးအတိုင်းသာ ရောင်းဝယ်ရန်ဖြစ်ပါသည်။ သို့ရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများ အပါအဝင် တောင်သူလယ်သမားအများစု စိုက်ပျိုးသော သာမန်စပါး အမျိုးအစားများသည် စပါးပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းလေ့ရှိသောကြောင့် အဆိုပါ လုပ်ကွက်ငယ်တောင်သူလယ်သမားအများစု၏ အကျိုးစီးပွားကို ဦးစားပေးသောအားဖြင့် ၎င်းတို့စိုက်ပျိုးသော စပါးများအတွက် အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်ထုတ်ပြန်ပေးခြင်းဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် နွေစပါးပေါ်ချိန်နှင့် ၂၀၁၈ ခုနှစ်၊ မိုးစပါးပေါ်ချိန်တို့အတွက် အဓိက ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိက ကုန်သည်/ စက်ပိုင်များ၊ ကုမ္ပဏီများကို ဦးဆောင်စည်းရုံး၍ လုပ်ကွက်ငယ်တောင်သူလယ်သမားအများစုစိုက်ပျိုးထုတ်လုပ်သော စပါးများကို စပါးပေါ်ချိန်တွင် ဈေးကောင်းရရှိရေးအတွက် လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးအတွက်လည်းကောင်း ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခြေခံစပါးဈေးနှုန်းသတ်မှတ်ခြင်းကိုလည်း တောင်သူလယ်သမားများ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်း ဈေးကွက်ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ စသောအခြေအနေများကို မျက်ခြည်မပြတ်လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာ စိုက်ပျိုးထုတ်လုပ်မှုရာသီအတွက် ဖြစ်သင့်သောအခြေခံဈေးနှုန်းကို ရာသီအလိုက် ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အခြေခံဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များထံဖြစ်စေ၊ အသင်းချုပ်ရုံးချုပ်သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ UMFCCI ၊ ၉ လွှာ၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၂၁၈၂၆၆~၆၈၊ ၀၁-၂၃၀၁၁၂၈~၂၉**

# မိုးမောက်မြို့နယ်ရှိ စစ်ရှောင်စခန်းများအတွက် ASEAN+3 မှ ဆန်အိတ်များ လှူဒါန်း

**မိုးမောက် မတ် ၆**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၆ ရက် နံနက် ၁၀ နာရီက စစ်ရှောင်စခန်းများအတွက် ASEAN+ 3 မှ ဆန်အိတ်များ လှူဒါန်းပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က မြို့နယ်အတွင်းရှိ နှစ်ခြင်းသာသနာဝင်နေ အိမ်ထောင်စု ၃၈၇ စု၊ ကက်သလစ်သာသနာဝင်နေ အိမ်ထောင်စု ၂၇၈ စုနှင့် မန္တလေးဘုန်းတော်ကြီး ကျောင်းဝင်းနေ အိမ်ထောင်စုငါးစု စုစုပေါင်းစစ်ဘေးရှောင် အိမ်ထောင်စု ၆၇၀ နှင့် လွယ်ဂျယ်မြို့ စစ်ရှောင်စခန်းငါးခုမှ အိမ်ထောင်စု ၄၁၃ စု စုစုပေါင်း အိမ်ထောင်စု ၁၀၈၃ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်းဖြင့် ASEAN+3 မှ ဆန်အိတ်များ လှူဒါန်းပေးအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဆန်အိတ်များကို တက်ရောက်လာကြသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးနေဝင်းနှင့် ဌာနဆိုင်ရာများက ပေးအပ်ကြရာ စစ်ရှောင်စခန်းတာဝန်ခံများက လက်ခံယူကြကာ နှစ်ခြင်းသာသနာစစ်ရှောင်စခန်းတာဝန်ခံ ဘုန်းတော်ကြီး ဦးဆိုင်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် စစ်ရှောင်စခန်းတာဝန်ခံများက စစ်ရှောင်မိသားစုများကိုတစ်အိမ်ထောင်ဆန်တစ်အိတ်စီ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လွန်းနန်းထွေး(ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၆-၃-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉.၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅.၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆.၄ |
| ထိုင်း | တစ်ဘတ် | ၄၂.၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀.၆ |
| တရုတ် | တစ်ယွမ် | ၂၁၀.၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉.၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဝင်ငွေခွန်အများဆုံး ပေးဆောင်သူ ဦးယုလွင်(မြဝတီဘဏ်လီမိတက်) ကိုယ်စား ဦးမြင့်ထူးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဝင်ငွေခွန်အများဆုံး ပေးဆောင်သူ ဦးအောင်ရွှေ(PT Power Trading Co., Ltd)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ ဦးလှမင်းတူ(Dagon Beverages Co., Ltd)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ ဦးဝဏ္ဏခိုင်(Denko Trading Co., Ltd)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ ဦးအောင်မိုးကျော်(International Beverages Trading Co., Ltd) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ ဒေါ်ဝင်းဝင်းတင့်(City Mart Holding Co., Ltd)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်

❖ရှေ့ဖုံးမှ

အားနည်းနေပါကြောင်း၊ ထို့ကြောင့် အခွန်ထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါကြောင်း။

**လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်**

အခွန်သည် လူတိုင်း၏ တာဝန်ဖြစ်ပါကြောင်း၊ တာဝန်ကိုမသိ၍ မလုပ်သည့်သူများ ရှိပါကြောင်း၊ သိရှိပြီး မသိကျိုးကျွန်ပြုနေသူများလည်းရှိပါကြောင်း၊ သိရှိပြီး အထိုက်အလျောက် အခွန်တာဝန် ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များလည်း ရှိပါကြောင်း၊ အပြည့်အဝ အခွန်တာဝန် ထမ်းဆောင်သည့် ပုဂ္ဂိုလ်များလည်း ရှိပါကြောင်း၊ ထို့ကြောင့် ပြောလိုသည်မှာ ယနေ့ကြွရောက်လာသည့် ပုဂ္ဂိုလ်များအပြင် အခွန်တာဝန်ကျေကြသည့် အခြားပုဂ္ဂိုလ်များလည်း ရှိကြမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ အခွန်တာဝန်ကျေသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ အကျိုးကို မိမိတို့ကျရာနေရာမှ ထမ်းဆောင်နေကြသည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့ အသိအမှတ်ပြုခွင့်ရသဖြင့် ကျေးဇူးတင်ပါကြောင်း၊ နောင်တွင်လည်း ဆတက်ထမ်းပိုးသယ်ပိုး၍ အခွန်ထမ်းဆောင်နိုင်ကြပါစေဟု ဆုတောင်းပါကြောင်း၊ စီးပွားရေးများလည်း ကောင်းမွန်ပါစေကြောင်း၊ စီးပွားရေး ကောင်းမွန်သည်နှင့်အမျှ မိမိတို့တိုင်းပြည်နှင့် တစ်နိုင်ငံလုံးကို အကျိုးပြုနိုင်ပါစေဟု ဆန္ဒပြု ဆုမွန်ကောင်း တောင်းပါကြောင်း။

**စည်းစနစ်ကောင်းများ လိုက်နာ**

ယနေ့ ကမ္ဘာကြီးတွင် ချမ်းသာသည့် နိုင်ငံကြီးများသည်ပင် မိမိတစ်နိုင်ငံတည်း ချမ်းသာလျှင် ချမ်းသာသလို မနေကြပါကြောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိ လူ့အဖွဲ့အစည်းကို မည်ကဲ့သို့ လက်တွဲခေါ်ဆောင်မည်၊ မည်သို့ ပြုစုပျိုးထောင်မည်၊ မိမိတစ်ယောက်တည်း အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေထိုင်မှုမပြုတော့သည့် စိတ်ဓာတ်အမူအကျင့်များ ရှိလာကြသည်ကို တွေ့ရပါကြောင်း၊ လုပ်ငန်းများ အောင်မြင်လာသည်ဟု ဆိုရာတွင် လုပ်ငန်းရှင်များ၏ စိတ်စေတနာ၊ ရိုးသားမှု၊ ကြိုးစားမှု၊ တာဝန်ကျေမှုအပြင် သက်ဆိုင်ရာ ဝန်ထမ်းများအားလုံး တစ်ဦးတစ်ယောက်ချင်း တာဝန်ကျေပွန်မှု၊ ချမှတ်ထားသည့် စည်းစနစ်ကောင်းများ အပေါ်တွင် လိုက်နာမှုသည်လည်း လုပ်ငန်းများကြီးပွားမှုအတွက် များစွာ အထောက်အကူပြုသည်ဟု ထင်မြင်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်တာဝန်ကျေကြသည့် လုပ်ငန်းရှင်များကို မိမိအနေဖြင့် အထူးကျေးဇူးတင်ရှိသကဲ့သို့ နိုင်ငံအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ နောင်တွင်လည်း ဆက်လက်၍ တာဝန်ကျေပွန်ပေးကြပါရန် ပြောကြားလိုပါကြောင်း၊ မိမိနိုင်ငံအတွက် တာဝန်ကျေကြသည့်အတွက် အသိအမှတ်ပြု ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အထိ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သည့်အခွန်ထမ်း ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌသည် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ ခြောက်နှစ်ဆက်တိုက် ဝင်ငွေခွန်အမြင့်မားဆုံး ထမ်းဆောင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ခဲ့ကြသည့် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ Diamond Star Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုကြီးကိုယ်စား ဒါရိုက်တာ ဦးစိုးတင့်၊ Myawaddy Bank Ltd မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်ကိုယ်စား အထွေထွေမန်နေဂျာ ဦးမြင့်ထူး၊ Shwe Taung Development Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်နိုင်၊ Myanmar Economic Holding Limited ဌာနကြီးမှူး ဦးမင်းဇော်၊ Myawaddy Trading Ltd မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်စိုးကိုယ်စား ဒါရိုက်တာ ဦးအောင်ကြည်၊ PT Power Trading Co., Ltd ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ Thilawa Special Economic Zone Management Committee မန်နေဂျင်းဒါရိုက်တာ ဦးဆက်အောင်ကိုယ်စား အတွင်းရေးမှူး ဒေါက်တာရွှေဟိန်း၊ Jing Hpaw Aung Jade & Jewellery Co., Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် Myanmar Awba Group ဥက္ကဋ္ဌ ဦးသတိုးဟိန်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ပေးဆောင်ခဲ့ကြသူများ ဖြစ်ကြသည့် Dagon Beverages Co., Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမင်းတူ၊ Myawaddy Trading Ltd မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်စိုးကိုယ်စား ဒါရိုက်တာ ဦးအောင်ကြည်၊ Denko Trading Co., Ltd ဒါရိုက်တာ ဦးဝဏ္ဏခိုင်၊ PT Power Trading Co., Ltd ဥက္ကဋ္ဌ ဦးအောင်ရွှေကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဆွေ၊ Shwe Byain Phyu Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဝင်းဇော်၊ International Beverages Trading Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်၊ Asia Energy Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးသက်ဝေ၊ Royal Myawaddy Distillery Group မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်း၊ City Mart Holding Co., Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်နှင့် Regency Material Trading Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးကျော်သာဦးကိုယ်စား ဒါရိုက်တာ ဦးကျော်မြင့်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယနေ့အခမ်းအနားတွင် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံး ပေးဆောင်ခဲ့သူ ၁၀ ဦးနှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ပေးဆောင်ခဲ့သူ ၁၀ ဦး တို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူတို့သည် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သူများနှင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ပေးဆောင်ခဲ့သူများနှင့် လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဝင်ငွေခွန် အများဆုံးပေးဆောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးစဉ်။ သတင်းစဉ်

# ပြည်သူများ အဓိကစားသုံးနေတဲ့ အစားအစာဖြစ်တာကြောင့် မှန်ကန်တဲ့ဈေးနှုန်းနဲ့ ဆန်ရနိုင်ဖို့ အရေးကြီး

နေပြည်တော် မတ် ၆

**မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ - ၂၀၁၈ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အမှာစကား အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

အစိုးရဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်းရှိတယ်။ ဆန်စပါးအသင်းနဲ့ ဆန်ကုန်သည်ကြီးများဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်း ရှိတယ်။ တောင်သူလယ်သမားများဘက်က တက်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေလည်းရှိတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့ဟာ ဒီလိုပဲ အားလုံးပူးပေါင်းဆောင်ရွက်မှ နိုင်ငံတိုးတက်မှာ ဖြစ်ပါတယ်။ ဘယ်ကဏ္ဍမှာပဲဖြစ်ဖြစ် အစိုးရနဲ့ လုပ်ငန်းရှင်များနဲ့ သက်ဆိုင်ရာ ပြည်သူများ အားလုံးပါဝင်မှ ဖြစ်မှာပါ။ အဲဒါကြောင့် ကျွန်မတို့ အခုဒီ အခမ်းအနားမှာဆိုရင် တောင်သူလယ်သမားကြီးများကို အထူးကြိုဆိုပါတယ်။ တောင်သူလယ်သမားကြီးများကို အခြေခံပြီးတော့ ကျွန်မတို့ နိုင်ငံဟာ ဆန်အများဆုံးထွက်တဲ့ နိုင်ငံတစ်ခုဖြစ်အောင်လို့ အလေးထားနေတာကြောင့်မို့လို့ ဒီလိုကြိုဆိုတဲ့နေရာမှာ ကျွန်မတင်မကဘူး၊ ကျွန်မတို့ အစိုးရအဖွဲ့အားလုံးလည်း ပါဝင်တယ်ဆိုတာကို ပြောကြားချင်ပါတယ်။

### အနိုင်ကျင့်ချင်တဲ့စိတ် မရှိရ

ဆန်စပါးကဏ္ဍဟာ ကျွန်မတို့ မြန်မာနိုင်ငံအတွက် အရေးကြီးပါတယ်ဆိုတာ ထူးထူးထွေထွေ ပြောဖို့မလိုပါဘူး။ ခုနကလည်း ကျွန်မတို့ ဆန်စပါးသမိုင်းကြောင်းကို အားလုံးကြည့်ပြီးဖြစ်ပါတယ်။ တစ်ခုတော့ ကျွန်မမကြိုက်တာပြောရမယ်။ စစချင်း တောင်သူလုပ်တာနဲ့ အရင်တုန်းက တိရစ္ဆာန်တွေ ဘာတွေကို အားကိုးတဲ့သူတွေကို ဒုတ်ဆိုပြီး တုတ်ကြီးနဲ့ ရိုက်တာကို ကျွန်မဘယ်လိုမှ မကြိုက်ပါဘူး။ ဒါက စည်းရုံးယူရမှာ ဖြစ်ပါတယ်။ အစတုန်းက တိရစ္ဆာန်တွေ သတ်သူတစ်ယောက်က ဆန်စပါးစိုက်ပြီး ရှင်သန်နိုင်အောင်လို့ စိတ်ပါလာအောင် စည်းရုံးယူရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ အရာရာမှာ ဒီလိုစိတ်ထား ထားစေချင်တယ်။ မြင်သာတဲ့ နည်းတွေနဲ့ ပညာသားပါပါနဲ့ ဖြစ်စေချင်တဲ့ကိစ္စ ဖြစ်အောင်လို့ ကျွန်မတို့ ညီညွတ်မှုရအောင်လို့ စည်းရုံးတဲ့နည်းနဲ့ ရစေချင်ပါတယ်။ အကြမ်းဖက်တဲ့နည်း၊ အနိုင်ကျင့်တဲ့နည်းတွေကို မသုံးစေချင်ပါဘူးလို့ ကျွန်မပြောပါရစေ။ ကျွန်မတို့ရဲ့ အစိုးရအနေနဲ့ ပြည်သူလူထုကို အနိုင်ကျင့်ဖို့ဆိုတာ လုံးဝစိတ်ထဲမှာ မရှိပါဘူး။ ပြည်သူကလည်း အစိုးရကို အနိုင်ကျင့်ချင်တဲ့ စိတ်မရှိဖို့လိုပါတယ်။ ထို့နည်းတူပဲ ဆန်ကုန်သည်များကြီးတွေကလည်း တောင်သူလယ်သမားတွေကို အနိုင်ကျင့်ချင်တဲ့စိတ် မရှိရဘူး။ တောင်သူလယ်သမားတွေကလည်း ဆန်ကုန်သည်ကြီးတွေကို အနိုင်ကျင့်ချင်တဲ့စိတ် မရှိရဘူး။ တစ်ဦးနဲ့ တစ်ဦးကို ရန်သူလိုမမြင်ဘဲနဲ့ မိတ်ဆွေလို၊ လုပ်ဖော်ကိုင်ဖက်လို မြင်မှသာ အဆင်ပြေမှာ ဖြစ်ပါတယ်။

### အများအကျိုးကိုကြည့်

တစ်ဖက်က တိုးတက်မှ တစ်ဖက်က အောင်မြင်နိုင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်သွားမယ်ဆိုရင် အောင်မြင်မှုဆိုတာဟာ မလွဲမသွေဖြစ်မယ့် ကိစ္စဖြစ်ပါတယ်။ အဲတော့ ကျွန်မတို့ဟာ ဆန်ဟာ ကျွန်မတို့ ပြည်သူပြည်သား အဓိကစားသုံးနေတဲ့ အစားအစာ ပစ္စည်းဖြစ်တာကြောင့်မို့လို့ ဒီနိုင်ငံထဲမှာ မှန်ကန်တဲ့ဈေးနဲ့ ဆန်ရနိုင်ဖို့ အရေးကြီးပါတယ်။ ဒါကိုလည်း ကျွန်မတို့ ကြည့်ရတယ်။ တစ်ဖက်မှာလည်း ကျွန်မတို့ ပြည်ပကို ပို့ဖို့ ပို့ကုန်တစ်ခုအနေနဲ့ ဆန်ဟာ ကျွန်မတို့နိုင်ငံအတွက် အကျိုးအမြတ်ရစေဖို့ ပစ္စည်းတစ်ခု အနေနဲ့ စီးပွားရေးလက်နက်တစ်ခုအနေနဲ့လည်း ကျွန်မတို့ ကြည့်ဖို့လိုပါတယ်။ ဒီလိုနှစ်ခု စလုံးဘက်က ကြည့်မှ ကျွန်မတို့ဟာ အောင်မြင်နိုင်မှာပါ။ ကျွန်မတို့ဟာ အခုဆိုလို့ရှိရင် တောင်သူလယ်သမားတွေကို ဘာသီးနှံစိုက်ပါလို့ မပြောတာဟာ တောင်သူလယ်သမားများဟာ ကိုယ့်ရဲ့လိုအပ်ချက်ကို ကိုယ်နားလည်တယ်။ ကိုယ်ရဲ့ မြေရဲ့ အကောင်းဆုံး အခြေအနေကို ဘယ်လိုဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ အခြေခံယုံကြည်ချက်အရ ကျွန်မတို့ဟာ ကိုယ့်ဘာသာ စိုက်ချင်တာ စိုက်ကြပါ။ သို့သော်လည်း ကိုယ့်အကျိုး၊ အများအကျိုးကိုကြည့်ပြီး စိုက်ကြပါလို့ ပြောချင်ပါတယ်။

အခု ဒီအခမ်းအနားမစခင်မှာ လုပ်ငန်းရှင်ငယ်များနဲ့ လူငယ်လုပ်ငန်းရှင်များနဲ့ တွေ့ပါတယ်။ တွေ့တဲ့အခါကျတော့ အဲဒီမှာ ကျွန်မပြောတာက ကျွန်မတို့ အရေးကြီးတဲ့ ကိစ္စတစ်ခုကတော့ ပညာသစ်တွေ ရယူဖို့ပဲ။ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးများ ဟာ ရဲရဲဝံ့ဝံ့နဲ့ စွန့်စားပြီးတော့ နည်းသစ်လမ်းသစ်တွေကို သုံးရဲရမယ်၊ ရှာရဲရမယ်။ နောက်ပြီးတော့ ကိုယ်ရဲ့ ဘိုးဘွားဘီဘင်တွေ လုပ်ခဲ့တဲ့အတိုင်း အမြဲပဲလုပ်သွားမယ် ဆိုတဲ့ စိတ်မရှိဘဲနဲ့ အရင်ထက်ပိုပြီးတော့ ကောင်းအောင်လို့၊ ခုခေတ်ကမ္ဘာကြီးနဲ့ ဆီလျော်အောင်လို့ နည်းသစ်တွေ ရှာဖို့ဆိုတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ ပြည်ပကို ဆန်တင်တဲ့အခါမှာ တစ်ချိန်တစ်ခါတုန်းကဆိုရင် ကျွန်မတို့နိုင်ငံဟာ ကမ္ဘာ့ရဲ့ ဆန်အိုးကြီးပေါ့။ ကျွန်မတို့နိုင်ငံနဲ့ ယှဉ်နိုင်တဲ့ နိုင်ငံမရှိဘူး။ အခုကတော့ ထိပ်တန်းမှာ မဟုတ်တော့ပေမယ့်လည်း ထိပ်တန်းမှာ ပြန်ပြီးတော့ ရနိုင်တဲ့ အခြေအနေတွေ ပေးနေပါပြီ။ ဒီအခြေအနေတွေကြောင့် တကယ်ပဲ အသီးအပွင့်တွေကို ဖြစ်လာအောင်လို့ဆိုလို့ရှိရင်တော့ အားလုံးဝိုင်းပြီးတော့ ကြိုးစားဖို့ လိုပါတယ်။

### ဈေးကွက်ရှာနည်းက အရေးကြီး

အခု ဒီနှစ်မှာဆိုလို့ရှိရင် ပြည်ပကို ဆန်တန်ချိန် သုံးသန်းကျော် တင်နိုင်တယ်ဆိုတာ နှစ်ပေါင်း ၇၀ အတွင်း ပထမ ဒီလိုဖြစ်လာတာဒီလို ပြန်ပြီးတက်လာတာတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ဒါထက်ပိုပြီး တိုးတက်အောင်လို့တော့ အမြဲပဲ လုပ်နေရမယ်။ လောကနိယာမအရ ဘယ်အရာကမှ ငြိမ်ပြီးတော့ မနေဘူး။ တိုးတက်ရင် တိုးတက်မယ်၊ မတိုးတက်ရင် ဆုတ်ယုတ်မယ်။ ဒီလိုပဲ ငြိမ်ပြီးတော့ နေပြီးတော့ မရှိဘူး။ အဲဒီတော့ ကျွန်မတို့ တိုးတက်အောင် ဆက်ပြီးတော့ လုပ်သွားဖို့ လိုပါတယ်။ အရည်အသွေးတိုးတက်ရေးကလည်းပဲ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ အရည်အသွေးတိုးတက်ရေးဆိုတာ နှစ်မျိုးပါ။ လက်ရှိ ကိုယ်ထုတ်နေတဲ့ ကုန်တွေ၊ ဆန်ဆိုလည်း ဆန်စပါးပေါ့။ ဆန်စပါးအရည်အသွေး တိုးတက်ရေးလည်းဖြစ်တယ်။ အရည်အသွေး ပစ္စည်းသစ်တွေ ထွက်လာဖို့လည်း လိုပါတယ်။ အဲဒါကြောင့် ကမ္ဘာ့ရဲ့ အခြေအနေ၊ ကမ္ဘာမှာရှိတဲ့ လူသားတွေရဲ့လိုအပ်ချက်တွေ၊ အကြိုက်တွေကို တစ်ချိန်လုံး လေ့လာနေဖို့ လိုပါတယ်။ ဘယ်လိုဆန်မျိုးကို လူတွေကကြိုက်တာလဲ၊ ဘယ်လိုဆန်မျိုးက ဈေးကွက်ရှိလဲ၊ အဲဒါကတစ်ဖက်၊ တစ်ဖက်ကလည်း ကျွန်မတို့ ရောင်းချင်တဲ့ ဆန်ကို ဝယ်ချင်အောင်လို့ အဲဒီနည်းတွေလည်း ရှာရမှာပါ။ အဲဒါက ဈေးကွက်ရှာနည်း။ Marketing ပေါ့။ ဈေးကွက်ရှာနည်းကလည်း အရေးကြီးပါတယ်။ ကိုယ့်ရဲ့ ပစ္စည်း၊ ကိုယ်ထုတ်တဲ့ ပစ္စည်းဟာ ဘယ်လောက်ပဲ အရည်အသွေးကောင်းကောင်း၊ ဈေးကွက်မရှာတတ်လို့ ရှိရင် ဒီဟာ စီးပွားရေးအတွက် အကျိုးအမြတ်မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို ကျွန်မတို့ဟာ အရည်အသွေး တက်အောင်လည်း လုပ်ရမယ်။ နောက်ပြီး အရည်အသွေးတက်အောင် လုပ်တဲ့အခါမှာ ကျွန်မတို့ စီးပွားရေးမျက်စိနဲ့ ကြည့်တဲ့အခါမှာ သိပ်ပြီးတော့ ကျဉ်းကျဉ်း မြောင်းမြောင်း ကြည့်ဖို့မလိုပါဘူး။ စောစောက ပြသွားတဲ့အထဲမှာလည်း ဒီဥစ္စာနဲ့ ပတ်သက်လို့ မြေသြဇာနဲ့ ပတ်သက်လို့၊ ဓာတ်မြေသြဇာ၊ ဇီဝမြေသြဇာ၊ ဓာတုမြေသြဇာ မျှတအောင်လို့ သုံးတတ်ရမယ်ဆိုတာ ဒါမှသာလျှင် ဒါပေမယ့်လည်း ကျွန်မတို့ ခေါင်းထဲမှာ ထားရမှာက ကမ္ဘာကြီးက ဘယ်ဘက်ကိုရွေ့နေလဲ၊ ဘယ်ဘက်ကို ရွေ့နေတယ်ဆိုတာ တော်တော်များများလည်း သိကြမှာပါ။ Organic Farming ပေါ့။ သဘာဝကိုပဲ အခြေခံတဲ့ အစားကုန်ပစ္စည်းတွေ ထုတ်တဲ့ဘက်ကို ရွေ့နေတယ်။



**“ကျွန်မတို့နိုင်ငံရဲ့ စပါးဈေး၊ ပြည်တွင်းစပါးဈေး တည်ငြိမ်ဖို့ဆိုတာလည်း အရေးကြီးတယ်၊ တစ်ချိန်တည်းမှာပဲ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေရဲ့ အခြေအနေက ပိုပြီးတိုးတက်လာဖို့လည်း အရေးကြီးပါတယ်၊ အဲဒါကြောင့်မို့ ကျွန်မတို့ စိုက်ပျိုးရေးဝန်ကြီးနဲ့ ဆန်ကုန်သည်ကြီးများအသင်းနှင့် ညှိနှိုင်းပြီးတော့ ဒီလိုအဖြေတစ်ခု ပေါ်လာတာဖြစ်”**

### ပိုပြီးကြိုးစားနိုင်မှ တန်းတူဖြစ်နိုင်

ဘာဖြစ်လို့လဲဆိုတော့ ဒီလိုထုတ်တဲ့ အစားကုန်ပစ္စည်းတွေဟာ လူရဲ့ကျန်းမာရေး အတွက် အကောင်းဆုံးပဲဆိုတာ တဖြည်းဖြည်း ပိုပိုပြီးတော့ ထင်ရှားလာတယ်။ ပြီးတော့ ကမ္ဘာကြီးမှာ ခြုံငုံပြီး ကြည့်လိုက်မယ်ဆိုရင် လူတွေရဲ့သက်တမ်းက ရှည်လာတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေက ကောင်းလာတယ်။ ဒါပေမယ့် အသက်ရှည်လာတာနဲ့အမျှ လူတွေဟာ၊ လူသားတွေဟာ ကျန်းမာချင်တယ်။ အသက်ရှည်ပြီး မကျန်းမာရတာက ခန္ဓာဝန်ထုပ်ကြီးဟာ ပိုပိုပြီး လေးလေးလာတယ်ပေါ့။ အဲဒါကြောင့်မို့ ကျန်းမာရေးနဲ့ ကိုက်ညီတဲ့ စားသုံးကုန်တွေ ထုတ်လုပ်ရေးဆိုတာဟာ ကျွန်မတို့အတွက်လည်း ကောင်းတယ်၊ ကျွန်မတို့ စီးပွားရေးအတွက်လည်း ကောင်းတယ်၊ ကျွန်မတို့ ကျန်းမာရေးအတွက်လည်း ကောင်းတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့ဟာ ဒီလိုနည်းသစ်တွေ ဘာတွေကို ရှာတဲ့အခါမှာ အရှေ့ကိုလှမ်းပြီးတော့ ကြည့်စေချင်တယ်။ အရှေ့ကို လှမ်းပြီးတော့ မြင်စေချင်ပါတယ်။ တခြားသူတွေထက် အမြဲပဲ တစ်လှမ်း၊ နှစ်လှမ်းလောက် ပြေးနိုင်မှ တော်တော်ရယ်ပါ။ ကျွန်မတို့ လွှတ်လပ်ရေးရခါနီးအချိန်မှာ ဖေဖေပြောခဲ့တဲ့ စကားတစ်ခု ရှိပါတယ်။ တခြားသူတွေ လမ်းလျှောက်တဲ့အချိန်မှာ ကျွန်မတို့ ပြေးမှတော်ရုံပဲတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အင်မတန်မှ စစ်တွင်းတုန်းက ထိခိုက်ခဲ့တာတွေ ရှိတဲ့အတွက်ကြောင့် ဒီလိုကိုယ်ကနေ ပိုပြီးကြိုးစားနိုင်မှ တခြားသူတွေနဲ့ တန်းတူဖြစ်နိုင်မယ်ဆိုပြီး ပြောခဲ့တာ၊ တစ်ခါတလေလည်း ဝမ်းနည်းစရာပေါ့။ အခုခေတ်လည်း ဒီလိုပဲ ဆက်ပြီးပြောရမလိုတောင်ဖြစ်နေပြီ။ ကျွန်မတို့ အခုအချိန်မှာ ပြေးမှ တခြားသူတွေ လမ်းလျှောက်နေတဲ့သူတွေကို မီမှာဖြစ်ပါတယ်။ တိုးတက်မှုဟာ ကျွန်မတို့နိုင်ငံမှာ အနောက်ကနေ ကျခဲ့တာဟာ ဆယ်စုနှစ်တွေနဲ့ ချီခဲ့ပါတယ်။

ဒီဟာတွေအတွက် ကျွန်မတို့ ပိုပြီးတော့ ကြိုးစားရမယ်။ အထူးသဖြင့် လူငယ်များဟာ ပိုပြီးတော့ ကြိုးစားဖို့လိုပါတယ်။ အခု နည်းပညာ ထိထိရောက်ရောက် အသုံးပြုရေးကိုလည်း ကျွန်မတို့အစိုးရအနေနဲ့ရော၊ လုပ်ငန်းရှင်တွေအနေနဲ့ရော အလေးထားတယ်ဆိုတာ အားလုံးသိပြီးသားဖြစ်မှာပါ။ ကျွန်မတို့ ဒီလို နည်းပညာသုံးတဲ့အနေရာမှာ နည်းပညာသုံးတာဟာ ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးအတွက်လည်း ဖြစ်ရမယ်၊ လယ်ယာစိုက်ပျိုးမှုကဏ္ဍအတွက်လည်း ဖြစ်ရမယ်။ ကျွန်မတို့ရဲ့ကမ္ဘာကြီးဟာ ဘယ်လိုပဲ တိုးတက်တယ်၊ တိုးတက်တယ် ပြောပြော နောက်ဆုံးကျတော့ အစားမစားလို့ မရဘူး။ ကျွန်မတို့ လူသားတွေ အစားအစာတော့ အမြဲလိုမှာပဲ၊ အစာအာဟာရဟာ အမြဲပဲလိုနေမှာပဲ၊ စားကုန်ထုတ်တယ်ဆိုတာ ကျွန်မအမြဲပဲ ပြောပါတယ်။ နောက်ဆုံးကျတော့ မြေကြီးက ထွက်တာပဲ၊ ဘယ်လိုပဲ စက်ရုံသွားပြီး ဘယ်လိုပုံစံပဲထုတ်ထုတ်၊ ဥပမာဆိုပါတော့၊ မုန့်တွေထုတ်တယ်။ စက်ရုံမှာထုတ်တယ်။ မုန့်တွေလုပ်တဲ့ ဂျုံတို့ ဆန်တို့ဆိုတာဟာ ပထမဦးဆုံးမြေကြီးကပဲ ထွက်တာပဲ၊ မြေကြီးကထွက်ပြီးမှ သူရဲ့လမ်းကြောင်းအတိုင်း သွားပြီး နောက်ဆုံးကျ အထုပ်ကလေးနဲ့ မုန့်ကလေးနဲ့ ဈေးဆိုင်ထဲ ရောက်လာတာပေါ့။ အဲဒီတော့ ကျွန်မတို့ရဲ့လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ အရေးကြီးပါတယ်။ ကမ္ဘာကြီးရဲ့ အစားအစာဖူလုံမှုအတွက် သိပ်ပြီးတော့ အရေးကြီးပါတယ်။ ဒါကြောင့် တချို့ကနေပြီးတော့ စက်မှုနိုင်ငံဖြစ်ဖို့၊ စက်မှုနိုင်ငံဖြစ်ဖို့ ဒါလည်းအရေးကြီးတယ်။ စက်မှုနိုင်ငံဆိုတာဟာ လယ်ယာစိုက်ပျိုးကို အခြေခံပြီးတော့ အားကိုးတဲ့ ပြည်သူပြည်သားများလို့ စက်မှုနိုင်ငံမဖြစ်နိုင်ဘူးဆိုတာ မဟုတ်ပါဘူး။ ဒီနှစ်ခုကို ချိတ်ဆက်ပြီးလုပ်ဖို့ လိုပါတယ်။ကမ္ဘာမှာ လူသားတွေဟာ တခြားပဲစွန့်လွှတ်စွန့်လွှတ် နောက်ဆုံးကျတော့ အစာကို စွန့်လွှတ်လို့ မရပါဘူး၊ လူသားအများစုရဲ့လိုအပ်ချက်ကို ကျွန်မတို့က ကြည့် ပြီးတော့ အလုပ်လုပ်ဖို့ လိုပါတယ်။ နည်းပညာတွေကို သုံးတဲ့နေရာမှာဆိုလို့ရှိရင် တစ်ကမ္ဘာလုံးမှာ ဘာတွေ တိုးတက်မှုတွေရှိနေလဲ၊ ကမ္ဘာ့လူသားတွေရဲ့ လိုအပ်ချက်တွေက ဘာတွေရှိနေလဲ၊ ကျွန်မတို့က ဘယ်လိုပုံစံနဲ့ဈေးကွက်တွေကို ရှာမလဲ၊ ဘယ်သူ့ဆီကနေ နည်းသစ်တွေ သင်ယူနိုင်မလဲဆိုတာ သင်ယူတဲ့အပြင် ကျွန်မတို့နိုင်ငံ တောင်သူလယ်သမားတွေ အတွက် ယဉ်ကျေးမှုအသစ်တစ်ရပ်ကို အားပေးချင်တယ်။

### မှန်ကန်တဲ့နည်းနဲ့ ပြောင်းလဲ

အဲဒါက ဘာလဲဆိုတော့ တောင်သူလယ်သမားမျိုးရိုးက ပေါက်ဖွားလာတဲ့ လူငယ်များဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာနေပြီးတော့ တိုးတက်နိုင်တဲ့ ခေတ်မီနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဖြစ်လာစေချင်ပါတယ်။ နိုင်ငံတော်တော်များများကဆိုရင် အင်မတန်မှ တိုးတက်နေတဲ့ နိုင်ငံတွေတချို့မှာဆိုရင် ရွာတွေက လူမရှိတော့ဘူး ခြောက်ကပ်နေတယ်၊ ခြောက်ကပ်သွားတယ်။ လူငယ်တွေက ရွာတွေကနေပြီးတော့ စွန့်ခွာသွားပြီးတော့ မြို့ကြီးတွေကို သွားကြတယ်။ အဲဒီတော့ လယ်ယာစိုက်ပျိုးရေး အတွက်လည်း ပြဿနာတွေတက်လာတယ်။ ဒါတွေကို ကျွန်မတို့က သင်ခန်းစာ ယူပြီးတော့ ဒါတွေဖြစ်ဖို့လိုသလား။ကျွန်မတို့ရဲ့တောင်သူလယ်သမားတွေရဲ့သားသမီး တွေ၊ မြေးမြစ်တွေဟာ ကိုယ့်ရဲ့ဘိုးဘွားဘီဘင် အစဉ်အဆက်နေခဲ့တဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတဲ့ဒေသတွေမှာနေပြီးတော့ စီးပွားရေးအရကော မဖွံ့နိုင်ဘူးလား။ အဲဒါကို ကျွန်မစဉ်းစားစေချင်ပါတယ်။ အဲဒီဟာကို စီးပွားရေးအတွက် အစားအစာလိုအပ်ချက် အပေါ်မှာ အခြေခံပြီးတော့ စဉ်းစားစေချင်တယ်။ နောက်ပြီးတော့ ကျွန်မတို့ နိုင်ငံရဲ့ လုပရေး၊ တည်ငြိမ်ရေး၊ စိမ်းလန်းစိုပြည်ရေးအပေါ်မှာ အခြေခံပြီးတော့လည်း စဉ်းစား စေချင်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ နည်းသစ်တွေရှာတဲ့အခါ မှာ ပတ်ဝန်းကျင်ကို မထိခိုက်မယ့် နည်းတွေကိုရှာတတ်ဖို့လိုပါတယ်။ ပတ်ဝန်းကျင်ကို ဘယ်တော့မှ မပြောင်းလဲဘူးဆိုတာ မဖြစ်နိုင်ပါဘူး၊ အချို့က သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ထိန်းသိမ်းတယ်ဆိုတာ ဘာမှမပြောင်းရဘူးလို့ ထင်ပါတယ်၊ ဘာမှမပြောင်းရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ ပြောင်းလဲသင့်တာ ပြောင်းရမှာပဲ။ စောစောကပြသွားတဲ့အထဲမှာ တိရစ္ဆာန်တွေကို ရိုက်နေရတဲ့ အဆင့်ကနေပြီးတော့ တောင်သူက ထွန်စက်နဲ့ဆော်လိုက်တာနဲ့ပဲ လယ်ယာစိုက်ပျိုးရေးဘက်ကို ရောက်သွားသလိုပေါ့။ ပြောင်းလဲတာတော့ ပြောင်းလဲ ရမှာပဲ။ မှန်ကန်တဲ့နည်းနဲ့ ကျွန်မတို့ ပြောင်းလဲရမယ်။ လုံးဝမပြောင်းဘဲနဲ့ ဒီအတိုင်းပဲ နေသွားမယ်ဆိုတာ ဖြစ်နိုင်မှာမဟုတ်ပါဘူး။

ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးများဟာ မိမိတို့ရဲ့ မိသားစုများ လယ်ယာစိုက်ပျိုးခြင်းရဲ့ဂုဏ်သိက္ခာ၊ လယ်ယာစိုက်ပျိုးခြင်းရဲ့တန်ဖိုးကိုလည်း နားလည်အောင်လို့ လုပ်ပေးစေ ချင်တယ်။ ဒါဟာကိုလည်း ကျွန်မတို့အစိုးရက ဒီဘက်မှာ ကူညီမစပေးစေ ချင်တယ်။ လယ်ယာကဏ္ဍဆိုတာဟာ အထင်သေးစရာ ကဏ္ဍမဟုတ်ဘူး၊ လယ်ယာ ကဏ္ဍဟာ နည်းပညာအမျိုးမျိုးတိုးတက်နိုင်တဲ့ အခွင့်အရေးတွေလည်းရှိတယ်။ ဒီလို တိုးတက်ခြင်းအားဖြင့် ကျွန်မတို့ရဲ့နိုင်ငံဟာ တခြားနိုင်ငံတွေနဲ့မတူ လယ်ယာစိုက်ပျိုး ရေးကဏ္ဍကို အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတစ်ခုဖြစ်အောင်လို့ ကျွန်မတို့ မလုပ်နိုင်ဘူးလား၊ ဒါတွေကို ကျွန်မတို့ကနေပြီးတော့ တီထွင်ဉာဏ်နဲ့ ရဲရဲရင့်ရင့် စဉ်းစား ပြီးတော့ အကောင်အထည်ဖော်စေချင်ပါတယ်။ ဒီတောင်သူလယ်သမားများ အခွင့် အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးပေါ့နော်၊ ဒါနဲ့ ပတ်သက်လို့ရှိရင် လည်း ကျွန်မတို့ ပထမအကြိမ် လွှတ်တော်ကနေပြီးတော့ စပြီးတော့ ဥပဒေပြဋ္ဌာန်း ခဲ့ပါတယ်။

### စနစ်တကျ ပြုပြင်ပြောင်းလဲမှုတွေလုပ်ထား

အဲဒီဥပဒေပြဋ္ဌာန်းတဲ့ အချိန်မှာတုန်းက ကျွန်မလည်း လွှတ်တော်ထဲမှာ ရှိတဲ့အခါ ကျတော့ ဒါတွေနဲ့ ပတ်သက်တဲ့ ဆွေးနွေးတဲ့အခါမှာလည်း ပါခဲ့ပါတယ်။ တော်တော်ကို အလေးထားပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဘယ်ဥပဒေမဆို ပြင်စရာမလိုဘူးဆိုတာတော့ မရှိပါဘူး။ ခေတ်နဲ့အညီ လိုအပ်သလိုတော့ ပိုပြီးတော့ ကောင်းအောင်လုပ်သွားဖို့ ဖြစ်ပါ တယ်။ ဒီဥပဒေဟာ တောင်သူလယ်သမားကြီးတွေရဲ့အကျိုးကို ကာကွယ်ဖို့၊ တောင်သူ လယ်သမားကြီးအကျိုးကို ကာကွယ်ဖို့ဆိုတာထက် ကျွန်မတို့နိုင်ငံရဲ့အကျိုးကို ကာကွယ် ဖို့ပဲဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဥပဒေထွက်လာတာဟာ ကျွန်မတို့ လယ်ယာဖွံ့ဖြိုးရေး အတွက် အများကြီးအထောက်အကူပြုမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ အရင်တုန်း က ဥပဒေကို ပြဋ္ဌာန်းစဉ်ကလည်းယုံကြည်တယ်၊ အခုလည်း ဆက်ပြီးတော့ ယုံကြည်ပါ တယ်၊ အခုဆိုလို့ရှိရင် တောင်သူလယ်သမားတွေရဲ့ အကျိုးအတွက် ကျွန်မတို့ လုပ်ဆောင်တဲ့အထဲမှာဆိုလို့ရှိရင် ယခင်က တစ်ဧက တစ်သိန်းပေးတာကို တစ်သိန်းခွဲ အစိုးရက ပံ့ပိုးပါတယ်။ နောက်ပြီးတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စနစ်တကျ ပြုပြင်ပြောင်းလဲမှုတွေလုပ်ထားတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေအတွက် ပိုပြီးတော့ အထောက်အကူဖြစ်နိုင်မယ်လို့ ကျွန်မတို့က ယုံကြည်ပါတယ်။

*စာမျက်နှာ ၅ သို့*

*ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားအား စာမျက်နှာ ၄ တွင် ဖော်ပြ ထားပါသည်)**

ထို့နောက် စပါးစိုက်တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင် ဖော်ဆောင်ပေးနိုင်မည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာသည်။ **(အဆိုပါထုတ်ပြန်ကြေညာချက်ကို စာမျက်နှာ ၂ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အကြံပြုတင်ပြချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး K.W.N.D Karunaratne က မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀ လှူဒါန်းပေးမှုနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ - ၂၀၁၈ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ - ၂၀၁၈ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းကို ကြည့်ရှုစဉ်။** သတင်းစဉ်

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ - ၂၀၁၈ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဆွေးနွေးပွဲတွင် တောင်သူလယ်သမားများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် စပါးစိုက်တောင်သူများအတွက် အကျိုးအမြတ်ရရှိရေး ခေါင်းစဉ်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးစင်တာ ညွှန်ကြားရေးမှူး ဒေါက်တာ ဥမ္မာခိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်း၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူနှင့် မျိုးစေ့ထုတ်လုပ်သူ ဦးစိုးလင်းထွန်းတို့က လည်းကောင်း၊ ဆန်စက်လုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ သိုလှောင်နိုင်မှု စွမ်းရည်တိုးမြှင့်ရေးနှင့် အရည်အသွေး စံချိန်စံညွှန်းများ ကောင်းမွန်စေရေး ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဆန်စက်နည်းပညာ ကျွမ်းကျင်ပညာရှင် ဒေါက်တာရဲအောင်၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဝေရည်လင်းနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ အကြံပေး Dr.Larry Wong တို့က လည်းကောင်း၊ ရေရှည်တည်တံ့အောင်မြင်စေရေးအတွက် ဆန်းသစ်တီထွင်ဆောင်ရွက်ရန်လိုအပ်မှုနှင့် ခေတ်ကာလနှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲရန်လိုအပ်မှုများအပေါ် ဆွေးနွေးခြင်းခေါင်းစဉ်နှင့် စပ်လျဉ်း၍ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းနှင့် မျိုးစေ့ထုတ်လုပ်သူ ဦးဌေးရှိန်တို့က လည်းကောင်း၊ ပို့ကုန်မြှင့်တင်ရေး၊ ဈေးကွက်များ ရေရှည်ရရှိစေရေး ခေါင်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခဒေါက်တာသိင်္ဂီမြင့်တို့ကလည်းကောင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးနှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပပြီး ပြည်တွင်းပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

တစ်နှစ်နဲ့တစ်နှစ် ဒီထက်ပိုပြီးတိုးတက်အောင်လို့ ကျွန်မတို့က ကြိုးစားသွားမှာဖြစ်ပါတယ်။ အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းကိစ္စ၊ အဲ့ဒါက စပါးစိုက်တဲ့ တောင်သူလယ်သမားတွေရဲ့ ဝင်ငွေနဲ့ အကျိုးစီးပွားကို အာမခံဖြစ်စေဖို့အတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က ၂၀၁၈ ခုနှစ် မိုးစပါးရာသီမှာ စိုက်ပျိုးထုတ်လုပ်တဲ့ စပါးသီးနှံအတွက် အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းကို ဒီနေ့အခမ်းအနားမှာ ထုတ်ပြပေးမှာဖြစ်ပါတယ်တဲ့၊ ကျွန်မက မထုတ်ပြရင် မတက်ဘူးလို့ ပြောထားပါတယ်။ အဲ့တော့ ထုတ်ပြကို ထုတ်ပြရမှာဖြစ်ပါတယ်။ ဒါဟာ ဘာကို ပြတာလဲဆိုတော့ ကျွန်မတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်တဲ့ တစ်ဖက်အကျိုးအတွက်ပဲ လုပ်နေတာ မဟုတ်ပါဘူး။ ကျွန်မတို့ ရဲ့ဆန်ကုန်သည်ကြီးတွေက ငါတို့သူဌေးဖြစ်ဖို့ဆိုတဲ့ စိတ်ဓာတ်ကြီးတွေနဲ့ လုပ်နေတာမဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံရဲ့စပါးဈေး၊ ပြည်တွင်းစပါးဈေး တည်ငြိမ်ဖို့ဆိုတာလည်း အရေးကြီးတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေရဲ့အခြေအနေက ပိုပြီးတိုးတက်လာဖို့လည်း အရေးကြီးပါတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့ စိုက်ပျိုးရေးဝန်ကြီးနဲ့ ဆန်ကုန်သည်ကြီးများအသင်းနှင့် ညှိနှိုင်းပြီးတော့ ဒီလိုအဖြေတစ်ခုပေါ်လာတာဖြစ်ပါတယ်။ ဒီဟာပေါ်လာတဲ့အတွက် ကျွန်မအများကြီးကျေးဇူးတင်တယ်၊ အဘက်ဘက်ကိုကျေးဇူးတင်ပါတယ်။ ကျွန်မတို့ရဲ့ဆန်ကုန်သည်ကြီးများကိုလည်း ကျေးဇူးတင်တယ်။ ဒီဟာကို ဖြစ်အောင်လို့ စိတ်ရှည်လက်ရှည်နှင့် ဆွေးနွေးခဲ့ပေးတဲ့ ဝန်ကြီး ဒေါက်တာအောင်သူကိုလည်း ကျေးဇူးတင်တယ်။ ဒီလိုပါဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးတဲ့ တောင်သူလယ်သမားကြီးများကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီဟာတွေနှင့်ပတ်သက်လို့တော့ ကျွန်မက အသေးစိတ်မပြောတော့ပါဘူး။ ကျွန်မက ရှင်းရှင်းပဲပြောတာ၊ အဲဒါကြေညာရင် ကြေညာ၊ မကြေညာနိုင်ရင် မတက်ဘူးပေါ့၊ ကျန်တာတွေကိုတော့ကိုကိုယ့်ဘာသာကိုယ် ရှင်းပေါ့။ အသေးစိတ်ကို ကြေညာချက်ထဲမှာ အားလုံးအသေးစိတ်ပါပြီးဆိုတော့ ကျွန်မဒီမှာ မပြောတော့ပါဘူး၊ အားလုံးကလည်း ကြိုဆိုမယ်လို့ ထင်ပါတယ်။ ဒါဟာ အစပဲပေါ့နော်။ ကျွန်မတို့ ပူးပေါင်းဆောင်ရွက်ခြင်း လယ်ယာကဏ္ဍနဲ့ပတ်သက်လို့ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းရဲ့အစလိုပဲမြင်စေချင်ပါတယ်၊ အဆုံးမဟုတ်ပါဘူး၊ အစမို့လို့ နောင်တိုးတက်မှုတွေရလာမယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။

ဒီမှာ စိုက်ပျိုးရေး သုတေသနနှင့်ပတ်သက်ပြီးတော့ ကျွန်မတို့နိုင်ငံမှာ ဒီကဏ္ဍမှာအားနည်းနေတယ်ဆိုပြီး သတိပေးဖို့ ကျွန်မကို ပြောထားပါတယ်။ ကျွန်မကလည်း ဒါသိပါတယ်၊ အစကလည်း ကျွန်မတို့ရဲ့လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွေကို မြန်မာတို့နိုင်ငံ ပညာရေးပေါ့နော်၊ ပညာရေးကဏ္ဍမှာ သုတေသနဘက်မှာ အားနည်းနေတာကို ကျွန်မတို့ သတိပြုမိပါတယ်။ သုတေသနဘက်မှာ အားသန်တယ်ဆိုတာ ကျွန်မတို့ရဲ့ တီထွင်မှုအသစ်တွေဖြစ်နိုင်ဖို့ ကျွန်မတို့နိုင်ငံရဲ့ တိုးတက်မှုအတွက် အားတွေဖြစ်နိုင်တယ်။ ဒါတွေကို ကျွန်မတို့ အားထားပါတယ်။ သုတေသနလုပ်တယ်ဆိုတာ တချို့ဘာလုပ်မှာလဲပေါ့၊ သုတေသနလုပ်လည်း ဘယ်ရောက်မှာလဲ၊ သုတေသနမှန်မှန်ကန်ကန် ကိုယ့်နိုင်ငံအပေါ် လိုအပ်ချက်တွေမှာ အခြေခံပြီးတော့လုပ်လို့ရှိရင် အများကြီး ကျွန်မတို့အတွက် အကျိုးစီးပွားဖြစ်နိုင်ပါတယ်။ အရေးကြီးတာက ရာသီဥတုပြောင်းလဲရေးနဲ့ပတ်သက်လို့ သုတေသနလုပ်ဖို့လိုပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အခုကတည်းက စပြီးလုပ်နေပါတယ်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဘယ်လိုစိုက်ပျိုးရေးကဏ္ဍမှာ အပြောင်းအလဲတွေဖြစ်လာနိုင်မလဲ၊ ရာသီဥတုပြောင်းလဲမှုနဲ့ဆီလျော်အောင် ဘယ်လိုပုံစံနဲ့ ပြောင်းရမလဲဆိုတဲ့ သုတေသနတွေကို တချို့နိုင်ငံတွေက လုပ်နေပါပြီ၊ ကျွန်မတို့နိုင်ငံလည်း အင်မတန်မှ အရေးကြီးပါတယ်၊ မုတ်သုံရာသီဆိုအရင်တုန်းကလို မဟုတ်တော့ပါဘူး၊ ကျွန်မတို့ ငယ်ငယ်ကဆိုရင်တိတိကျကျကို တွက်လို့ရတယ်။ မေလ ၁၅ ရက်နေ့ လောက်ဆိုရင် မိုးစပြီး အောက်တိုဘာလ ၁၅ ရက်နေ့လောက်ဆိုရင် မိုးပြတ်ပြီ၊ အခုတော့ ဒီလိုမဟုတ်တော့ဘူး၊ အခုတော့ ဒီလိုမဟုတ်တဲ့အပြင် မုန်တိုင်းတွေဝင်လာလို့ရှိရင် တချို့တွေက မထင်မှတ်ဘဲနဲ့ဖြစ်တယ်၊ အရေးပေါ်ဖြစ်တယ် လို့ထင်ကြတယ်။ အဲဒါတွေဟာ မထင်မှတ်ဘဲ ဖြစ်တဲ့ဟာတွေမဟုတ်ပါဘူး၊ ပုံစံသစ်လို့ ကျွန်မတို့ မြင်ရပါမယ်။ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးများရော၊ ကျွန်မတို့ သုတေသနလုပ်တဲ့ ပညာရှင်များပါ ကျွန်မတို့ ပုံစံသစ်ဖြစ်တဲ့ ရာသီဥတုပြောင်းလဲမှုအပေါ်မှာ အခြေခံပြီးတော့ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးဖို့အတွက် ဘာတွေလုပ်ဖို့လိုလဲဆိုတာကို စဉ်းစားဖို့အင်မတန်မှ အရေးကြီးပါတယ်။

ဒီမှာ စွန့်ပစ်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပြောင်းလဲရေးတဲ့ ဒါဟာ လယ်ယာ စိုက်ပျိုးရေးကဏ္ဍမှာ ကျဉ်းမြောင်းတဲ့ကဏ္ဍမဟုတ်ဘဲနဲ့ ကျယ်ကျယ်ဝင့်ဝင့်ဖြစ်လာအောင်လို့ ကြိုးစားမှုတစ်ရပ်ဖြစ်ပါတယ်။ ကိုယ်ရဲ့ဘေးထွက်ပစ္စည်းတွေ စွန့်ပစ်ပစ္စည်းတွေ ဖွဲ၊ စပါးခွံတို့ အလကားမဖြစ်ဘဲနဲ့ အသုံးကျအောင်လို့ ဆီထွက်အောင်လို့ စွမ်းအင်ထွက်အောင်လို့ ဒီလိုလုပ်နည်းတွေကို ကျွန်မတို့ရှာရမယ်။ လုပ်နည်းတွေကလည်းဈေးမှန်ရမယ်၊ လုပ်တာက မတန်မဆဈေးကြီးနေလို့ရှိရင် ဒါဟာ လက်တွေ့မကျပါဘူး။ အဲဒါကြောင့် ဒီလိုနည်းသစ်တွေကို ထွင်တဲ့နေရာမှာ စောစောက ကျွန်မပြောသလိုပဲ ကျွန်မတို့ရဲ့ တောင်သူလယ်သမား သားသမီးများဟာ တက်တက်ကြွကြွနဲ့ ငါတို့ကြီးလာလို့ရှိရင် ငါတို့က တီထွင်တဲ့ ပုဂ္ဂိုလ်တွေ၊ နည်းသစ်တွေထွင်တဲ့ ပုဂ္ဂိုလ်တွေ၊ နည်းသစ်တွေရှာတဲ့ ပုဂ္ဂိုလ်တွေ၊ သုတေသနမှာ အောင်မြင်တဲ့ ပုဂ္ဂိုလ်တွေ ငါတို့ရဲ့ ဘိုးဘွားဘီဘင်တွေ အဆက်ဆက်လုပ်ခဲ့တဲ့ လယ်ယာကဏ္ဍကို တကယ့်ခေတ်မီတိုးတက်တဲ့ လယ်ယာကဏ္ဍဖြစ်သွားအောင် လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုတဲ့ ယုံကြည်ချက်တွေနဲ့ ပြည့်ဝအောင်လို့ ကျွန်မတို့အစိုးရလည်း တတ်နိုင်သမျှ ပံ့ပိုးကူညီပေးရမယ်။ ပညာရေးကဏ္ဍဘက်ကလည်း ပံ့ပိုးပေးရမယ်။ ကျွန်မတို့ ဆန်ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များကလည်း ငွေရေးကြေးရေးနဲ့ ထောက်ပံ့သင့်တဲ့ ဘက်ကနေ ထောက်ပံ့ပေးဖို့လိုမယ်။

တောင်သူလယ်သမားကြီးများကိုယ်တိုင်ကလည်း တာဝန်ယူပြီးတော့ ထောက်ပံ့ပေးဖို့ လိုပါလိမ့်တယ်။ ဒီလိုကျွန်မတို့ အဘက်ဘက်ကနေ လုပ်မယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ မလွဲမသွေအောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မတို့ နိုင်ငံဟာ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရတယ်။ တစ်ခုမဟုတ် တစ်ခုပေါ့နော်။ တစ်နေ့တစ်မျိုး မရိုးရဘူး။ ဒါတွေက စိန်ခေါ်မှုတွေပဲ၊ ကျွန်မတို့အားလုံးက ညီညီညွတ်ညွတ်နဲ့ ရင်ဆိုင်လို့ရှိရင် မကျော်လွှားနိုင်တာ ဘာမှမရှိပါဘူး။ ဒါ့ကြောင့်မို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါ။ ကိုယ်ရဲ့နိုင်ငံရဲ့ညီညွတ်မှုအင်အားပေါ်မှာ ယုံကြည်မှုရှိပါ။ အခုစပြီးတော့ ဒီခန်းမကနေ ညီညွတ်မှုအင်အားကို ပြလိုက်တာပါပဲ။ အစိုးရပါတယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေပါတယ်၊ တောင်သူလယ်သမားတွေပါတယ်။ ဒီသုံးစုသုံးဖွဲ့ ဒီထဲမှာ ပညာရှင်တွေကတော့ အစိုးရဘက်လည်းပါပါတယ်။ လုပ်ငန်းရှင်တွေ ဘက်ကလည်း ပါပါတယ်။ တောင်သူလယ်သမားတွေဘက်ကလည်း ပါပါတယ်။ ပညာရှင်ဆိုတာလည်း အရေးကြီးပါတယ်။ သုံးဘက်တင် မဟုတ်ဘူး။ လေးဘက်ပေါ့။ ပညာရှင်တွေ အားလုံးပါလာပြီးတော့ ကျွန်မတို့ လက်တွဲပြီးတော့ လုပ်လို့ရှိရင် နောက်နှစ် ဒီလိုဒီအချိန်မှာ တိုးတက်မှုရှိရင် ကျွန်မနောက် တစ်ခါပြန်လာတက်မယ်။ တိုးတက်မှုရှိနိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

တစ်နှစ်ထက် တစ်နှစ်၊ တစ်ရက်ထက် တစ်ရက်၊ တစ်လနဲ့ တစ်လ တိုးတက်မှုရှိအောင်လို့ အားလုံးဝိုင်းပြီး ကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါကြောင့် ဒီနေ့အခမ်းအနားကို တက်လာတဲ့ ကျွန်မတို့ရဲ့ပြည်သူပြည်သားများ အားလုံး၊ မိတ်ဆွေရဲဘော်ရဲဘက်များအားလုံးဟာ လက်တွဲပြီးတော့ မြန်မာနိုင်ငံ ဆန်စပါးတိုးတက်ရေး၊ မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေး၊ မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍ တိုးတက်ရေး၊ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိပြီးတော့ အင်မတန်မှ အင်အားတောင့်တင်းတဲ့ နိုင်ငံအဖြစ်ရပ်တည်ရေးအတွက် ဝိုင်းဝန်းပြီးတော့ လုပ်ပေးနိုင်ကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်။

# နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မတ် ၄ ရက် နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့်အတူ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော တစ်ထပ်ခန်းမဆောင်၊ နှစ်ထပ်စားရိပ်သာ၊ ကျောင်းသူနှစ်ထပ်အိပ်ဆောင်များ၊ တည်ဆောက်ဆဲဖြစ်သည့် အုပ်ချုပ်မှုရုံး၊ ကျောင်းသားနှစ်ထပ်အိပ်ဆောင်၊ ခြောက်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းခြံစည်းရိုး ကာရံခြင်း၊ မီးသွယ်ယူခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ထောက်ပံ့ငွေဖြင့် တည်ဆောက်ပေးထားသည့် ဆိုက်ခေါင်ကျေးရွာ နမ့်ပါမူရေလှောင်ကန်တူးဖော်ဆောင်ရွက်ထားမှုကို သွားရောက်ကြည့်ရှု စစ်ဆေး၍ မိုးတွင်းကာလရေသိုလှောင်ထားရှိနိုင်မှု အခြေအနေ၊ မြေသားတမံများ တည်ဆောက်ထားမှု အခြေအနေနှင့် ရေလွှဲပေါက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတည်ဆောက်ရန် လျာထားသည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့နယ် နမ့်ပေါ်ဟွန်း-ပါပန့်-သက်သာ-ပုံချောင်လမ်း ၅/၀ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောင်းလွယ်၊ ပါပန့်၊ နမ့်ပေါ်ဟွန်း၊ ဘုရားဖြူ၊ လွယ်ပေါ်၊ ဟိုနမ့်၊ ရွာသစ်စုစုပေါင်းကျေးရွာ ခုနစ်ရွာတွင် ဆောင်ရွက်ပြီးစီးခဲ့သော လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထမ့်စမ်း-စအွန်-ဒုံကောင်-စဝေ့ါလမ်း ၅/၀ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းအား ဆက်လက်ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလပြီးစီးရေးအတွက် လမ်းလုပ်သားအင်အား တိုးမြှင့်ဆောင်ရွက်ရန်၊ လမ်းသားများညီညာရန်၊ ရေနုတ်မြောင်းနှင့် လမ်းပခုံးများကို စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး လက်ရှိဖောက်လုပ်နေသောလမ်းနှင့် စဝေ့ါကျေးရွာသို့ ရောက်ရှိရန် ကျန်ရှိနေသော ၀/၄ မိုင် ဆက်လက်ဖောက်လုပ်ရေး ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သော ရွာသစ်ကျေးရွာမှ ကျောက္ကချားကျေးရွာထိ မီးသွယ်တန်းခြင်းလုပ်ငန်းကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဟိုပုံးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ မီးသွယ်တန်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရန်တို့အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# တိုင်းပြည်ဖွံ့ဖြိုး ဘဏ္ဍာတိုးဖို့ နိုင်ငံသားတိုင်း အခွန်ထမ်းစို့

**သတင်း-မျိုးသူဟိန်း**
**ဓာတ်ပုံ- ကိုကိုစိုးညွန့်**

**နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အခွန်သည် အဓိကကျသဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်ရန် တာဝန်ရှိပေသည်။ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခွန်ထမ်းဆောင်သည့် အလေ့အထ၊ အမူအကျင့်များ ပြည်သူများအကြား နိုးကြားလာပြီး အခွန်ယဉ်ကျေးမှုမြင့်တက်လာစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**



ဦးအောင်ကိုဝင်း



ဦးအောင်ဇော်နိုင်



ဦးအောင်မိုးကျော်



ဒေါ်ဝင်းဝင်းတင့်

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သူများအား မတ် ၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတကိုယ်တိုင် ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသည့် ကုမ္ပဏီလုပ်ငန်းရှင်အချို့အား တွေ့ဆုံမေးမြန်းထားပါသည်။

**ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ**
**ကမ္ဘောဇဘဏ်လီမိတက်**

ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရဲ့ ဂုဏ်ထူးဆောင်ဆု အပါအဝင် ဝင်ငွေခွန်အများဆုံးပေးဆောင်နိုင်သူ ၁၀ ဦးစာရင်းမှာ နှစ်ဆုနဲ့ စုစုပေါင်းသုံးဆု လက်ခံရရှိတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ဝင်ငွေခွန်သုံးနှစ်ဆက်တိုက် အများဆုံး ထမ်းဆောင်ခဲ့စဉ်တုန်းက နိုင်ငံတော်သမ္မတရဲ့ သုံးနှစ်ဆက် နိုင်ငံ့စွမ်းဆောင်ရည်ဆုရယ်၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်သော လုပ်ငန်းရှင် ပထမဆု သုံးနှစ်ဆက်ရရှိခဲ့ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်ကို တည်ဆောက်တဲ့အခါမှာ ပြည်သူပြည်သားတွေအနေနဲ့ အခွန်ကို တိတိကျကျ ထမ်းဆောင်ခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**ဦးညိုမြင့်၊ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ**
**ကမ္ဘောဇလုပ်ငန်းအုပ်စုများ ကုမ္ပဏီ**

ဒီနေ့ နိုင်ငံတော်သမ္မတရဲ့ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်မှာ ဝင်ငွေခွန်နဲ့ ကုန်သွယ်ခွန်ပေးဆောင်တဲ့ အဆင့် ၁၀ အတွင်းက ၁၀ဦးစီနဲ့ စုစုပေါင်း ၂၀ ကို ဂုဏ်ပြုဆုပေးတဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒီအခမ်းအနားမှာ ကျွန်တော်တို့ ကမ္ဘောဇဘဏ်က ဆုသုံးဆု ရပါတယ်။ ဝင်ငွေခွန်အများဆုံးပေးဆောင်တဲ့ဆုရယ်၊ ကျွန်တော်တို့ ကုမ္ပဏီအုပ်စုထဲကဖြစ်တဲ့ ဂျိန်းဖောအောင်ကုမ္ပဏီက ရရှိတဲ့ဆုရယ်၊ လက်ရှိ အစိုးရလက်ထက်မှာ ပထမဆုံးချီးမြှင့်တဲ့ နိုင်ငံတော်သမ္မတကပေးတဲ့ ဂုဏ်ထူးဆောင်ဆုရယ် စုစုပေါင်းသုံးဆု လက်ခံရရှိမှာပါ။

နိုင်ငံတော်သမ္မတကြီးပေးတဲ့ ဂုဏ်ထူးဆောင်ဆုကတော့ ကျွန်တော်တို့ ကမ္ဘောဇဘဏ်ကုမ္ပဏီ ဥက္ကဋ္ဌက ၂၀၁၁-၂၀၁၂ ကနေစပြီး အခွန်အများဆုံး ခြောက်နှစ် ဆက်တိုက်ဖြစ်တဲ့အတွက် ဒီဆုကို ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ပြီးခဲ့တဲ့ ခြောက်နှစ်ကာလအပါအဝင် အခွန်ဆောင်ခဲ့တာဆိုရင် ၁၀၇ ဘီလီယံရှိပါတယ်။ အခွန်စည်းကြပ်ပြီးဖြစ်တဲ့ ၂၀၁၇-၂၀၁၈ အတွက် ပေးသွင်းထားတဲ့ ဝင်ငွေခွန်က ၃၂ ဘီလီယံအပါအဝင်ဆိုရင် ဘီလီယံ ၁၄၀ နီးနီး နိုင်ငံတော်အတွက် ပေးသွင်းပြီးဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာဆိုရင်လည်း သက်ဆိုင်ရာအစိုးရတွေက ကိုယ့်နိုင်ငံရဲ့ ပြည်သူပြည်သားတွေအတွက် ကဏ္ဍအသီးသီးကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်ဘတ်ဂျက်အတွက် အခွန်ကလည်း အဓိကပါဝင်ပါတယ်။

အခွန်ဆောင်ရမှာကို တာဝန်သိစွာနဲ့ မဖြစ်မနေ အလေးထားပေးသွင်းပြီး ထမ်းဆောင်ရပါတယ်။ ဒီလိုထမ်းဆောင်တဲ့အတွက်လည်း နိုင်ငံတော်မှာ အခွန်လုံလောက်စွာရရှိပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းကဏ္ဍအသီးသီးကို လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အခွန်အသိစိတ်ဓာတ်တွေ တဖြည်းဖြည်းရှိလာကြပါပြီ။ နိုင်ငံတော်ကလည်း အခွန်ကိုအရေးထားတယ်။ အခွန်ပေးဆောင်ဖို့အတွက် စနစ်တွေလည်း ဆောင်ရွက်ပေးတယ်။ ကျွန်တော်တို့ လုပ်ငန်းရှင်တွေ အနေနဲ့ကလည်း အခွန်ကိုပေးဆောင်ကြတယ်။ တစ်ဖက်ကလည်း နိုင်ငံသားတွေအနေနဲ့ အခွန်ပေးဆောင်တဲ့ စိတ်ဓာတ်ကို ပိုမိုသိရှိလာပြီး ပြည်သူပြည်သားအားလုံးက တစ်ဦးချင်းတာဝန်ကျေပွန်ကြမယ်ဆိုရင် နိုင်ငံတော်အခွန်ဘဏ္ဍာ တောင့်တင်းပါမယ်။

နိုင်ငံတော် အခွန်ဘဏ္ဍာတောင့်တင်းရင် နိုင်ငံတော်တိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းတွေကို ပိုပြီးဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက် ဒီအခွန်ထမ်းဆောင်ခြင်းဟာ မရှိမဖြစ်အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ခုလိုအရေးကြီးတဲ့ကိစ္စမှာ တစ်ထောင့်တစ်နေရာက ပါဝင်ရတဲ့အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။ ကျွန်တော်တို့ ကမ္ဘောဇအုပ်စုအနေနဲ့ ပြည်သူတွေရဲ့ အားပေးမှုနဲ့အတူ ဆက်လက်ကြိုးစားဆောင်ရွက်သွားပါမယ်။ အခွန်ဆောင်စရာရှိတာကိုဆောင်ပြီး ရရှိတဲ့အကျိုးအမြတ်ကိုလည်း ပြည်သူ့အကျိုးပြုအတွက် အဓိကထား လှူဒါန်းသွားပါမယ်။

**ဒေါ်ဝင်းဝင်းတင့်၊ မန်နေဂျင်းဒါရိုက်တာ**
**City Mart Holding Co.,Ltd**

ကျွန်မတို့ City Mart Holding ကုမ္ပဏီအနေနဲ့ကတော့ ကုန်သွယ်ခွန် အဆင့် ၉ အနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အခွန်ထမ်းဆောင်ခဲ့ပါတယ်။ ဒီလိုအခွန်ဆောင်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ဂုဏ်ပြုဆုချီးမြှင့်တဲ့အတွက် များစွာဝမ်းသာဂုဏ်ယူမိပါတယ်။ အခွန်ထမ်းဆောင်တဲ့ ပြည်သူတစ်ယောက်အနေနဲ့၊ အခွန်တာဝန်ကျေတဲ့ ကုမ္ပဏီတစ်ခုအနေနဲ့ ရပ်တည်ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူရပါတယ်။ အခွန်နဲ့ပတ်သက်လို့ကတော့ တိုင်းသူပြည်သားတစ်ယောက်အနေနဲ့ နိုင်ငံတော်အပေါ်မှာ အခွန်ဆောင်ရမယ့် တာဝန်ရှိပါတယ်။ ကုမ္ပဏီလုပ်ငန်းတစ်ခုအနေနဲ့ ရပ်တည်မယ်ဆိုရင်လည်း ကုမ္ပဏီက ကျသင့်တဲ့အခွန်ကို ထမ်းဆောင်ရမယ့် တာဝန်တွေရှိပါတယ်။ ကုမ္ပဏီလုပ်ငန်းတွေအတွက်ကတော့ ရောင်းချမှုအပေါ်မှာ ကျသင့်တဲ့ကုန်သွယ်ခွန်နဲ့ အမြတ်ပေါ်မှာ ထမ်းဆောင်ရတဲ့ ဝင်ငွေခွန်ဆိုပြီး ရှိပါတယ်။ တစ်ဦးချင်းအနေနဲ့ကတော့ အရင်အခွန်ဥပဒေအရ လစာ ၄၈ သိန်း ကျော်တာနဲ့ လစာရဲ့ တစ်စိတ်တစ်ပိုင်းကို ဝင်ငွေခွန်အနေနဲ့ထမ်းဆောင်ရပါတယ်။

ဒါကတော့ personal ဝင်ငွေခွန်ဖြစ်ပါတယ်။ ကျွန်မတို့ တာဝန်ကျေတဲ့ ကုမ္ပဏီအနေနဲ့ ကျသင့်တဲ့အခွန်တွေကို ထမ်းဆောင်ရင်းနဲ့ တစ်ဖက်တစ်လမ်းကနေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်စိတ်တစ်ပိုင်း ပါဝင်ခွင့်ရသလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မယ်ဆိုရင်လည်း တစ်ဖက်ကနေပြီး တိုင်းပြည်ရဲ့လုပ်ငန်းတွေ၊ နိုင်ငံသူနိုင်ငံသားတွေအတွက် ပိုပြီးတိုးတက်နိုင်မယ့် အခွင့်အလမ်းတွေ ရရှိလာမယ်လို့ မြင်ပါတယ်။ ဒါကြောင့် အပြန်အလှန် အကျိုးပြုတဲ့အနေနဲ့ အခွန်ကို လူတိုင်းဆောင်သင့်တယ်လို့ ကျွန်မအနေနဲ့ အကြံပြုလိုပါတယ်။

**ဦးအောင်ဇော်နိုင်၊ မန်နေဂျင်းဒါရိုက်တာ**
**ရွှေတောင်ကုမ္ပဏီလီမိတက်**

ကျွန်တော်တို့ ရွှေတောင်ကုမ္ပဏီက ဝင်ငွေခွန်ထမ်းဆောင်မှုအဆင့် ၄ အနေနဲ့ ဂုဏ်ပြုမှတ်တမ်းလွှာ လက်ခံရရှိတာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ကလည်း နိုင်ငံတော်သမ္မတက ဆုချီးမြှင့်တဲ့အခါမှာ အခွန်ထမ်းဆောင်ဆု ရရှိခဲ့ပါတယ်။ ပြီးတော့ အခွန်ထမ်းဆောင်တဲ့ ထိပ်ဆုံး ၅၀ စာရင်းထဲမှာလည်း ကျွန်တော်တို့ ကုမ္ပဏီနှစ်ခု ပါဝင်ပါတယ်။ နိုင်ငံတော်ကပေးတဲ့ အခွန်ကိစ္စတွေရော အခြားကိစ္စတွေမှာပါ ဆုတွေရတာ ရှိပါတယ်။ အခုလို အခွန်ထမ်းဆောင်ကြတဲ့ ကုမ္ပဏီတွေကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ချီးမြှင့်တဲ့အတွက် ဝမ်းလည်းဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

နောက်ထပ်လည်း ဒီထက်ပိုပြီး ဆောင်ရွက်သွားဖို့ ခွန်အားတွေရပါတယ်။ ဒီထက်ပိုပြီးတော့လည်း နိုင်ငံတော်တည်ဆောက်ရာမှာ လိုအပ်တဲ့ဘတ်ဂျက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့ အခွန်ထမ်းတစ်ယောက်အဖြစ် ဆက်ပြီးဆောင်ရွက်သွားမှာပါ။ နိုင်ငံသားတိုင်းဟာ အခွန်ထမ်းဆောင်ဖို့ တာဝန်ရှိပါတယ်။ နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်လမ်းကြောင်းကို ရောက်ရှိသွားမှာဖြစ်ပါတယ်။

**ဦးအောင်မိုးကျော်၊ မန်နေဂျင်းဒါရိုက်တာ**
**International Beverages Trading Co.,Ltd**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ကတော့ ကုန်သွယ်ခွန်ထမ်းဆောင်မှုမှာ ဂုဏ်ပြုဆုရရှိတာဖြစ်ပါတယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၁၀နှစ်လောက်ကနေစပြီး အခွန်အများဆုံးပေးတဲ့ ဒုတိယအဆင့်အနေနဲ့ နိုင်ငံတော်က ဆုချီးမြှင့်တာကို အမြဲတမ်းရရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံ့သားကောင်း စီးပွားရေးလုပ်ငန်းရှင်အနေနဲ့ အပြည့်အဝအခွန်ထမ်းဆောင်ဖို့အတွက် ဒါရိုက်တာဘုတ်အဖွဲ့ရော ရှယ်ယာရှင်တွေကပါ ခံယူချက်အပြည့်နဲ့ ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ သေချာကျနစွာ နိုင်ငံတော်ရဲ့ဥပဒေနဲ့အညီ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တာဝန်ရှိတယ်လို့ ခံယူထားတဲ့အပြင် နိုင်ငံတော်ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

နိုင်ငံတော်အတွက်လည်း အခွန်က အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက အခုလို အခွန်ထမ်းဆောင်တဲ့ နိုင်ငံ့သားကောင်းတွေကို အသိအမှတ်ပြုတဲ့အတွက် အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ နောက်ပိုင်းတွေမှာလည်း ဒီလိုဆက်ပြီးတော့ လုပ်ဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်က သွားနေတဲ့လမ်းကြောင်းမှာ အခွန်က နိုင်ငံတော်ရဲ့ အဓိကဘဏ္ဍာငွေအတွက် သုံးစွဲမှာဖြစ်လို့ ကျွန်တော်တို့ တိုင်းသူပြည်သားအားလုံးက ကျရာနေရာကနေ သတ်မှတ်ထားတဲ့ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်။ အခွန်ဥပဒေတွေကလည်း စနစ်တကျနဲ့ စဉ်ဆက်မပြတ်ဆောင်ရွက်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံ့သားကောင်းများအနေနဲ့ အခွန်တွေကို ထမ်းဆောင်သွားမယ်ဆိုရင် နိုင်ငံတော်ကလည်း သာယာဝပြောတဲ့ အနေအထားကို ပြန်လည်ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်။

ကုမ္ပဏီလုပ်ငန်းရှင်များက မိမိတို့ပေးဆောင်ရမည့် အခွန်များကို အပြည့်အဝထမ်းဆောင်ခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်နေမှုများနှင့် အခွန်ထမ်းခြင်းအပေါ် ၎င်းတို့၏ ခံယူချက်များအား ပွင့်ပွင့်လင်းလင်းပြောကြားခဲ့မှုများကို ကြားသိရသဖြင့် မိမိတို့နိုင်ငံတွင် တစ်စထက်တစ်စ အခွန်ယဉ်ကျေးမှုများ နိုးကြားမြင့်မားလာတော့မည်ဟု ယုံကြည်လျက်။ ။

# နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်အညီ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်စေရန် စဉ်ဆက်မပြတ်ကြိုးပမ်း

**နေပြည်တော် မတ် ၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်တွင် ကျေးရွာ ၂၃ ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ ၆၈ ရွာ ပယ်ဖျက်ခြင်းနှင့် ကျေးရွာ ၃၉ ရွာ အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းက အဆိုတင်သွင်းရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးအား လွှတ်တော်၏အတည်ပြုချက်ရယူရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သူ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ ပါဝင်ဆောင်ရွက်သူ ပုဂ္ဂလိကဘဏ်များအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံကိန်းအောင်မြင်စေရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်အညီ ချေးငွေများ တာဝန်သိသိ ပြန်လည်ပေးဆပ်နိုင်စေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းတင်ပြသည်။ ယင်းနောက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေတို့က ဆွေးနွေးကြသည်။

**လွှတ်တော်က အတည်ပြု**

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်က အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်ဖြစ်သည့် စီးပွားရေး ပေါင်းစည်းမှု ရရှိစေရန် အာဆီယံဒေသတွင်း လွတ်လပ်ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှု ဖန်တီးနိုင်ရန်ရည်ရွယ်ပြီး အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြစာချုပ်ကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် နေပြည်တော်၌ ကျင်းပခဲ့သည့် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် အစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ဒုတိယအခြေပြ စာချုပ်အသက်ဝင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုနှင့် လုပ်ထုံးလုပ်နည်းများ ပြီးစီးပြီဖြစ်ကြောင်းကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဘက်စုံရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာပါကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေးကိစ္စအား လွှတ်တော်က အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ် အာဏာသက်ဝင်စေရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ပြီးစီးပြီဖြစ်၍ အတည်ပြုကြောင်း အကြောင်းပြန်ကြားစာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့နိုင်ရန် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် အခွန်ကောက်ခံရရှိမှုအခြေအနေ အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၈) တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အခွန်နှင့်ပတ်သက်၍ ပြည်သူများ နားလည်မှုအားနည်းနေသည့်အတွက် ပြည်သူများကို အခွန်ဗဟုသုတရရှိစေရန် အခွန်ဝန်ထမ်းများက သေချာစွာရှင်းပြပေးရန် လိုအပ်ပြီး အခွန်ဝန်ထမ်းများအနေဖြင့်လည်း အခွန်နှင့်ပတ်သက်၍ ကျွမ်းကျင်မှုများ အားနည်းနေသည်ကို တိုးတက်အောင် လုပ်ဆောင်ပေးသင့်ပါကြောင်း၊ အခွန်နယ်ပယ်အတွင်း အဂတိလိုက်စားမှုများ အဓိက ဖြစ်ပေါ်နေခြင်း၏ အကြောင်းရင်းမှာ အခွန်နှင့် အခွန်ဆိုင်ရာ အသိပညာနည်းပါးခြင်း၊ အခွန်၏အကျိုးရလဒ်ကို သေချာစွာ မသိရှိခြင်း၊ အခွန်ပေးဆောင်ရာ၌ ပွင့်လင်းမြင်သာမှု၊ ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်း၊ လျင်မြန်မှန်ကန်တိကျသော အခွန်ကောက်ခံမှုစနစ်စသည်တို့ အားနည်းနေခြင်းဖြစ်သောကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တန်းတူအခွင့်အရေးရရှိရေးအတွက်လည်း စနစ်တကျလုပ်ဆောင်သင့်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန်နှင့် လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်နိုင်ရန် အခွန်များဖြင့် ဝန်မပိစေရန်၊ သင့်တင့်မျှတသော အခွန်နှုန်းထားများ ဖြစ်စေရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းတို့က ဆွေးနွေးကြသည်။

**လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ခိုးယူမှု သို့မဟုတ် တရားမဝင်တင်ပို့မှုအပေါ် UNIDROIT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုကွန်ဗင်းရှင်း ၁၉၉၅ တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ် လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူက နိုင်ငံတိုင်း လူမျိုးတိုင်းသည် မိမိတို့ပိုင်ဆိုင်သည့် ယဉ်ကျေးမှုဝတ္ထုပစ္စည်းများကို ပြန်လည်ရှာဖွေနိုင်ရန်နှင့် ပြန်လည်ထိန်းသိမ်းနိုင်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ UNIDROIT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုကွန်ဗင်းရှင်း ၁၉၉၅ ကို လက်မှတ်ရေးထိုးရန် လိုအပ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ယူနက်စကိုကွန်ဗင်းရှင်း ၁၉၇၀ ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ ၁၉၉၅ UNIDROIT ကွန်ဗင်းရှင်းသည် တရားမဝင်သွင်းကုန် ထွက်ကုန်များနှင့် ယဉ်ကျေးမှုအမွေအနှစ်ပိုင်ဆိုင်မှုများအား လွှဲပြောင်းခြင်းနှင့် ဆိုင်သော ကွန်ဗင်းရှင်းဖြစ်သည့် ၁၉၇၀ ယူနက်စကို ကွန်ဗင်းရှင်းတွင် ပါဝင်ခဲ့သည့် အချက်အချို့အား ထပ်လောင်းပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများ၏ မူလပိုင်ရှင်နိုင်ငံသည် ခိုးယူခံရသော သို့မဟုတ် တရားမဝင်ကုန်သွယ်ခြင်းခံရသော ပစ္စည်းအား ပြန်လည်ဝယ်ယူရန် မလိုအပ်ဘဲ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း လျော်ကြေးတောင်းဆိုနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာမြသောင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ သိန္နီမဲဆန္ဒနယ်မှ စိုင်းဦးခမ်း၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်ထွန်းအောင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့က ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ကမ်းရိုးတန်းနယ်နိမိတ်အပါအဝင် နယ်မြေချင်း ထိစပ်နေသည့် မိုင်ပေါင်းမှာ ၅၀၀၀ ကျော် ရှိပါကြောင်း၊ အဆိုပါ ထိစပ်နေသည့် နယ်နိမိတ်မှ မြန်မာတိုင်းရင်းသားတို့၏ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများမှာ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိနေပါကြောင်း၊ UNIDRIOT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှု ကွန်ဗင်းရှင်း ၁၉၉၅ အား မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးရေး ထိုးခြင်းမှာ အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ ပထမတစ်ပိုင်းမှာ မိမိတို့နိုင်ငံမှ အခြားနိုင်ငံများသို့ ရောက်ရှိနေသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ပြန်လည် တောင်းယူရေး ကိစ္စဖြစ်ပါကြောင်း၊ ဒုတိယအပိုင်းမှာ ပြည်ပနိုင်ငံများသို့ တရားမဝင် ရောက်ရှိမသွားစေရေးအတွက် ယခုစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် ရောက်ရှိသည့် နိုင်ငံများသို့ ပြန်လည်တောင်းယူနိုင်ရေး အပိုင်းဖြစ်ပါကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ပြည့်ပြည့်စုံစုံဆွေးနွေးသွားသည့်အတွက် နိုင်ငံတော်အတွက် များစွာဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

# အဂတိလိုက်စားမှုနှင့် ဆက်စပ်နေသည့် ပြစ်မှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များနှင့် အခြားဆက်နွှယ်နေသည့်အဖွဲ့များ ပူးပေါင်းတိုက်ဖျက်

**နေပြည်တော် မတ် ၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၅ ရက်နှင့် ၆ ရက်တွင် ကျင်းပမည့် High Level Conference on Sustainable Development, Crime Prevention and State Societies နှင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့အစည်းတို့အကြား ကျင်းပသည့် Bilateral Meeting သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၄ ရက်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ရောက်ရှိကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မတ် ၅ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကုလသမဂ္ဂ ဗဟိုအစည်းအဝေးဌာန၌ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးနှင့် ထိုင်းနိုင်ငံ တရားမျှတမှုဌာနတို့ ပူးပေါင်းကျင်းပသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြစ်မှုတားဆီးကာကွယ်ရေးနှင့် လူ့အဖွဲ့အစည်းဘေးကင်းလုံခြုံရေး အဆင့်မြင့် ညီလာခံသို့ တက်ရောက်ခဲ့သည်။

ညီလာခံသို့ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ ပညာရှင်များ၊ လေ့လာသူများ တက်ရောက်ခဲ့ပြီး ထိုင်းဘုရင့်သမီးတော် မင်းသမီး ဘာဂျာရာကစ်တီရာဟာ မဟီဒေါ (Princess Bajrakityabha Mahidol)နှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးမှ အမှုဆောင်ဒါရိုက်တာ မစ္စတာ ယူရီဖီဒိုတော့ဗ် (Mr. Yury Fedotov) တို့ တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ညီလာခံအစီအစဉ် အပိုင်း(၁)တွင် အရှေ့တောင်အာရှဒေသ တရားဥပဒေစိုးမိုးရေးအပေါ် စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ကော်မရှင်ဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးရာ၌ အရှေ့တောင်အာရှဒေသတွင် ဖြစ်ပွားနေသည့် မူးယစ်ဆေးဝါးမှောင်ခိုမှု၊ ငွေမဲခဝါချမှု၊ လူကုန်ကူးမှု၊ သဘာဝအရင်းအမြစ် တရားမဝင်ကုန်သွယ်မှုတို့သည် အဂတိလိုက်စားမှုနှင့် ဆက်စပ်နေကြောင်း၊ အဆိုပါပြစ်မှုများသည် အရှေ့တောင်အာရှဒေသ၏ တရားဥပဒေစိုးမိုးရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း လူ့အဖွဲ့အစည်း၏ ဘေးကင်းလုံခြုံရေးကို အဟန့်အတားဖြစ်စေကြောင်း၊ ဒေသတွင်းရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းအများအနေဖြင့် အဆိုပါ ပြစ်မှုများကို အခြားဆက်နွှယ်နေသည့် တာဝန်ရှိ အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းလက်တွဲ တိုက်ဖျက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**



# ၂၀၁၇ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၇-ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၅၂ ဌာနတို့၌ ဖြေဆိုသူ ၁၀၁၁၇ ဦး၊ အောင်မြင် ၉၁၈၇ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၂၈၇၇ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံးပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိသူများမှာ-

၁။ **တစ်ပြည်လုံး ပထမ**
ခုံအမှတ် ဗဟ-၂၊ မဝိစတ္တညာဏီ၊ ဗဟန်းစာဖြေဌာန
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ **တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် ဒုံ-၂၃၊ ဒေါ်သီတာမျိုး၊ မုဒုံစာဖြေဌာန
မုဒုံမြို့၊ မွန်ပြည်နယ်

၃။ **တစ်ပြည်လုံး တတိယ**
ခုံအမှတ် ပခ-၃၄၊ ဒေါ်ထူးထူးစိုး၊ ပဲခူးစာဖြေဌာန
ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၂ ဌာနတို့၌ ဖြေဆိုသူ ၁၈၅၁ ဦး၊ အောင်မြင်သူ ၁၇၈၄ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၇၈၈ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ-

၁။ **တစ်ပြည်လုံး ပထမ**
ခုံအမှတ် သကတ-၈၀၊ မမျိုးသန္တာအောင်၊ သာကေတစာဖြေဌာန
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ **တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် လှိုင်-၂၂၊ မနိုသဇင်ခင်မောင်၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ **တစ်ပြည်လုံး တတိယ**
ခုံအမှတ် ခသ-၁၀၊ ဒေါ်ခင်သန်းဦး၊ ချမ်းမြသာစည်စာဖြေဌာန
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၀၀ ဌာနတို့၌ ဖြေဆိုသူ ၁၇၁၈ ဦး၊ အောင်မြင်သူ ၁၅၆၀ ဦး၊ နှစ်ချင်းပေါက် သုံးဆင့် အောင်မြင်သူ ၄၃၃ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိသူများမှာ-

၁။ **တစ်ပြည်လုံး ပထမ**
ခုံအမှတ် လွင်-၂၆၊ ဒေါ်ကေသွယ်ဝင်း၊ ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ **တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် ထူ-၉၊ ဒေါ်နန်းအိခိုင်၊ လိတ္ထူစာဖြေဌာန
ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၃။ **တစ်ပြည်လုံး တတိယ**
ခုံအမှတ် ညှင်း-၁၊ မခိုင်ဇာဝင်း၊ မိုးညှင်းစာဖြေဌာန
မိုးညှင်းမြို့၊ ကချင်ပြည်နယ်

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

◆ *ကျောဖုံးမှ*

ဤအရေးကြီးသည့် အစည်းအဝေးသို့ တက်ရောက်ရန် မိမိတို့၏ တန်ဖိုးရှိသည့် အချိန်များကို သုံးစွဲလျက် ခရီးဝေးမှ လာရောက်ကြသည့် အာဆီယံကိုယ်စားလှယ်များအားလုံးကို မိမိအနေဖြင့် နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အာဆီယံ သွင်ပြင်လက္ခဏာနှင့် အာဆီယံအသိုက်အဝန်းတည်ထောင်မှုတွင် အာဆီယံအသိအမြင်များကို တိုးမြှင့်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထပ်မံတိုးမြှင့်မည်ဟုလည်း ပြောကြားလိုကြောင်း။

**မြှင့်တင်သွားသင့်**

ငြိမ်းချမ်းမှု၊ အားလုံးပါဝင်မှု၊ ကြံ့ခိုင်မှု၊ ကျန်းမာမှုနှင့် လိုက်ဖက်သည့် လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ယဉ်ကျေးမှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းကို ၁၃-၁၁-၂၀၁၇ ရက်နေ့တွင် ကျင်းပခဲ့သည့် 31st ASEAN Summit ၌ အာဆီယံခေါင်းဆောင်များက အတည်ပြုခဲ့ပါကြောင်း၊ ထိုကြေညာစာတမ်းနှင့် စပ်လျဉ်းပြီး အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံအသိုက်အဝန်းကပေးသည့် အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းများကို အားပေးတိုက်တွန်းခြင်း အပြန်အလှန်လေးစားမှုနှင့် ASEAN Strategic Plan for Information and Media (2016-2025)နှင့်အညီ အသိအမှတ်ပြုမှု အမျိုးမျိုးတွေကို မိမိတို့အနေဖြင့် မြှင့်တင်သွားသင့်ပါကြောင်း။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် (၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
သတင်းစဉ်

**အသိုက်အဝန်းထူထောင်မှုမြှင့်တင်**

မိမိတို့အနေဖြင့် မီဒီယာဗဟုဝါဒ၏ မီဒီယာဓလေ့ထုံးစံနှင့် ငြိမ်းချမ်းမှု၊ ပြည်သူဗဟိုပြု၊ ယန္တရားများဖန်တီးမှုတွင် လူမှုတာဝန်ရှိသည့် မီဒီယာနှင့် အစိုးရနှစ်ခုအကြား အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအကြားနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် အသိုက်အဝန်းထူထောင်မှုကို မြှင့်တင်ရန် လိုအပ်ပါကြောင်း။

**ခြိမ်းခြောက်လျက်ရှိနေ**

လူမှုမီဒီယာ၏ လျင်မြန်မှုကြောင့် နိုင်ငံတိုင်းသည် သတင်းမှား/တုများဖြင့် ကြုံတွေ့နေရပြီး အသိုက်အဝန်းအသီးသီး၏ တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အထူးသဖြင့် လူငယ်များအကြား မီဒီယာကျွမ်းကျင်မှုကို မြှင့်တင်ရန် အစီအစဉ်များ၊ မာလ်တီမီဒီယာဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆိုက်ဘာလုံခြုံမှုအတွက် အသိပညာများ တိုးမြှင့်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ကူညီထောက်ပံ့ရန်လိုအပ်**

ယခု တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ အမြင်များနှင့် ထောက်ခံ အကြံပြုချက်များသည် အာဆီယံပြန်ကြားရေးကဏ္ဍကို ရေရှည်တည်တံ့စွာ တိုးတက်အားကောင်းလာရန်အတွက် အကူအညီ အထောက်အပံ့များ ဖြစ်ရမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ အာဆီယံပြန်ကြားရေးကဏ္ဍ တိုးတက်မှုများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အာဆီယံနိုင်ငံများ အားလုံးအနေဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် ဆက်သွယ်ရေး စီမံကိန်းများ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြုမြေပုံနှင့် အာဆီယံသတင်းအချက်အလက်နှင့် မီဒီယာ ၂၀၁၆-၂၀၂၅ မဟာဗျူဟာစီမံကိန်းစသည်တို့ အကောင်အထည်ဖော်မှုများတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူညီထောက်ပံ့ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ကပြဖျော်ဖြေတင်ဆက်**

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသူလေးများက "တို့အာဆီယံနှင့် ထာဝရမြန်မာ" တေးသီချင်းများဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယဉ်ကျေးမှုအဆို၊ အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**သုံးသပ်ဆွေးနွေး**

ယင်းနောက် (၁၉)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံထိပ်သီးအစည်းအဝေးများနှင့် မဏ္ဍိုင်အသီးသီးရှိ အစည်းအဝေးများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် လက်ရှိပြန်ကြားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်လျာထားခြင်း၊ အာဆီယံယဉ်ကျေးမှု ရန်ပုံငွေ (ASEAN Cultural Fund) သုံးစွဲမှုဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကြိမ် (၂၀) မြောက် SCI Meeting ကျင်းပမည့် နိုင်ငံ ရွေးချယ်အတည်ပြုခြင်းများကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**လက်ခံကျင်းပသွားမည်**

(၁၉) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မတ် ၆ ရက်မှ ၇ ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်သည်။

(၁၈) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို ယမန်နှစ်က မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည်။

**သတင်းစဉ်**

❀ *ကျောဖုံးမှ*

အသင်းများပါ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ယခုပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ငါးသင်း ၁၀ အုပ်စုခွဲကာ ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲကို မတ် ၆ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများမှာ မတ် ၂၄ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်ကလပ်အသင်းများဖြစ်သည့် MIC၊ VUC၊ UM၊ မြို့မ၊ UPT နှင့် Titans XII အသင်းတို့လည်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ယနေ့ကျင်းပသည့် ပထမနေ့တွင် GV Athletic အသင်းက Yeik Thar အသင်းကို ၁၀ ဂိုး-တစ်ဂိုး၊ မြို့မလှသီတာအသင်းက Monster Hero အသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ Best Friends အသင်းက MSJ အသင်းကို လေးဂိုး-နှစ်ဂိုး၊ RDZ အသင်းက Family United အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**တွေ့ဆုံနှုတ်ဆက်**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ဖူဆယ်ဖွင့်ပွဲမတိုင်မီ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ဖွင့်လှစ်နေသော နွေရာသီ လူငယ်ဘောလုံးသင်တန်းသို့ သွားရောက်ကာ တက်ရောက်သင်ကြားနေသော ကလေးသူငယ်များနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

# မြစ်ကြီးနားမြို့၌ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံး(BLO)ဖွင့်

**မြစ်ကြီးနား မတ် ၆**

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်များအကြား မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံး(BLO)၊ မြစ်ကြီးနားရုံးကို မတ် ၆ ရက်က မြစ်ကြီးနားမြို့ စုပေါင်းရုံးရှိ အခန်းအမှတ်-၂၀၂ ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် အလုပ်အမှုဆောင် အတွင်းရေးမှူးချုပ်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် Mr. Liang Yun ဦးဆောင်သည့် တရုတ်နိုင်ငံကိုယ်စားလှယ်များက တက်ရောက်ဖွင့်လှစ်ပေးကြ သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် အလုပ်အမှုဆောင် အတွင်းရေးမှူးချုပ် Mr. Liang Yun တို့က အမှာစကားပြောကြားကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဆက်ဆံရေးရုံး(မြစ်ကြီးနား) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် နှစ်နိုင်ငံဆက်ဆံရေးရုံးအနေဖြင့် လုပ်ငန်းတာဝန်များမှာ ညှိနှိုင်းအစည်းအဝေးများ လစဉ်ပုံမှန်ကျင်းပရေး၊ သတင်းဖလှယ်ရေး၊ တည်ဆဲဥပဒေများနှင့်အညီ မှုခင်းစုံစမ်းဖော်ထုတ်မှုများနှင့် တရားဥပဒေစိုးမိုးရေးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဝင်/ထွက်များမှ ဝင်ရောက် ထွက်ခွာမှုများကို စနစ်တကျ စစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း သိရသည်။




**ပြည်နယ်(ပြန်/ဆက်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင်၊ ဆန့်ကျင်မူးယစ်ဆေး**

# နိုင်ငံအများမှာ ဖြစ်ပေါ်နေတဲ့ မီဒီယာနဲ့ပတ်သက်တဲ့ ပြဿနာအခက်အခဲတွေကို ညှိနှိုင်းအဖြေရှာဖို့ ရှိပါတယ်

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

ရန်ကုန် မတ် ၆

**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများ၏ "အာဆီယံ"တေးသီချင်းနှင့် "တို့အာဆီယံနှင့် ထာဝရမြန်မာ"တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုက အာဆီယံ၏ စည်းလုံးညီညွတ်မှုသရုပ်သကန်ကို ဖော်ကျူးပြသနေသည်။ အဆိုပါ မြင်ကွင်းမှာ ရန်ကုန်မြို့တာမွေမြို့နယ် Sky Star Hotel ၌ ယနေ့နံနက်က ကျင်းပသည့် (၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင်ဖြစ်သည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်



ဦးမြင့်ထွေး



ဦးဇေယျာ



Mr. Has Sam Ath



Ms. Mufidah Binti Abdul Hakim

(၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ယနေ့မှ မတ် ၇ ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်ရာ အဆိုပါအစည်းအဝေးနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အာဆီယံပြန်ကြားရေးကိုယ်စားလှယ်များအား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းသည်များကို ဖော်ပြအပ်ပါသည်။

**ဒေါက်တာ ဖေမြင့်**

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**

ဒီနေ့ကျင်းပတဲ့ (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးမှာ အာဆီယံနိုင်ငံများအချင်းချင်းအကြား သတင်းပြန်ကြားရေးနဲ့ ပတ်သက်တဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ အာဆီယံနိုင်ငံတွေရဲ့အကြောင်းကို နိုင်ငံအချင်းချင်းထဲမှာလည်း သိဖို့၊ ဒီနယ်နိမိတ်အပြင် အခြားနိုင်ငံဒေသကပါ သိရှိဖို့အတွက် သတင်းတွေကို ဘယ်လိုဖြန့်ချိမယ်၊ ဖလှယ်မယ်ဆိုတဲ့အကြောင်းတွေကို အဓိကထား ဆွေးနွေးမှာပါ။ ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ ကောင်းမွန်တဲ့နည်းလမ်းတွေ ဆက်လက်ရှာဖွေတွေ့ရှိမယ်၊ ဆက်လက်ပြီး ဘာတွေဘယ်လိုပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ ထွက်ပေါ်လာဖို့ရှိပါတယ်။

အာဆီယံသတင်း အချက်အလက်နဲ့ မီဒီယာ မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း ဒီကနေ့မှာ တက်ရောက်လာတဲ့ အာဆီယံ ၁၀ နိုင်ငံ ကိုယ်စားလှယ်များက ဆက်လက်ပြီး ဆွေးနွေးဖို့ရှိပါတယ်။ ပြီးရင် သူတို့လည်း သတင်းထုတ်ပြန်ပါလိမ့်မယ်။ အဓိကကတော့ အာဆီယံနိုင်ငံတွေ ပူးပေါင်းဆောင်ရွက်ပြီး သတင်းဖလှယ်ရေးနဲ့ ဆက်စပ်ပြီး ဒီကိစ္စတွေ အဓိကဆောင်ရွက်ဖို့ရှိပါတယ်။ ပြီးတော့ နိုင်ငံအများမှာဖြစ်ပေါ်နေတဲ့ မီဒီယာနဲ့ပတ်သက်တဲ့ ပြဿနာအခက်အခဲတွေကိုလည်း ညှိနှိုင်းအဖြေရှာဖို့ရှိပါတယ်။ ဥပမာအားဖြင့် ပြီးခဲ့တဲ့နှစ်ပိုင်းမှာ ထင်ထင်ရှားရှားဖြစ်ခဲ့တဲ့ မဟုတ်မမှန်တဲ့ သတင်းအတုနဲ့ ပတ်သက်တဲ့ပြဿနာတွေ ကိစ္စပါ။ ဒီကိစ္စတွေက အာဆီယံနိုင်ငံတွေမှာရော၊ နိုင်ငံအားလုံးလိုလိုမှာလည်းရှိပါတယ်။ ဒါတွေကို အာဆီယံနိုင်ငံတွေ အချင်းချင်းလည်းပဲ ကိုယ့်နိုင်ငံအသီးသီးမှာတော့ ဒီကိစ္စတွေကိုဘယ်လိုကိုင်တွယ်တယ်၊ ဘယ်လိုဖြေရှင်းကြတယ်ဆိုတဲ့ အကြောင်းအရာတွေကို ဖလှယ်ပြီး တစ်ဦးရဲ့နည်းလမ်းကို တစ်ဦးဝေငှတဲ့သဘောမျိုးလုပ်ဖို့ရှိပါတယ်။ ဒီလိုနည်းအားဖြင့် အကျိုးကျေးဇူးတွေ ရရှိမှာပါ။

**ဦးမြင့်ထွေး**

**19 th SCI Meeting Chairman**

**ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

ဒီအစည်းအဝေးကနေပြီး ပြန်ကြားရေးကဏ္ဍကို အထောက်အကူပြုမှာတွေ အများကြီးရှိပါတယ်။ အာဆီယံနိုင်ငံတွေအချင်းချင်း ပြန်ကြားရေးကဏ္ဍမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတွေ၊ သတင်းပိုင်းဆိုင်ရာ ဖလှယ်မှုတွေ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် အပြန်အလှန်ဆောင်ရွက်မယ့် စီမံကိန်းတွေ အများကြီးထည့်ထားပါတယ်။ ဒီနေ့အစည်းအဝေးမှာ ပြီးခဲ့တဲ့နှစ်တွေက ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေကို ပြန်လည်သုံးသပ်မယ်။ မပြီးသေးတဲ့ စီမံကိန်းတွေကို ပြီးအောင်လုပ်မယ်။ လက်ရှိလုပ်နေဆဲ စီမံကိန်းတွေလည်း ရှိပါတယ်။ ဒါတွေကို ဘယ်လိုဆက်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်မလဲဆိုတာကို ဆွေးနွေးပါမယ်။ လာမယ့် ၂၀၁၉ ခုနှစ်မှာ ဆောင်ရွက်မယ့် စီမံကိန်းတွေကိုလည်း ဒီအစည်းအဝေးမှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီမှာဆွေးနွေးမယ့် အကြောင်းအရာတော်တော်များများက ပြန်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မယ့်အစီအစဉ်တွေပဲ ဖြစ်ပါတယ်။

နှစ်အလိုက်ပဲ SCI အစည်းအဝေး Working Level မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးပြီးတော့ တချို့စီမံကိန်းတွေကို ဒီမှာပဲ အတည်ပြုပါတယ်။ တချို့ သိပ်ပြီးငွေကြေးများမယ့် စီမံကိန်းတွေကိုတော့ COCI အစည်းအဝေးမှာ ဆက်ပြီး တင်ပါမယ်။ COCI ပြည်ထောင်စုဝန်ကြီးအဆင့် Level တွေလုပ်တဲ့ အစည်းအဝေးမှာ ဆက်ပြီးအတည်ပြုသွားမှာ ဖြစ်ပါတယ်။ ရှေ့လျှောက်လည်း အာဆီယံနိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံအားလုံး ပြန်ကြားရေးကဏ္ဍမှာ ဒီထက်ပိုပြီး ပွင့်ပွင့်လင်းလင်းနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကိုလည်း ကဏ္ဍတစ်ရပ်အနေနဲ့ အစည်းအဝေးမှာ ထည့်သွင်းဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အာဆီယံနိုင်ငံအချင်းချင်းမှာ အပြန်အလှန်ဖလှယ်နေတဲ့ တီဗွီအစီအစဉ်တွေ ရှိပါတယ်။ Asean and Asia အစီအစဉ်တွေရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ယဉ်ကျေးမှုဆိုင်ရာတွေ၊ အဲဒီနိုင်ငံရဲ့အကြောင်းအရာတွေကို အာဆီယံက သတ်မှတ်ထားတဲ့ ဝက်ဘ်ဆိုက်တွေမှာ တင်ပြီး တခြားနိုင်ငံတွေအားလုံးက မျှဝေပြီး ယူသုံးမယ်။ သူတို့နိုင်ငံရဲ့ ဘာသာစကားနဲ့ ယူသုံးမယ်။ အဲဒီအစီအစဉ်တွေရှိပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် တစ်နိုင်ငံရဲ့အကြောင်းကို တစ်နိုင်ငံက သိသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း လစဉ် မြန်မာနိုင်ငံရဲ့အကြောင်းအရာတွေ သုံး-လေးခု တင်ပေးရတယ်။ အဲဒီလိုပဲ အခြားနိုင်ငံတွေရဲ့ တင်တဲ့အကြောင်းအရာတွေကိုလည်း ယူပြီးတော့သုံးပါတယ်။ အဓိကတော့ လက်ရှိ ဆွေးနွေးနေတဲ့အပေါ် မူတည်ပြီးပြောရရင် ပုဂ္ဂလိက မီဒီယာတွေအနေနဲ့ နောက်ပိုင်း ဒီမှာဝင်ပြီး ချိတ်ဆက်သွားလို့ရမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ထည့်သွင်းစဉ်းစားထားကြပါတယ်။

**ဦးဇေယျာ**

**ညွှန်ကြားရေးမှူး (မြန်မာ့အသံနှင့်ရေဒီယို)**

ဒီအစည်းအဝေးကတော့ တစ်နှစ်တစ်ကြိမ် အာဆီယံနိုင်ငံတွေမှာ အက္ခရာစဉ်အလိုက် အလှည့်ကျကျင်းပနေတာဖြစ်ပါတယ်။ အခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအနေနဲ့ လက်ခံကျင်းပတာဖြစ်ပါတယ်။ အာဆီယံမှာ နိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း၊ အာဆီယံစီးပွားရေးဆိုင်ရာ အသိုက်အဝန်းနဲ့ အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်းဆိုပြီး မဏ္ဍိုင်သုံးရပ်ရှိပါတယ်။ ဒီမဏ္ဍိုင်သုံးရပ်ထဲမှာမှ အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်းရဲ့လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဖို့အတွက် ယဉ်ကျေးမှုဆိုင်ရာ ဆပ်ကော်မတီနဲ့ ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီဆိုပြီး နှစ်ခုထပ်ခွဲထားပါတယ်။ ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီရဲ့ လက်ရှိဥက္ကဋ္ဌအနေနဲ့ ၂၀၁၈ ခုနှစ် တစ်ခုလုံး မြန်မာနိုင်ငံက တာဝန်ယူရတာဖြစ်ပါတယ်။ နောက်နှစ်မှာတော့ အက္ခရာစဉ်အတိုင်း ဖိလစ်ပိုင်နိုင်ငံက ဆက်လက်တာဝန်ယူသွားမှာဖြစ်ပါတယ်။ ဒီနေ့မှာ အဓိကကတော့ ပြန်ကြားရေးဆပ်ကော်မတီရဲ့အစည်းအဝေးတွေမှာ အထူးသဖြင့် အာဆီယံမဏ္ဍိုင် သုံးရပ်တည်ထောင်မှုနဲ့ပတ်သက်ပြီး အာဆီယံဆိုင်ရာ အသိအမြင်တွေကို ပြည်သူလူထုတွေ ပိုပြီးရရှိလာဖို့ ဒေသတွင်းမှာရှိတဲ့သူတွေက အာဆီယံနိုင်ငံသားဖြစ်ရတာ ဂုဏ်ယူတယ်ဆိုတဲ့ စိတ်မျိုးတွေဖြစ်လာအောင် မီဒီယာနည်းလမ်းနဲ့ ပူးပေါင်းဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ အထူးသဖြင့် အာဆီယံလူမှုရေးနဲ့ ပြန်ကြားရေးဆိုင်ရာ အသိုက်အဝန်း အကောင်အထည်ဖော်တဲ့နေရာမှာ အာဆီယံမိသားစုရဲ့စိတ်ဓာတ်တွေကို ပိုပြီးမြှင့်တင်ရာ ရောက်တဲ့ ရုပ်/သံ အစီအစဉ်တွေ ပိုပြီးရရှိလာအောင် ဘယ်လိုလှုပ်ရှားမှု၊ ဘယ်လိုပရောဂျက်တွေ ဆောင်ရွက်ကြမလဲဆိုတာမျိုးတွေကို ဆွေးနွေးတယ်။ နောက်အာဆီယံယဉ်ကျေးမှုဆိုင်ရာ ရန်ပုံငွေဆိုတာရှိပါတယ်။ ဒါကို ဘယ်လိုပရောဂျက် ခေါင်းစဉ်တွေနဲ့ ဘယ်သူတွေက ခွဲသုံးကြမလဲဆိုတာ ဆွေးနွေးတာတွေရှိပါတယ်။ နောက်တစ်ခါ အာဆီယံပြန်ကြားရေးဆပ်ကော်မတီရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ဆွေးနွေးကြမှာတွေရှိပါတယ်။ ဆွေးနွေးတာက ဒီနေ့အပြင် မနက်ဖြန် နေ့လယ်အထိ တစ်ရက်ခွဲစာ ဆွေးနွေးကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လက်ရှိပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီရဲ့ဥက္ကဋ္ဌ တာဝန်ယူနေတဲ့ကာလမှာ အာဆီယံမှာရှိတဲ့ အမျိုးသမီးလုပ်ငန်းရှင်တွေနဲ့ပတ်သက်ပြီး ရုပ်မြင်သံကြားအစီအစဉ်တစ်ခု ထုတ်လွှင့်ဖို့ Concept paper အနေနဲ့ ရေးသားထားတာကို တင်ပြပြီး ၁၀ နိုင်ငံလုံး ဝိုင်းဝန်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ပေါင်းပြီး ပရောဂျက်အနေနဲ့ လူငယ်ရေဒီယို ပရိုဂျူဆာတွေ အလုပ်ရုံဆွေးနွေးပွဲဆောင်ရွက်ဖို့ Concept paper ရေးထားတာကို ဆက်လက်အကောင်အထည်ဖော်ဖို့ရှိပါတယ်။ ကျန်တဲ့အပိုင်းတွေကတော့ အာဆီယံမှာ ပုံမှန်ဆောင်ရွက်နေကြ **"ရှုဖွယ်စုံလင် အာဆီယံတစ်ခွင်"** ဆိုတဲ့ အစီအစဉ်မျိုးတွေကို ဘာသာပြန်မယ်၊ ထုတ်လွှင့်မယ်။ ရေဒီယိုအစီအစဉ် ပူးပေါင်းထုတ်လုပ်တာတွေ၊ တီဗွီအစီအစဉ်ဖလှယ်ပြီး ထုတ်လွှင့်တာတွေ၊ အာဆီယံဉာဏ်စမ်းပဟေဠိအစီအစဉ်တွေ၊ အာဆီယံဂျာနယ်လစ်တွေ စေလွှတ်တာမျိုးတွေ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အလားတူ အာဆီယံ ၁၀ နိုင်ငံက တင်ပြလာတဲ့အချက်အလက်တွေထဲမှာ လုပ်သင့်လုပ်ထိုက်တာတွေကို လက်ခံပြီး အာဆီယံ ၁၀ နိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အာဆီယံဆိုတာ တစ်ခုတည်း တစ်စိတ်တစ်ဝမ်းတည်း ဖြစ်တယ်ဆိုတာ၊ အာဆီယံနိုင်ငံသားဖြစ်ရတာ ဂုဏ်ယူတယ်ဆိုတာ ဒီလိုစိတ်ဓာတ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရရှိတဲ့အကျိုးကျေးဇူး အသီးအပွင့်တွေကို ပြည်သူတွေ ခံစားနိုင်အောင် အာဆီယံဆိုင်ရာ အသိအမြင် မြှင့်တင်ပေးမှုတွေ ပိုပြီးတော့ တိုးမြှင့်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

**Mr. Has Sam Ath**

**ဒုတိယညွှန်ကြားရေးမှူးချုပ်**

**ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန**

ဒီနေ့ပြုလုပ်တဲ့အစည်းအဝေးကတော့ အများသိရှိကြတဲ့အတိုင်း (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးဖြစ်ပါတယ်။ အစည်းအဝေးကျင်းပရခြင်းရဲ့ အဓိကဦးတည်ချက်ကတော့ အာဆီယံနဲ့ အာဆီယံဒေသ ပြင်ပနိုင်ငံတွေအတွင်းမှာ အပြန်အလှန်နားလည်မှုမြှင့်တင်နိုင်ကြဖို့၊ အာဆီယံရဲ့ပြန်ကြားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဒေသတွင်းရှိနိုင်ငံတွေက ပြည်သူတွေရဲ့ အသိတရားကိုမြှင့်တင်ပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒေသဆိုင်ရာ သတင်းပြန်ကြားရေး အစီအစဉ်တွေနဲ့ စီမံကိန်းတွေနဲ့ ပတ်သက်ပြီး မနှစ်ကလုပ်ဆောင်ခဲ့တာတွေ၊ ယခုနှစ်လုပ်ဆောင်မှာတွေကို သုံးသပ်ဆွေးနွေးကြမှာဖြစ်ပါတယ်။

ယခုကျင်းပတဲ့ အစည်းအဝေးမှာ အကောင်အထည်ဖော်ဆဲလုပ်ငန်းများနဲ့ ဆက်လက်လုပ်ဆောင်သွားမယ့် ဒေသဆိုင်ရာ ပြန်ကြားရေးစီမံကိန်းတွေကို ပြန်ပြောင်းသုံးသပ်ကြပါမယ်။

ဒါ့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက စီမံကိန်းအသစ်နဲ့ပတ်သက်ပြီးတော့ အဆိုပြုချက်တွေ တင်သွင်းကြ၊ ဆွေးနွေးကြမှာဖြစ်ပါတယ်။ အထူးအားဖြင့် ယခု အစည်းအဝေးကျင်းပခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူတွေ တွေ့ဆုံခွင့်ရရှိကြပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကိစ္စရပ်တွေနဲ့ ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခွင့်ရရှိကြမှာဖြစ်ပါတယ်။

ယခုအချိန်အထိ ကျွန်တော်တို့နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား မီဒီယာပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးလုပ်ကိုင်ခြင်း မရှိသေးပေမယ့် လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစလို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ပြုလုပ်လာကြပါတယ်။

လတ်တလောမှာ မြန်မာနဲ့ကမ္ဘောဒီးယားတို့က တစ်နိုင်ငံနဲ့တစ်နိုင်ငံအကြား ပြည်သူတွေသိရှိရလေအောင် သတင်းအချက်အလက်တွေ ဖြန့်ချိပေးနိုင်မှု အားနည်းနေသေးတယ်လို့ ဆိုနိုင်ပါဦးမယ်။ ဒါပေမယ့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားရုပ်မြင်သံကြားဌာနနဲ့ မြန်မာနိုင်ငံရုပ်မြင်သံကြားဌာနတို့က တစ်နိုင်ငံရဲ့သတင်းတွေကို တစ်နိုင်ငံက ထုတ်လွှင့်ပေးနိုင်ဖို့ ပိုမိုလုပ်ဆောင်လာနိုင်ကြမယ်လို့ ရှုမြင်မိပါတယ်။ မိမိတို့နှစ်နိုင်ငံ အကြား မီဒီယာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်သွားမှာဖြစ်ပါတယ်။

**Ms. Mufidah Binti Abdul Hakim**

**ပြန်ကြားရေးအရာရှိ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ**

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အရေးပါတဲ့တွေ့ဆုံပွဲမှာ ဒေသတွင်းရှိနိုင်ငံတွေအတွင်း ပြန်ကြားရေးလုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ဖို့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အာဆီယံအသိုက်အဝန်းရဲ့ပြန်ကြားရေးနဲ့သတင်းမီဒီယာဆိုင်ရာ စီမံကိန်းတွေနဲ့အညီ အဖွဲ့ဝင်နိုင်ငံတွေအတွင်းမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ကိုင်သွားနိုင်ကြမှာ ဖြစ်ပါတယ်။ အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ဒေသဆိုင်ရာ ပြန်ကြားရေးစီမံကိန်းတွေနဲ့ အစီအစဉ်တွေကို တိုးတက်အောင် အကောင်အထည်ဖော်နိုင်ကြဖို့ မိမိတို့ရဲ့ရှုထောင့်အမြင်တွေကို သုံးသပ်ဆွေးနွေးကြမှာဖြစ်တာကြောင့် အာဆီယံအသိုက်အဝန်းအတွင်းရှိပြည်သူတွေအကြား တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပိုမိုသိရှိနားလည်နိုင်အောင် အကျိုးကျေးဇူးဖြစ်ထွန်းစေပါမယ်။

အာဆီယံနိုင်ငံတွေအတွင်းမှာသာမက ဒေသဆိုင်ရာနိုင်ငံတွေအကြား ပြန်ကြားရေးလုပ်ငန်းမှာ ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် စီမံကိန်းတွေနဲ့ အစီအစဉ်တွေကို ရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိနေပါတယ်။ ဒီအစည်းအဝေးမှာ ရှေ့လုပ်ငန်းစဉ်တွေချမှတ်ဆောင်ရွက်သွားနိုင်မှာဖြစ်ပြီး ညှိနှိုင်းဆွေးနွေးနိုင်ကြပါမယ်။အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြန်ကြားရေးကဏ္ဍနဲ့ သက်ဆိုင်နေတဲ့ ဆုံးဖြတ်ချက်တွေကို ပြန်လည်သုံးသပ်ကြမှာဖြစ်ပြီး လာမယ့်နှစ်အတွက် စီမံကိန်းဆိုင်ရာ အဆိုပြုချက်တွေကို တင်သွင်းကြပြီး အပြန်အလှန်ဆွေးနွေးကြမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - သတင်းလုလင်၊ ရီရီမြင့်၊ မြတ်စန္ဒီ၊**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

# (၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး

**ဇေယျာ (မြန်မာ့အသံ)**

(၁၉) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးကို ရန်ကုန်မြို့ Sky Star Hotel တွင် မတ်လ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

**မဏ္ဍိုင်သုံးရပ်နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဒေသတွင်းနိုင်ငံများ၏ အဖွဲ့အစည်းဖြစ်သည့် အာဆီယံ အသိုက်အဝန်း တည်ထောင်ရာတွင် အဓိကမဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း (ASEAN Political-Security Community-APSC)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) နှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း (ASEAN Socio-Cultural Community-ASCC) တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပေးခြင်း၊ ပြည်သူများသို့ အသိပညာဖြန့်ဝေးပေးခြင်းလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အလားတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအသိုက်အဝန်း (ASCC)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးဆိုင်ရာ ကော်မတီ (ASEAN Committee on Culture and Information-COCI) တွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံပြန်ကြားရေးဆပ်ကော်မတီ (Sub-Committee on Information-SCI) ၏ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**SCI ဖြစ်ပေါ်လာပုံ**

ASEAN Identity ထူထောင်ရေးကို သတင်းအချက်အလက် ပြန်ကြားရေးနည်းလမ်းဖြင့် အထောက်အကူပြုရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာကော်မတီ (ASEAN COCI) ကို ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့က ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာ စီမံကိန်း(Projects) များနှင့် လုပ်ငန်း (Activities) များကို ဆောင်ရွက်လျက်ရှိပါသည်။ COCI ကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ အမျိုးသားအဆင့် ရုပ်သံလွှင့်ဌာနများ၊ ပြတိုက်များ၊ သမိုင်းမော်ကွန်းတိုက်နှင့် စာကြည့်တိုက်များစသည့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

COCI တွင် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ(SCI)နှင့် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ(SCC) အစည်းအဝေးများကို နှစ်စဉ် သီးသန့်ကျင်းပလေ့ရှိပြီး အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ**

အဆိုပါ လုပ်ငန်းများတွင် နိုင်ငံအဆင့် (National Level) နှင့် ဒေသတွင်းအဆင့် (Regional Level) ဟူ၍ (၂)နှစ် တစ်ကြိမ်ကျင်းပသည့် အာဆီယံ ဉာဏ်စမ်းပဟေဠိ (ASEAN Quiz) ပြိုင်ပွဲကျင်းပသည့်လုပ်ငန်းများ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရေဒီယိုနှင့်ရုပ်သံအစီအစဉ်များ၊ သတင်းများ အပြန်အလှန်လဲလှယ်၍ သက်ဆိုင်ရာနိုင်ငံများရှိ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အာဆီယံဆိုင်ရာသတင်းများကို သီးသန့်ထုတ်ပြန်ကာ အာဆီယံဆိုင်ရာ အသိအမြင် (ASEAN Awareness) ကို မြှင့်တင်သည့် ASEAN-in-Action (AiA) Project/ Voice of ASEAN - Beyond Boundaries (VOA-BB) Project နှင့် ASEAN Television Network Program (ATN) Project များလည်း အပါအဝင်ဖြစ်ပါသည်။

ပြန်ကြားရေးကဏ္ဍတွင် အခြားအရေးပါသည့် လုပ်ငန်းဖြစ်သော ဒေသတွင်းနိုင်ငံများအကြား TV Analogue switch off date ကို သတ်မှတ်ဆောင်ရွက်သည့် ASEAN cooperation in digital broadcasting project များလည်း ပါဝင်ပါသည်။

ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စာနယ်ဇင်းသမားများ အပြန်အလှန် စေလွှတ်လေ့လာစေခြင်း (The visit of ASEAN journalists to China, India, Japan and the Republic of Korea Project) များဖြင့် မီဒီယာအဖွဲ့အစည်းများအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။

**အစည်းအဝေးကျင်းပပုံ**

အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး (SCI Meeting) များကို တစ်နှစ်လျှင်နှစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိပြီး အာဆီယံပြန်ကြားရေးဆပ်ကော်မတီ သီးသန့်အစည်းအဝေး (SCI Meeting) ကို မတ်လမှ ဇွန်လအတွင်းတွင် လည်းကောင်း၊ အာဆီယံယဉ်ကျေးမှုဆိုင်ရာကော်မတီ (SCC) နှင့် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ (SCI) တို့ ပူးတွဲကျင်းပသည့် COCI အစည်းအဝေးကို နှစ်စဉ် အောက်တိုဘာလမှ နိုဝင်ဘာလတွင် လည်းကောင်း ကျင်းပလေ့ရှိပါသည်။

**“ COCI တွင် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ (SCI)နှင့် အာဆီယံ ယဉ်ကျေးမှုဆပ်ကော်မတီ (SCC) အစည်းအဝေးများကို နှစ်စဉ် သီးသန့်ကျင်းပလေ့ရှိပြီး အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာ စေရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိ”**




အစည်းအဝေးများကို နိုင်ငံအက္ခရာစဉ်အလိုက် (ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်) အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရပါသည်။ အစည်းအဝေးများကို တံခါးပိတ် အစည်းအဝေး (Close Door Secession) ဖြင့် ကျင်းပပါသည်။ ဆုံးဖြတ်ချက်များကို အများသဘောတူညီချက်ဖြင့်သာ အတည်ပြုရသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပသောနိုင်ငံမှ သဘာပတိအဖြစ် ဆောင်ရွက်ရပါသည်။ နောက်တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံမှ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ရပါသည်။ အစည်းအဝေးမှချမှတ်ခဲ့သော လုပ်ငန်းစဉ်များကို ကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်းများအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လိုက်နာဆောင်ရွက်မှုများကို အိမ်ရှင်နိုင်ငံမှပင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှရုံးအဖွဲ့နှင့် ပူးပေါင်းကာ နောက်တစ်ကြိမ်အစည်းအဝေးထပ်မံကျင်းပမည့်ကာလတိုင်အောင် ကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်းများ ဆောင်ရွက်ပါသည်။ ပြီးခဲ့သည့် ငါးနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် SCI အစည်းအဝေးများ၊ အိမ်ရှင်နိုင်ငံနှင့် ကျင်းပသည့် ခုနှစ်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (၁) | $14^{th}$ SCI | ဘရူနိုင်း | ၂၀၁၃ |
| (၂) | $15^{th}$ SCI | ကမ္ဘောဒီးယား | ၂၀၁၄ |
| (၃) | $16^{th}$ SCI | အင်ဒိုနီးရှား | ၂၀၁၅ |
| (၄) | $17^{th}$ SCI | လာအို | ၂၀၁၆ |
| (၅) | $18^{th}$ SCI | မလေးရှား | ၂၀၁၇ |
| (၆) | $19^{th}$ SCI | မြန်မာ | ၂၀၁၈ |

**အစည်းအဝေးတွင် ဆွေးနွေးသည့်အချက်များ**

SCI အစည်းအဝေးများအား သက်ဆိုင်ရာနိုင်ငံအလိုက် ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌများ (အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်များ/ ဒုတိယညွှန်ကြားရေးမှူးချုပ်များ) အပါအဝင် ပြန်ကြားရေးကဏ္ဍဆိုင်ရာမှ ကိုယ်စားလှယ်များက ပါဝင်တက်ရောက်လေ့ရှိပြီး တံခါးပိတ်အစည်းအဝေးအဖြစ် နှစ်ရက်ကြာ ကျင်းပလေ့ရှိပါသည်။ အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် မဏ္ဍိုင်အသီးသီးရှိ အစည်းအဝေးများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာဆုံးဖြတ်ချက်များနှင့် လက်ရှိပြန်ကြားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ဆက်သွယ်ပြန်ကြားရေးကဏ္ဍဆိုင်ရာ နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် မဟာဗျူဟာများ ရေးဆွဲအတည်ပြုခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်လျာထားခြင်း၊ အာဆီယံယဉ်ကျေးမှုရန်ပုံငွေ (ASEAN Cultural Fund) အသုံးပြုမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စီမံကိန်းများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဆွေးနွေးညှိနှိုင်းကြခြင်း၊ နောက်တစ်ကြိမ် SCI အစည်းအဝေးကို အလှည့်ကျ ကျင်းပမည့်နိုင်ငံရွေးချယ်အတည်ပြုခြင်းများ ဆောင်ရွက်ပါသည်။

**ဦးစားပေးလုပ်ငန်းများ**

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံပြန်ကြားရေးဆပ်ကော်မတီက အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ရာ ထိုသို့အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အာဆီယံပြန်ကြားရေးဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministers Responsible for Information- AMRI meeting)၊ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာကော်မတီ (ASEAN-COCI) တို့၏ လမ်းညွှန်ချက်များနှင့်အညီ အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့်အာဆီယံဆိုင်ရာ သတင်းအချက်အလက် ပြန့်ပွားရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရန်၊

(ခ) သင့်တင့်မျှတပြီး လိုက်လျောညီထွေဖြစ်စေမည့် မူဝါဒများနှင့် စီမံချက်များချမှတ်ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံဒေသတွင်း အထူးသဖြင့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပြန်လည်သုံးသပ်ရန်၊

(ဂ) SCI ကဏ္ဍအတွက်လိုအပ်နေသည့် ပြန်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ အခက်အခဲများ၊ လိုအပ်ချက်များအား ခွဲခြားဆန်းစစ်ရန်နှင့် သင့်တော်သည့် စီမံကိန်းများ ချမှတ်ဖော်ဆောင်ရန်၊

(ဃ) အာဆီယံပြန်ကြားရေးဝန်ကြီးများ အဆင့်အစည်းအဝေး (ASEAN Ministers Responsible for Information- AMRI meeting) နှင့် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASEAN Senior Officials Responsible for Information- SOMRI meeting)တို့မှ လမ်းညွှန်ချမှတ်ပေးလိုက်သည့် ပြန်ကြားရေးဆိုင်ရာ သီးသန့်စီမံကိန်းများအား အကောင်အထည်ဖော်ရာတွင် နည်းလမ်းသစ်၊ အကြံဉာဏ်သစ်များ ဖလှယ်ဆောင်ရွက်ရန်၊

(င) အာဆီယံယဉ်ကျေးမှု ရန်ပုံငွေ (ASEAN Cultural Fund-ACF) မှ ကျခံရန် အတည်ပြုထားသည့် စီမံကိန်းများအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံချက်များချမှတ်ရန်၊ အကောင်အထည်ဖော်ရန်နှင့် စောင့်ကြည့်စစ်ဆေးရန်၊

(စ) စီမံကိန်းအလိုက် ပြီးစီးမှု အစီရင်ခံစာ (Progress Report) နှင့် ဘဏ္ဍာရေး အစီရင်ခံစာ (Financial report) များအပါအဝင် စီမံကိန်းအစီရင်ခံစာများအား စိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) အာဆီယံအသိုက်အဝန်း ဖြစ်တည်မှု (ASEAN Identity) ကို နိုင်ငံသားများ အကြားတွင် ဂုဏ်ယူတတ်သည့် အလေ့အထကောင်းများရှိလာစေရေး အာဆီယံ အသိပညာမြှင့်တင်မှု (ASEAN Awareness) လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးအတွက် ဦးစားပေးနယ်ပယ်များ သတ်မှတ်ရန်၊ မပြီးပြတ်သေးသောလုပ်ငန်းစဉ်များ၏ အခြေအနေကို ပြန်လည်သုံးသပ်ရန်နှင့် တောင့်တင်းခိုင်မာသော အာဆီယံအဖွဲ့ကြီး ဖြစ်ပေါ်လာရေးအတွက် အနာဂတ်ဦးဆောင်ဦးရွက်ပြုမှု လုပ်ငန်းများသတ်မှတ်ရန်၊

(ဇ) အာဆီယံကို ပြည်သူ့ဗဟိုပြုအဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲရန်၊ လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများ ခိုင်မာစေရန်၊ အာဆီယံ လှုပ်ရှားဆောင်ရွက်မှုများတွင် အမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ ပါလီမန်အမတ်များနှင့် သတင်းလောကသားများ ပါဝင်ဆောင်ရွက်လာရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊

(ဈ) အာဆီယံဒေသအတွင်း ဦးစားပေးနယ်ပယ်များနှင့် AMRI /AMCA တို့၏ လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန် မလျော့ကျစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(ည) အာဆီယံပြန်ကြားရေးနှင့် ယဉ်ကျေးမှုကော်မတီမှ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်၊

**ပဏာမခြေလှမ်း**

ဖော်ပြပါ ဦးစားပေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက်ဒေသတွင်းအဆင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ရာ ယခု မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး ($19^{th}$ SCI Meeting) သည် ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌအဖြစ် ၂၀၁၈ ခုနှစ် တစ်နှစ်တာလုံး ဆောင်ရွက်မည့် မြန်မာနိုင်ငံ ပြန်ကြားရေးဆပ်ကော်မတီ၏ ပဏာမခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါသည်။

အဆိုပါပဏာမခြေလှမ်းအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခုအခါ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ၊ အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခုအား ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးထားပြီးဖြစ်၍ အဘက်ဘက်တွင် အဆင်သင့်ဆောင်ရွက်ထားရှိခဲ့ပြီးလည်း ဖြစ်ပါသည်။

**ယခင်အတွေ့အကြုံများအပေါ်အခြေခံ**

စင်စစ် ယခု ကျင်းပသည့် $19^{th}$ SCI အစည်းအဝေးသည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် SCI အစည်းအဝေးဖြစ်ပြီး $9^{th}$ SCI အစည်းအဝေးကို မြန်မာနိုင်ငံနေပြည်တော်တွင် ၂၀၀၇ ခုနှစ်က အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပခဲ့ဖူးသည့် အတွေ့အကြုံလည်း ရှိခဲ့သည်။

ထို့အပြင် တတိယအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများအဆင့် အစည်းအဝေး ($3^{rd}$ AMRI)နှင့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး ($12^{th}$ SOMRI) တို့ကို မြန်မာနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ထပ်မံ၍ အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ($13^{th}$ SOMRI ) ကို ရေဝတီတိုင်းဒေသကြီး၊ ငွေဆောင်တွင် ၂၀၁၅ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးသည့် အတွေ့အကြုံများရှိခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ယခင်ရရှိခဲ့ပြီးသည့် အတွေ့အကြုံများအပေါ်တွင် အခြေခံ၍ ယခုတစ်ဖန် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ထပ်မံရရှိသည့် (၁၉) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး ($19^{th}$ SCI Meeting) ကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေး မြန်မာနိုင်ငံ ပြန်ကြားရေး ဆပ်ကော်မတီ (SCI-Myanmar ) က ဆောင်ရွက်လျက်ရှိပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။ ။

# ရခိုင်ပြည်နယ်အတွင်း နိပ္ပွန်ဖောင်ဒေးရှင်းမှ ဆောက်လုပ်ပြီးစီးခဲ့သည့် စာသင်ကျောင်းဆောင် ၁၀၀ ပြီးစီးခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၆**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်း (အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ BAJ)တို့ ပူးပေါင်းဆောင်ရွက်သည့် ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းဆောင် ၁၀၀ ပြီးစီးခြင်းအထိမ်းအမှတ် အခမ်းအနားကို မတ် ၅ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကြို့တဲအခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက စာသင်ကျောင်းဆောင် ၁၀၀ ဆောက်လုပ်ပြီးစီးခြင်း အခမ်းအနား အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အမှာစကားပြောကြားပြီးနောက် ဂျပန်နိုင်ငံနိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA က ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းဆောက်လုပ်ခြင်း စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI က အမှာစကားပြောကြားကာ အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ (BAJ) ဥက္ကဋ္ဌ Ms. Etsuko Araishi က ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းဆောင် ၁၀၀ ဆောက်လုပ်ပြီးစီးခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စာသင်ကျောင်းဆောင် ဆောက်လုပ်ရေးစီမံကိန်းများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အခြေခံပညာဦးစီးဌာန ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ထွန်းလှနှင့် ကြို့တဲကျေးရွာ ကိုယ်စားလှယ်တို့က စာသင်ကျောင်းဆောင် ၁၀၀ ဆောက်လုပ်ပြီးစီးမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ဌာနေကိုယ်စားလှယ် Ms. Akiko MORI က စာသင်ကျောင်း ၁၀၀ ပြီးစီးခြင်း အမှတ်တရအလံများအား အခမ်းအနားသို့ တက်ရောက်လာကြသူများထံ ပေးအပ်ပြီး စာသင်ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်း ၁၀၀ ဆောက်လုပ်ခြင်းစီမံကိန်းသည် နိပ္ပွန်ဖောင်ဒေးရှင်း၏ လှူဒါန်းထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ခြောက်သန်းဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ စာသင်ကျောင်း ၁၀၀ ဆောက်လုပ်ခြင်းအား နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ (Bridge Asia Japan – BAJ) က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



“အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့”
“ အမျိုးသမီးများဘဝ မြှင့်တင်ဖို့ ကျေးလက်နှင့် မြို့ပြ တက်ကြွလှုပ်ရှားသူများ ပူးပေါင်းလို့ ယခုပင် ကြိုးပမ်းကြပါစို့”
“Time is Now : Rural and urban activists transforming women’s lives”
နေပြည်တော် ၈.၃.၂၀၁၈

*ကျောဖုံးမှ*

အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးမည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၁၆၇၃ စု၊ လူဦးရေ ၈၀၃၂ ဦး၏ အချက်အလက်များကို မြန်မာနိုင်ငံဘက်သို့ ပေးအပ်ခဲ့သည်။

အဆိုပါ နေရပ်စွန့်ခွာသူများ၏စာရင်းကို နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့မှ ညှိနှိုင်းသဘောတူထားသည့် ပုံစံကိုအသုံးပြုထားမှုမရှိဘဲ သီးခြားပုံစံဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြုစုပေးပို့ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးပို့လာသောပုံစံများမှာ နှစ်နိုင်ငံလုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များ သဘောတူထားသည့် ပုံစံမဟုတ်သည့်အတွက် နေထိုင်ခဲ့ခြင်း ရှိ၊ မရှိ စိစစ်ရာတွင် အခက်အခဲများစွာ တွေ့ကြုံရပြီး တွေ့ကြုံရသည့် အခက်အခဲများမှာ-

- မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုမှု ဟုတ်၊ မဟုတ် စိစစ်၍ မရနိုင်ခြင်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လေးစားလိုက်နာပါမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်များမရရှိနိုင်ခြင်း၊
- ပုံစံပါအချက်အလက်များ မှန်ကန်ကြောင်း ကာယကံရှင်မှ လက်မှတ်ရေးထိုးထားသည့် (သို့မဟုတ်)လက်ဗွေရိုက်နှိပ်ဖော်ပြထားသည့် အချက်အလက်များ မပါရှိခြင်း၊ ပုံစံ ခေါင်းစဉ်ကိုက်ညီမှုမရှိခြင်း၊
- ပုံစံနံပါတ်နှင့် ဖြည့်သွင်းရက်စွဲများ မပါရှိခြင်း၊
- အိမ်ထောင်ဦးစီး၏ ထင်ရှားသော အမှတ်အသားနှင့် လက်ဗွေများမပါရှိခြင်း၊
- မြန်မာနိုင်ငံအစိုးရမှ ထုတ်ပေးထားသော ယခင်ကိုင်ဆောင်ခဲ့သည့် လက်မှတ်နှင့် နံပါတ်များ ရှိ၊ မရှိ ဖော်ပြမထားသဖြင့် စိစစ်၍ မရနိုင်ခြင်း၊ အိမ်ထောင်ဦးစီး၏ မိဘများ မြန်မာနိုင်ငံ၌ နေထိုင်ခဲ့သည့် နေရပ်လိပ်စာမပါရှိ၍ ဆက်စပ်ရှာဖွေရန် ခက်ခဲခြင်း၊
- ဆန္ဒအလျောက် ပြန်လာလိုသူ၏ ဓာတ်ပုံနှင့် ယခင်မြန်မာနိုင်ငံ၌ နေထိုင်ခဲ့စဉ်က ပြုစုထားသော အိမ်ထောင်စုအလိုက် ဓာတ်ပုံတို့ကို ခေတ်မီနည်းပညာဖြင့် စစ်ဆေးရန် ဆောင်ရွက်ထားသော်လည်း ပေးပို့လာသော ဓာတ်ပုံများ၏ အရည်အသွေးမပြည့်မီမှုကြောင့် တိုက်ဆိုင် စစ်ဆေး၍ မရနိုင်ခြင်း၊
- ဖြည့်သွင်းရမည့်ပုံစံ၌ လက်မှတ်ရေးထိုးရမည့်နေရာ၊ လက်ဗွေရိုက်နှိပ်ရမည့်နေရာများ ဖော်ပြထားသော်လည်း ယခုအခါ လက်မှတ်ရေးထိုးထားခြင်း၊ လက်ဗွေရိုက်နှိပ်ထားခြင်းမရှိ၍ အတင်းပြန်ပို့ရန် ဆောင်ရွက်နေသည်ဆိုသည့် သတင်းစကားကို မှား၊ မှန် ဆုံးဖြတ်၍မရသည့် ပုံစံဖြစ်နေခြင်း၊
- အိမ်ထောင်စုစာရင်းဝင် တစ်ဦးချင်း အဘအမည်၊ အမိအမည်မပါရှိ၍ အခြားသူများ ရောနှောပါရှိလာနိုင်ခြင်း၊
- အိမ်ထောင်စုဝင် သားသမီးများ၏ မွေးရပ်မဖော်ပြထား၍ မသက်ဆိုင်သူများ ပါရှိလာနိုင်ခြင်း၊
- ကိုင်ဆောင်သည့် လက်မှတ်နံပါတ်များ မဖော်ပြထားခြင်းကြောင့် မိမိဘက်မှ မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးရန်အခွင့်မရှိခြင်း၊
- အခြားတင်ပြလိုသည့် အထောက်အထားများ ပူးတွဲတင်ပြထားသည့် အနေအထားမရှိ၍ စိစစ်မှုတွင် အထောက်အကူမဖြစ်ခြင်း၊
- နှစ်နိုင်ငံသဘောတူထားသောပုံစံတွင် မိသားစုဝင်တစ်ဦးချင်း၏ ဓာတ်ပုံနှင့် လက်ဗွေများရိုက်နှိပ်ရန် ပါရှိသော်လည်း ယခုပေးပို့လာမှုတွင် ဓာတ်ပုံနှင့် လက်ဗွေများ မရရှိခြင်း၊
- မိသားစုဓာတ်ပုံပါသော်လည်း ထင်ရှားမှုမရှိခြင်း၊
- ပြန်လည်စိစစ်လက်ခံရေးအဖွဲ့မှ စိစစ်လက်ခံသူများ လက်မှတ်ရေးထိုးမှုမပါရှိ၍ နောင်တွင် ရှုပ်ထွေးမှုများစွာ ဖြစ်လာနိုင်ခြင်းတို့ကိုတွေ့ရှိရသဖြင့် နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့မှ အတည်ပြုထားသော သဘောတူညီချက် နောက်ဆက်တွဲ ဖော်ပြပါပုံစံ၌ ပြန်လည်ဖြည့်စွက်ပြီး သံတမန်လမ်းကြောင်းမှ ပြန်လည်ပေးပို့ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြောင်းကြားထားကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးပူးတွဲလုပ်ငန်းအဖွဲ့၏ ယခင် နှစ်နိုင်ငံသဘောတူထားသည့် ပုံစံကို ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုသူများ ဖြည့်သွင်းရမည့်ပုံစံကို ပထမအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် နှစ်ဖက်အကျေအလည်ဆွေးနွေးထားပြီးဖြစ်ရာ ဆက်လက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ အမြန်ဆုံးစိစစ်လက်ခံနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


# ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ယနေ့စတင်ဖြေဆို

**နေပြည်တော် မတ် ၆**
မြန်မာတစ်ပြည်လုံးရှိ စာစစ်ဌာနများတွင် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက် **(ယနေ့)**တွင် စတင်ဖြေဆိုကြပြီဖြစ်သည်။

ယခုနှစ်တွင် မြန်မာတစ်ပြည်လုံး၌ တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းတွင်း ဖြေဆိုသူ ၅၁၈၀၀၆ ဦးနှင့် ကျောင်းပြင်ပ ဖြေဆိုသူ ၃၂၆၂၃၁ ဦး စုစုပေါင်း ၈၄၄၂၃၇ ဦးရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ထို့အပြင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ကျောင်းသား ကျောင်းသူများအတွက် ဆေးရုံစာဖြေဌာန လေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ စီစဉ်ထားရှိကြောင်း သိရသည်။

အလားတူ ပြစ်ဒဏ်ကျခံနေရသည့် ကျောင်းသား ကျောင်းသူများအတွက် အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မန္တလေး ဗဟိုအကျဉ်းထောင် (အိုးဘို)တို့တွင် စာစစ်ဌာနများ ဖွင့်လှစ်ထားကြောင်း သိရှိရသည်။ **မြတ်ဖုန်းဦး(နေပြည်တော်)**




# AFC Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အဝေးကွင်း၌ ရှုံးနိမ့်

**ရန်ကုန် မတ် ၆**
၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (F) တတိယနေ့အဖြစ် ဖိလစ်ပိုင်ကလပ်ဆီရက်စ်အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့၌ ယှဉ်ပြိုင်ကစားရာ ဆီရက်စ်အသင်းက နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပထမအကျော့အပြီးတွင် ဒုတိယမြောက်ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ဖိအားဝင်သွားခဲ့ရပြီး ဒုတိယအကျော့ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီရက်စ်အသင်းကို ပယ်နယ်တီတွင် ရှုံးနိမ့်ကာ အကြိုခြေစစ်ပွဲ ပထမအဆင့်မှ ထွက်ခဲ့ရသလို ယခု AFC Cup ပြိုင်ပွဲတွင်လည်း ယင်းအသင်းကို ထပ်မံရှုံးနိမ့်ကာ နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း အဝေးကွင်းတွင် ခံစစ်အသားပေး ကစားခဲ့သောကြောင့် ဆီရက်စ်ဂိုးပေါက်ကို ထင်သလောက် ခြိမ်းခြောက်နိုင်ခြင်းမရှိခဲ့ပေ။ ဆီရက်စ်အသင်းသည် ပထမပိုင်းတွင် ရှမ်းယူနိုက်တက်နောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိသော်လည်း ဒုတိယပိုင်းတွင် ရှမ်းနောက်တန်း အမှားများကို အသုံးချကာ အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ဆီရက်စ်အသင်းအတွက် အနိုင်ဂိုးများကို ၇၉ မိနစ်တွင် ပက်ထရစ်နှင့် ၈၃ မိနစ်တွင် မာရာနွန်တို့က သွင်းယူခဲ့သည်။ အုပ်စု (F) အခြားပွဲတွင် အန်ကော (ကမ္ဘောဒီးယား)က ဟုမ်းယူနိုက်တက် (စင်ကာပူ) ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့အပြီးတွင် အုပ်စု (F) ၌ ဆီရက်စ်အသင်းက ခုနစ်မှတ်၊ ဟုမ်းယူနိုက်တက်အသင်းက လေးမှတ်၊ ရှမ်းယူနိုက်တက်နှင့် အန်ကောအသင်းတို့က သုံးမှတ်စီ ရထားသည်။

**ဖိုးသော်ဇင်**

# လူထုအခြေပြုဗဟိုဌာနအတွက် ဥပဒေရေးရာစာအုပ်များ လှူဒါန်း

**လွိုင်ကော် မတ် ၆**
ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများသည် မတ် ၆ ရက်က လွိုင်ကော်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနအတွက် ဥပဒေရေးရာစာအုပ်များလာရောက်လှူဒါန်းခဲ့ရာ ပြည်နယ်ဦးစီးမှူး ဦးစန်းနွယ်နှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ ထို့အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (လွိုင်ကော်) စာကြည့်တိုက်နှင့် ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် လွိုင်ကော်ဌာနခွဲစာကြည့်တိုက်သို့ စာအုပ်များ သွားရောက်လှူဒါန်းခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၆**
မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၇ -၃- ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
၈း၃၅ - **နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး** (စည်းကြပ်မှုလွတ်ကင်းသော ဝင်ငွေခွန်အကြောင်း သိကောင်းစရာ)
၈း၅၅ - စိုက်ပျိုးရေးရာအဖြေရှာ "စူးစမ်းလေ့လာ တောင်သူများဆီမှာ"
၉း၁၅ - "အမျိုးသမီးများ နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗန်းရှင်း" (CEDAW ဆိုတာ ဘာလဲ)
၁၀း၄၀ - ပြည်သူ့နီတိ"သူ့စကားလည်း နားထောင်ပေးပါ"
၁၀း၅၀ - One Championship Quest for Gold
၁၁း၁၅ - **"ပိုမိုလေးကင်းသောလမ်းမ များဆီသို့"**
၁၁း၃၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၃း၀၅ - ငြိမ်းချမ်းရေးဂီတပွဲတော်ထုတ်လွှင့်မှုအစီအစဉ် (Level-I) (လားရှိုးမြို့)(ပထမပိုင်း)
၁၄း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်(နဂါးပုလဲ)**(အပိုင်း-၄)

**ညပိုင်း**

၁၆း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှဆောင်ရွက်ချက် များ"(၃၄)
၁၆း၄၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင်"မောင်မစ္စကဝိညာဉ်"
၁၆း၅၅ - ရှန်းကန်လှုပ်ရှားဘဝများ " ပင်ယံထက်က ဘဝဝမ်းစာ"
၁၇း၁၀ - အနုပညာခန်းရိပ်သာ (အဆိုတော် သန်းမြတ်စိုးနှင့်တွေ့ဆုံခြင်း)
၁၇း၂၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၃၅)
၁၇း၃၅ - MRTV Travelogue
၁၈း၂၀ - Football Magazine
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ပန်းနှစ်ပွင့်စီးချင်း** (အပိုင်း-၂၈)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "အလှတို့ပေါင်းစုရာမြေ တောင်ပေါ် ဒေသနာဂမြေ"
- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်**(နဂါးပုလဲ)(အပိုင်း-၅)
- ဂီတသမား ဂီတစကား"တေးရေးမှော်ဆရာကြီးနဲ့ တေးဆို ကဝေမယ်တို့ရဲ့တေးသီချင်းများ" (တွေ့ဆုံဆွေးနွေး- ဂီတစာဆို ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- နိုင်ငံခြားလမ်းတွဲ "အေးအတူပူအမျှ" (အပိုင်း-၂၀)

## မြင်းခြံမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း၌ မှုခင်းအသိပညာပေး ဟောပြော



**မြင်းခြံ မတ် ၆**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့တွင် မှုခင်းအသိပညာပေးခြင်းအား အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

မှုခင်းကျဆင်းရေး အသိပညာပေးခြင်းအား မြင်းခြံနယ်မြေရဲစခန်းမှ ရဲအုပ်ကျော်ဦး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးကိုကိုတို့ပါဝင်သော ရဲတပ်ဖွဲ့များမှ မြင်းခြံမြို့နယ်ရွာစည်ကျေးရွာအုပ်စု ရွာစည်မြောက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျေးရွာနေပြည်သူများအား မှုခင်း အသိပညာဗဟုသုတများပွားများစေရန် ရည်ရွယ်ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ မှုခင်းအသိပညာပေးဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေ ကျေးရွာသူ ကျေးရွာသားများ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**အင်းတော် မတ် ၆**
အင်းတော် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မတ် ၆ ရက်က အင်းတော်မြို့ အောင်ချမ်းသာ ရပ်ကွက်ရှိ အောင်နိုင်သူ ကားဂိတ်ပိုင်ရှင် ဦးအောင်မင်းတို့က ၎င်းဂိတ်တွင် မသင်္ကာဖွယ် ခရမ်းချဉ်သီးခြင်း လေးခြင်းအား မမေဇင်မြင့်(ခ) မချစ်ချစ်ဇော်မှ ကချင်ပြည်နယ် တနိုင်းမြို့သို့ ပို့ဆောင်ရန် လာရောက်ပို့ထားကြောင်း ဖုန်းဖြင့် အကြောင်းကြားလာသဖြင့် သွားရောက်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ယင်းခြင်းများအတွင်းမှ ငွေကျပ်သိန်း ၄၂၅၀၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှာဖွေစစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ **လူအောင်(ကသာ)**

## အင်္ဂပူမြို့တွင် မြေနုကျွန်းများခွဲဝေမှုကို ကျေနပ်မှုမရှိသည့်အတွက် တောင်သူများ ဆန္ဒဖော်ထုတ်

**အင်္ဂပူ မတ် ၆**
အင်္ဂပူမြို့နယ် လူတော်စုကျေးရွာအုပ်စု အမြိုင်ကျေးရွာနှင့် နောက်မီးကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာကြား ကွင်းအမှတ် ၇၂၈ နှင့် ၇၂၉ ကြားရှိ မြေနုကျွန်းများခွဲဝေပေးမှုကို ကျေနပ်မှုမရှိသည့်အတွက် မတ် ၆ ရက် နံနက် ၁၁ နာရီက တောင်သူများက ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့သည်။

လမ်းလျှောက်ဆန္ဒပြခြင်းကို ဦးလှမောင်နှင့်ဦးဇော်မျိုးအောင် ဦးဆောင်သော အမြိုင်ကျေးရွာမှ တောင်သူများက စုရပ်ဖြစ်သော ဝက်သေကျေးရွာအုပ်စု အေးစေတီကျေးရွာ ဘုရားအနီးမှစတင်ပြီး ဝေန်ရောလမ်း၊ နန္ဒဝန်းလမ်း၊ချယ်ရီ(တောင်)လမ်းနှင့် ခတ္တာလမ်းမတစ်လျှောက် အင်အား ၅၀ ခန့်ဖြင့် ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့သည်။

လမ်းလျှောက်ဆန္ဒဖော်ထုတ်ရခြင်းမှာ ကွင်းအမှတ် ၇၂၈ နှင့် ၇၂၉ ကြားရှိ မြေနုကျွန်းဧက ၈၀ ခန့်ကို ခွဲဝေချထားပေးရာတွင် မျှတမှုမရှိသည့်အတွက် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဦးဆောင်သူ ဦးဇော်မျိုးအောင်က ပြောသည်။ **မန်းကျော်(ပြန်/ဆက်)**



## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မတ် ၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၁၀၅၀၊ သွင်းကုန် ၈၃၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၃၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၅ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၄၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၀၈၅ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၇၃၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၅ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် TOYOTA HILUX SURF မော်တော်ယာဉ် တစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ PSI Receiver 500 U နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၂ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သိန်းနီမြို့ သုသာန်ဟောင်းအနီး၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲ

**သိန်းနီ မတ် ၆**
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန်းနီမြို့နယ်၌ ယနေ့နံနက်က သိန်းနီမြို့မရဲစခန်း၏ အနောက်မြောက်ဘက် သုသာန်ဟောင်းအနီး၌ ဒေသန္တရလက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ၎င်းနေရာအနီးတွင် မပေါက်ကွဲသေးသော အဝေးထိန်းခလုတ် လက်လုပ်မိုင်းတစ်လုံး ထပ်မံတွေ့ရှိသဖြင့် သက်ဆိုင်ရာ အမှတ်(၁၆) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များမှ သွားရောက်စစ်ဆေးခဲ့ပြီး နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက မပေါက်ကွဲသေးသော ဒေသန္တရ အဝေးထိန်းခလုတ်လက်လုပ်မိုင်းအား သက်မဲ့အောင်ပြုလုပ်ပြီး အနီးပတ်ဝန်းကျင်အား မိုင်းရှင်းလင်းရေးဆောင်ရွက်ခဲ့သည်။ ပေါက်ကွဲမှုကြောင့် လူနှင့် တိရစ္ဆာန်ပစ္စည်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သတင်းရရှိသည်။

**ချစ်လှ**



## ပြည်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်များ လိုက်လံခိုးယူနေသည့်အဖွဲ့အား ဖမ်းဆီးရမိ

**ပြည် မတ် ၆**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်း သံဖြတ် Cutter ဖြင့် ဖြတ်၍ ဆိုင်ကယ်များ လိုက်လံခိုးယူနေသည့် အဖွဲ့အား ပြည်မြို့ အမှတ်(၁) နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်လှိုင်ဝင်း ဦးဆောင်သောအဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၄နာရီတွင် ပြည်မြို့နဝင်းရပ်ကွက် ဒေါနခြံလမ်းထိပ် ရွှေတစ်ချောင်းလမ်းမပေါ်၌ ဝပ်ကင်းဆောင်ရွက်နေစဉ် အရှည် သုံးပေခန့်ရှိ သံဖြတ် Cutter တစ်ခုနှင့် အတူ ဇော်ဇော်(ခ) အောင်အောင်(ခ)ဟူစိန်ပါ လေးဦးအဖွဲ့အား မသင်္ကာဖွယ်တွေ့ရှိရ၍ ဒုရဲအုပ် လှိုင်မိုးဝေက တရားလို ပြုလုပ်တိုင်တန်းသဖြင့် ပြည်အမှတ်(၁) ရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။ ဖမ်းဆီးရမိသူများအား ဆက်လက်စစ်မေးရာ မတ် ၄ ရက် အထိ ၎င်းတို့ ယခင်ခိုးယူထားခဲ့သော စုစုပေါင်း ဆိုင်ကယ် ၁၃ စီး သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ ငါးဦး စုစုပေါင်း မသင်္ကာသူကိုးဦးအား ပြည်မြို့မရဲစခန်းနှင့်အမှတ် ၁ နယ်မြေရဲစခန်းတို့တွင် အမှုဖွင့်ထားရှိကာ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် မီးသီးခေါင်း အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၆**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၃၆ ရပ်ကွက် အောင်မြေလမ်း အိမ်အမှတ် ၃၄၄ တွင် မတ် ၆ ရက် နံနက် ၈ နာရီခန့်က ဒေါ်သန္တာဆွေပိုင်နေအိမ်တွင် ငှားရမ်းနေထိုင်သော ဒေါ်သန်းမြင့်က ဘုရားမီးပူဇော်ရာမှ မီးသီးခေါင်းအပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၉၀၊ အရန်မီးသတ် ၄၄ ဦး စုစုပေါင်း ၁၃၄ ဦး၊ မီးသတ်ယာဉ် ၁၃ စီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ ထောက်ပံ့ယာဉ် သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၈ နာရီ ၁၇ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်းနှင့် အိမ်ခြေ တစ်လုံး မီးလောင်ခံရပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၃ သိန်းခန့် ဖြစ်ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမျိုးဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဘိုတွင် ဘိန်းဖြူ ငွေကျပ် ၂၄ သိန်းဖိုး ဖမ်းဆီးရမိ

**ရွှေဘို မတ် ၆**
ရွှေဘိုမြို့အဝင် ကားဝင်းဂိတ်အနီး အမှတ် ၇ ရပ်ကွက် တိုင်းရင်းဆေးရုံလမ်းပေါ်တွင် မူးယစ်ဆေးဝါးသတင်းအရ ရဲတပ်ကြပ်လှဝင်း ဦးဆောင်သောအဖွဲ့သည် မတ် ၄ ရက် ညနေ ၅ နာရီခန့်တွင် စောင့်ဆိုင်းနေစဉ် အရှေ့မှ အနောက်သို့ ဆိုင်ကယ်အားတစ်ဦးတည်းမောင်းနှင်လာသူ မောင်ထွန်း(၃၃နှစ်) အောင်ဆန်းရပ်ကွက် ရေဦးမြို့နေသူအား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းဝတ်ဆင်လာသည့် အင်္ကျီအိတ်အတွင်းမှ ဘိန်းဖြူအမှုန့် ၂၄ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၂၄ သိန်းဖိုးခန့် တွေ့ရှိရသဖြင့် မောင်ထွန်းအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ဇော (ရွှေဘို)**

# နျူကလီးယားစာချုပ်ကို ကာကွယ်ရေးအကူအညီပေးရန် ဥရောပအား အီရန်တိုက်တွန်း

**တီဟီရန် မတ် ၆**

အီရန် ထိပ်တန်းအာဏာပိုင်များသည် ၂၀၁၅ခုနှစ်ကသဘောတူညီခဲ့သည့်အီရန် နျူကလီးယား သဘောတူ စာချုပ်ကို အကာအကွယ်ပေးရန်အတွက် ဥရောပနိုင်ငံများက စုစည်းညီညွတ်စွာ ဖြေရှင်းပေးကြရန် တောင်းဆိုတိုက်တွန်းခဲ့ကြောင်း သိရသည်။

ဥရောပအနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီမှုအောက်တွင် အမေရိကန်က ၎င်း၏တာဝန်များကို လိုက်နာဆောင်ရွက်ရန် တွန်းအားပေးသင့်ကြောင်း တနင်္လာနေ့တွင် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက် ဇာရစ်ဖ်က မြို့တော်တီဟီရန်၌ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Jean Yves Le Drian နှင့် တွေ့ဆုံခဲ့စဉ်ပြောကြားခဲ့သည်။

ထို့အပြင် ဥရောပသည် အီရန်၏ နျူကလီးယား သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ ကျိုးကြောင်းညီညွတ်မှုမရှိသော၊ တရားမဝင်သော တောင်းဆိုမှုများ ပြုလုပ်လာခြင်းကို ခွင့်မပြုသင့်ကြောင်း ဇာရစ်ဖ်က ပြောသည်။

စာချုပ်သည် နိုင်ငံတကာသံခင်းတမန်ခင်းဆိုင်ရာ အောင်မြင်မှုဖြစ်ပြီး ယင်းစာချုပ်ကို ကာကွယ်သွားသင့်ကြောင်း ၎င်းက အလေးအနက်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ပြင်ဆင်ဖြည့်စွက်ရေးဆွဲမှုများ မပြုလုပ်ပါက ၂၀၁၅အီရန်နျူကလီးယားသဘောတူစာချုပ်ကို ပယ်ဖျက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

သို့သော်လည်း ဇာရစ်ဖ်က JCPOA ဟုနိုင်ငံတကာက သိထားကြသည့် နျူကလီးယား သဘောတူစာချုပ်သည် အဖွဲ့ဝင်အများစုက သဘောတူညီထားသည့် စာချုပ်ဖြစ်ပြီး ယင်းစာချုပ်၏ ကံကြမ္မာကို အမေရိကန်၏ အပြောင်းအလဲမြန်ဆန်မှုတစ်ခုဖြင့် ဦးတည်ဆုံးဖြတ်၍မရကြောင်း ဖွင့်ဟပြောကြားခဲ့သည်

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)သည် စာချုပ်နှင့်ပတ်သက်၍ အီရန်၏ လေးစားလိုက်နာမှုကို အစီရင်ခံစာ ၁၀ ခုတို့တွင် စစ်ဆေးကြည့်ရှုခဲ့ပြီးပြီဖြစ်ကြောင်း သိရသည်။




အီရန်နိုင်ငံခြားရေးဝန်ကြီးသည် အီရန်၏ နျူကလီးယားစာချုပ်နှင့် ဒုံးကျည်အစီအစဉ်များနှင့် ပတ်သက်၍ အမေရိကန်က ဖိအားပေးမှုများအောက်တွင် လွှမ်းမိုးခံနေရသည့် ဥရောပနိုင်ငံအချို့ကို ပြစ်တင်ဝေဖန်ခဲ့သည်။

အီရန်အာဏာပိုင်များသည် အီရန်နျူကလီးယားစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် တောင်းဆိုလျက်ရှိသည်။ **ဆင်ဟွာ**

# တူရကီနိုင်ငံရှိ အမေရိကန်သံရုံးကို တိုက်ခိုက်ရန် ကြံရွယ်နေသည့် အိုင်အက်စ်စစ်သွေးကြွလေးဦးကို ဖမ်းဆီးနိုင်ခဲ့

**အန်ကာရာ မတ် ၆**

တူရကီနိုင်ငံရှိ အမေရိကန်သံရုံးကို တိုက်ခိုက်ရန်ကြံရွယ်နေသည့် အိုင်အက်စ်စစ်သွေးကြွလေးဦးကို မတ်လက ဖမ်းဆီးခဲ့ကြောင်း တူရကီရဲတပ်ဖွဲ့က ပြောခဲ့သည်။



ဖမ်းဆီးထိန်းသိမ်းထားသည့် တရားခံများသည် အီရတ်နိုင်ငံသားများဖြစ်ပြီး ၎င်းတို့အား လိုအပ်သည့် အရေးယူမှုများ တရားဝင် ဆက်လက်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ရဲဌာနသို့ ပို့ဆောင်ထားကြောင်း နိုင်ငံပိုင် အနာဒိုလူသတင်းဌာနက ဖော်ပြခဲ့သည်။

ယမန်နေ့က တူရကီရဲတပ်ဖွဲ့သည် အန်ကာရာမြို့တစ်ဝန်း ပြုလုပ်ခဲ့သည့် စီးနင်းမှုများအတွင်း အိုင်အက်စ်စစ်သွေးကြွအဖြစ် သံသယရှိသူ ၁၂ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၎င်းတို့အား အိုင်အက်စ်အကြမ်းဖက် အဖွဲ့အတွက် လူသစ်စုဆောင်းခြင်း၊ ပဋိပက္ခဇုန်များရှိ လူများနှင့် ဆက်သွယ်မှုပြုလုပ်ခြင်းတို့ဖြင့် စွပ်စွဲပြစ်တင်ခဲ့ကြောင်း သိရသည်။

အမေရိကန်သံရုံးမှာ အမည်မသိ ခြိမ်းခြောက်မှုတစ်ခုကြောင့် မတ် ၅ ရက်က ပိတ်ထားခဲ့ရပြီး သံရုံးအပြင်ဘက်တွင် လုံခြုံရေးများ ထူထပ်စွာ စောင့်ကြပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆွေးနွေးပွဲနှင့်ပတ်သက်၍ တောင်ကိုရီးယားထံမှ ဖွင့်ဟလာမှုကို ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနို မျှော်လင့်နေ

**တိုကျို မတ် ၆**

တောင်ကိုရီးယားနိုင်ငံမှ စေလွှတ်လိုက်သည့် အထူးသံတမန်အဖွဲ့ မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမှ ပြန်ရောက်လာပြီးနောက်တွင် ကိုရီးယားနှစ်နိုင်ငံအကြားဆွေးနွေးပွဲများနှင့် ပတ်သက်၍ အပြည့်အဝ သိရှိရရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက မျှော်လင့်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။




တာရိုကိုနိုက မြောက်ကိုရီးယားသည် ပိတ်ဆို့မှုများ ပြုလုပ်လိုက်လျှင်ဖြစ်လာနိုင်သည့် အကျိုးဆက်များကို ခံစားသိရှိပြီးဖြစ်သည့်အတွက် လိမ္မာပါးနပ်သည့် သံတမန်ဆက်ဆံရေး အခြေအနေရောက်ရှိအောင် ကြိုးပမ်းသွားနိုင်ဖွယ်ရှိကြောင်း အင်္ဂါနေ့တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

မြောက်နှင့်တောင် ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲများသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက် လျှော့ချရေးကို ဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်ခြင်း ရှိ မရှိမေးမြန်းရာတွင် ကိုနိုက ထိုသို့မဖြစ်နိုင်ကြောင်းနှင့် ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် အတူတကွနီးကပ်စွာ ဆက်လက်လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားသမ္မတရွေးကောက်ပွဲ အမေရိကန် ဝင်မနှောင့်ယှက်ရန် ရုရှားစောင့်ကြည့်သွားမည်

**မော်စကို မတ် ၆**

လာမည့်ရုရှားသမ္မတရွေးကောက်ပွဲတွင် အမေရိကန်တို့၏ ဝင်ရောက်စွက်ဖက်လာနိုင်မှုကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဒုဝန်ကြီး ဆာဂျီရိုင်ယာကော့ဗ်က မကြာသေးမီက ပြောခဲ့သည်။

ရုရှား၏ ပြည်တွင်းရေးများတွင် အမေရိကန်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုများသည် အထူးသဖြင့် မကြာသေးမီနှစ်များက ပြုလုပ်ခဲ့သော မဲဆွယ်လှုပ်ရှားမှုများနှင့် အောက်လွှတ်တော်ရွေးကောက်ပွဲကာလများတွင် ပိုမိုများပြားလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားသမ္မတရွေးကောက်ပွဲ၌ အမေရိကန်၏ ဝင်ရောက်စွက်ဖက်လာနိုင်မှုများအား ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အခြားသက်ဆိုင်ရာဝန်ကြီးဌာနများကလည်း အဆိုပါကိစ္စကို ဖြေရှင်းနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုကျော်ကာလများအတွင်း အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများပြုလုပ်ခဲ့ရာ ပဋိပက္ခများ၊ စစ်ပွဲများနှင့် နိုင်ငံပြိုကွဲမှုများဖြစ်ပွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ရုရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများ၏ ပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက်ရန် စိတ်အားထက်သန်သည့် အစဉ်အလာရှိကြောင်း ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်ခ်ကော့ဗ်က ပြောခဲ့သည်။

ရုရှားနိုင်ငံသည် ခြောက်နှစ်ကြာတစ်ခါကျင်းပလေ့ရှိသော ရုရှားသမ္မတရွေးကောက်ပွဲအား လာမည့်မတ် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ လက်ရှိသမ္မတ ဗလာဒီမာပူတင်အနေဖြင့် သမ္မတရာထူးဆက်လက်ထမ်းဆောင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရန့်အနေဖြင့် ပြိုင်ဘက် ဟီလာရီကလင်တန်အပေါ် အနိုင်ရရှိခဲ့ခြင်းသည် ရုရှားက ကြားဝင်စွက်ဖက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်က စွပ်စွဲပြစ်တင်ခဲ့သည်။ **ဆင်ဟွာ**

# ပဋိပက္ခများပေါ်ပေါက်လာပြီးနောက် သီရိလင်္ကာနိုင်ငံ၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာ

**ကိုလံဘို မတ် ၆**

သီရိလင်္ကာအလယ်ပိုင်းရှိ ကန္ဒီ၌ ပဋိပက္ခများပေါ်ပေါက်လာပြီးနောက် သီရိလင်္ကာသမ္မတ မိုက်သရီပါလာ သရီဆီနာသည် နိုင်ငံအတွင်း၌ ၁၀ရက်ကြာအရေးပေါ်အခြေအနေထုတ်ပြန်ကြေညာရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

အင်္ဂါနေ့နံနက်ပိုင်းတွင် အထူးအစိုးရအဖွဲ့အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီးနောက် ထိုသို့ ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်ကြောင်း အာဏာပိုင်တစ်ဦးကဆင်ဟွာသို့ ပြောကြားခဲ့သည်။

တနင်္လာနေ့ ကန္ဒီရှိလမ်းများပေါ်၌ နေအိမ်များနှင့် လုပ်ငန်းအဆောက်အအုံများကို လူစုလူဝေးများက မီးရှို့မှုများပေါ်ပေါက်လာခဲ့ပြီးနောက် ကန္ဒီရှိနေရာ အစိတ်အပိုင်းများတွင် သီရိလင်္ကာရဲတပ်ဖွဲ့က ညမထွက်ရအမိန့်ကို ပြန်လည်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တောင်ကိုရီးယားသမ္မတ အထူးကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားသို့ သွားရောက်မည်

**ဆိုးလ် မတ် ၆**

တောင်ကိုရီးယားနိုင်ငံ သမ္မတမွန်ဂျယ်အင်း၏ အထူးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၅ ရက်မှစကာ မြောက်ကိုရီးယားနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ သမ္မတ အိမ်ပြာတော်က ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

မြောက်ကိုရီးယားသို့ သွားရောက်မည့် အထူးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်မှာ သမ္မတအိမ်တော် အမျိုးသားလုံခြုံရေးဌာန ဌာနမှူးဖြစ်သည်။ အဖွဲ့ဝင်များမှာ အမျိုးသားသတင်းအချက်အလက်ဌာန ညွှန်ကြားရေးမှူးနှင့် ပြန်လည်ပေါင်းစည်းရေးဌာန ဒုတိယဝန်ကြီးပါ စုစုပေါင်းအဖွဲ့ဝင် ငါးဦးဖြစ်ကြောင်း သိရသည်။

အထူးကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေး၊ တောင်-မြောက်ကိုရီးယားဆက်ဆံရေးတိုးတက်ကောင်းမွန်ရေးတို့အတွက် ဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါအထူးကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေးအတွက် မြောက်ကိုရီးယား-အမေရိကန်ဆွေးနွေးပွဲဖြစ်မြောက်ရန်အတွက်လည်း ဖန်တီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်-မြောက်ကိုရီးယားဖလှယ်မှုများ တွန်းအားပေးဆောင်ရွက်ရန်အတွက်လည်း ဘက်စုံဆွေးနွေးမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

### နိုင်ငံဈေးကွက် ပိုမိုပွင့်လင်းလာရန် တရုတ်သွင်းကုန်ကဏ္ဍတိုးချဲ့မည်

**ပေကျင်း မတ် ၆**

တရုတ်နိုင်ငံက ယခုနှစ်အတွင်း နိုင်ငံ့ဈေးကွက်ပိုမိုပွင့်လင်းလာစေရန် ရည်ရွယ်ကာ သွင်းကုန်ကဏ္ဍအား တက်ကြွစွာတိုးချဲ့သွားမည်ဖြစ်ကြောင်း နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းသည့် အစိုးရအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံက သွင်းကုန်ကဏ္ဍအား တွန်းအားပေးသည့်အနေဖြင့် နိုင်ငံတကာသွင်းကုန်ကုန်စည်ပြပွဲကြီးအား ယခုနှစ်အတွင်း ကျင်းပရန် လျာထားကြောင်း သိရသည်။

ထို့အပြင် မော်တော်ကားနှင့် နေ့စဉ်သုံး ကုန်ပစ္စည်းများအပါအဝင် သွင်းကုန်အပေါ် ကောက်ခံသည့် အခွန်လျှော့ချမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

တရုတ်စားသုံးသူများကျယ်ကျယ်ပြန့်ပြန့်ရွေးချယ်နိုင်စေရန် စက်မှုလုပ်ငန်းအဆင့်မြှင့်တင်ခြင်းနှင့် ပိုမိုပွင့်လင်းသောဈေးကွက်ဖော်ဆောင်ပြီး ကုန်သွယ်ရေးတိုးတက်ဖို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

# သေနတ်ပစ်ခတ်မှုဆိုင်ရာ ထိန်းချုပ်ရေးဆောင်ရွက်မှုတွေအပေါ် အလျှော့ပေးမှာ မဟုတ်တဲ့ ထရန့်

*တင်လင်းအောင်*



အမေရိကန် အမျိုးသားရိုင်ဖယ်အသင်းက ဆန့်ကျင်တဲ့၊ သိသာတဲ့ လက်နက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းတွေကို အမေရိကန် သမ္မတကြီးတစ်ယောက် ဆက်လက်လုပ်ဆောင်သွားမှာလားဆိုတာ လူတိုင်းက စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြပါတယ်။ အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဟာ လက်နက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ပတ်သက်ပြီး အိမ်ဖြူတော်မှာ အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီးတော့ လက်နက်ပိုင်ဆိုင်သူတွေရဲ့ နောက်ကြောင်း ရာဇဝင်တွေကို တင်းတင်းကျပ်ကျပ်စစ်ဆေးဖို့နဲ့ ရိုင်ဖယ်လိုမျိုး သေနတ်ဝယ်ယူရန် အသက်ကန့်သတ်ချက်တွေ၊ စိတ်မနှံ့သူတွေလက်နက်ကိုင်ဆောင်မှု မရှိစေရေး စတဲ့အချက်တွေကို လုပ်ဆောင်ခဲ့ပါတယ်။

**ဘယ်လိုထိန်းချုပ်သွားမလဲ**

အခုလိုမျိုး လက်နက်ကိုင်ဆောင်မှုဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းတင်းကျပ်မှုတွေကို လုပ်ဆောင်ခဲ့သလို အမေရိကန်နိုင်ငံအတွင်း သေနတ်ပစ်ခတ်မှုသတင်းတွေ မကြာခဏကြားနေရသော်လည်း ဒီအပေါ် အမေရိကန် သမ္မတဟောင်း အိုဘားမားကတော့ ဘာမှ မပြောပါဘူး။ ဖောက်ဇ်သတင်း အစီအစဉ်ကြေညာသူကတော့ အမေရိကန်နိုင်ငံမှာ လက်နက်ဆိုင်ရာ ကိစ္စတွေအပေါ် ဘယ်လိုကိုင်တွယ် ထိန်းချုပ်သွားမလဲဆိုပြီး စိတ်လှုပ်ရှားလျက်ရှိသလို ပြည်သူတွေကလည်း စိတ်ဝင်စားလျက်ရှိပါတယ်။

**ခွင့်ပြုမယ်လို့ထင်**

အခုလိုမျိုးလုပ်ဆောင်တဲ့အစီအစဉ်တွေနဲ့ပတ်သက်ပြီး အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ကို ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်တွေက ပြစ်တင်မှုတွေလုပ်ဆောင်ကြမှာလား။ လုပ်မယ်လို့တော့ မထင်ပါဘူး။ သူတို့ဟာ အမေရိကန် သမ္မတဒေါ်နယ်ထရန့်ကို ကောင်းမွန်တဲ့ အကြောင်းပြချက်တွေနဲ့အတူ ခွင့်ပြုပေးမယ်လို့ ထင်ပါတယ်။ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ လက်နက်ဆိုင်ရာ အကြောင်းအရာတွေအပေါ် သူ့ကိုယ်သူ မသိဘဲတော့ ဒီလိုမျိုးကိစ္စတွေကို ပြောမှာမဟုတ်ဘူးလို့ သူတို့က ထင်ပါတယ်။

**ကျယ်ကျယ်လောင်လောင်ဖြစ်နေ**

သေနတ်ပစ်ခတ်မှုဆိုင်ရာ ကိစ္စရပ်တွေဟာ လတ်တလောမှာ အမေရိကန်နိုင်ငံမှာ ကျယ်ကျယ်လောင်လောင်ကြားနေရတဲ့ ကိစ္စရပ်တွေပဲဖြစ်ပါတယ်။ မကြာသေးမီကမှ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ ကျောင်းတွေ၊ စာသင်ခန်းတွေကို ဦးတည်တဲ့ မကောင်းမှုတွေမကျူးလွန်ရဲအောင် တားဆီးလုပ်ဆောင်ဖို့ သေနတ်ပစ်ခတ်မှုလေ့ကျင့်ပေးခြင်းကဲ့သို့သော အဆင့်မြှင့်တင်လေ့ကျင့်မှုတွေ ကျောင်းဆရာ၊ ဆရာမတွေကို လုပ်ပေးဖို့လိုတယ်လို့ ထပ်တလဲလဲတိုက်တွန်းပြောကြားခဲ့တာကို ကြားမိကြမှာပါ။

**ဝမ်းနည်းစရာဖြစ်**

အကယ်၍ ကျောင်းဆရာ ဆရာမတွေသာ လက်နက်ကိုင်မယ်ဆိုပါက မကြာသေးမီက ဖလော်ရီဒါပတ်ခ်လန့်ဒ်မှာ ဖြစ်ပွားခဲ့တဲ့ အသက်ပေါင်း ၁၇ ချောင်း သေဆုံးခဲ့တဲ့ အေအာရ်-၁၄ မောင်းပြန် ရိုင်ဖယ်သေနတ်နဲ့ တိုက်ခိုက်ခဲ့သူ ငယ်ရွယ်တဲ့ ကျောင်းဝင်းအတွင်း ပစ်ခတ်တဲ့သူမျိုးတွေကို ချက်ချင်းလက်တုံ့ပြန်ပစ်ခတ်နိုင်တယ်လို့ အမေရိကန် သမ္မတက ထင်မြင်ယူဆလျက်ရှိပါတယ်။ လွန်ခဲ့တဲ့ ဖေဖော်ဝါရီ ၂၂ ရက်ကလည်း အမေရိကန် သမ္မတထရန့်ဟာ အမျိုးသားရိုင်ဖယ်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဝိန်းလာပီယားကို သေနတ်ကိုင်ဆိုးသွမ်းလူငယ်တွေကို တားဆီးဖို့ တိုက်တွန်းပြောကြားလိုက်ပါသေးတယ်။

ဘယ်သူက ဘယ်သူ့ကို အတုခိုးပြီး ဒီလိုမျိုး မကောင်းမှုတွေကျူးလွန်နေသလဲဆိုတာ အတိအကျမပြောနိုင်ပေမယ့် ဆရာ၊ ဆရာမတွေကို သေနတ်ပစ်ခတ်တတ်အောင်လေ့ကျင့်သင်ကြားထားမယ်ဆိုရင် အခုလိုမျိုး ဝမ်းနည်းစရာကိစ္စတွေ ဖြစ်လာမှာမဟုတ်ပါဘူးလို့ အမေရိကန် သမ္မတထရန့်က လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

အဲဒီလို ရေးသားခဲ့တဲ့အပေါ် ကျွမ်းကျင်သူများကလည်း ဖြစ်နိုင်ပါ့မလားလို့ဆိုပြီး မယုံရဲယုံရဲဖြစ်ကြသလို

> “အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဟာ သူ့အပေါ် ဝေဖန်တိုက်ခိုက်တဲ့သူတွေအပေါ် ကောင်းမွန်စွာနဲ့ မတုံ့ပြန်တတ်ပါဘူး။ သူ့ရဲ့အမူအကျင့်အတိုင်း ခေါင်းမာပြီး တဇွတ်ထိုးလုပ်တတ်တဲ့ အကျင့်ကို ပြလေ့ရှိတာကြောင့် သူ့ကိုသံမဏိလူသားလို့ သမုတ်ကြလေ့ရှိ”

တချို့ကလည်း ဒီလိုစိတ်ကူးမျိုးစဉ်းတောင် စဉ်းစားလို့ရမှာမဟုတ်ဘူးလို့ ပြောမှာပါလို့ တျူးဆန်းရဲချုပ်ခရစ်မက်နက်စ်က မှတ်ချက်ပြု ပြောခဲ့ပါတယ်။

**ကျောင်းတွင်းပစ်ခတ်မှုတွေကို တားဆီးနိုင်မလား**

သူ့ရဲ့ ပြောကြားချက်အတိုင်း လက်နက်ကိုင်ဆရာတွေဟာ အစောပိုင်းမှာ ဖော်ပြခဲ့တဲ့ လက်နက်ကိုင် ဆိုးသွမ်းလူငယ်တွေကို တားဆီးဖို့ဆိုတာ သိပ်တော့ မလွယ်ပါဘူး။ တကယ့်လေ့ကျင့်မှုတွေ မကြာခဏပြု လုပ်နေတဲ့၊ တိုက်ပွဲတွေနဲ့ ခဏခဏ ရင်ဆိုင်ဆင်နွှဲနေရတဲ့ အတွေ့အကြုံရှိရဲတပ်ဖွဲ့ဝင်တွေတောင်မှ တကယ့်အရေးအကြောင်း၊ သူတင်ကိုယ်တင်ဆိုရင် ပစ်မှတ်ကို ထိမှန်အောင် ကြိုးစားပမ်းစားပစ်နေရတဲ့ အချိန်မှာ လက်နက်ကိုင်ပစ်ခတ်မှုကို လေ့ကျင့်မှုလေးလုပ်ပေးရုံနဲ့ ကျောင်းအတွင်း ဆိုးသွမ်းပစ်ခတ်မှုတွေကို ဆရာတွေတားနိုင်ပါ့မလားဆိုတာ စဉ်းစားစရာကောင်းတဲ့အချက်ပါပဲ။

မကြာသေးမီကမှ ကောက်ယူခဲ့တဲ့ စာရင်းအင်းဆိုင်ရာ အချက်အလက်တွေနဲ့ အတွေ့အကြုံတွေက သက်သေခံလျက်ရှိပါတယ်။ စာရင်းအင်းဆိုင်ရာ အချက်အလက်တွေက ဘာကိုပြသလဲဆိုရင် အတွေ့အကြုံရှိ ရဲတပ်ဖွဲ့ဝင်တွေတောင်မှ သူတင်ကိုယ်တင် ယှဉ်ပြိုင်ပစ်ရတဲ့ လက်နက်ကိုင်တိုက်ပွဲတွေမှာ သွေးဖိအားကို မြင့်မားစေတဲ့ အက်ဒရီနယ်လင်းဟော်မုန်းကြောင့် ပစ်မှတ်တိကျမှုဟာ ၁၃ ရာခိုင်နှုန်းလောက်အထိလျော့နည်းသွားနိုင်တာကို တွေ့ရှိခဲ့ပါတယ်။ အခုလိုမျိုး သင်တန်းလေးပေးပြီး တကယ့်အခြေအနေကို ရင်ဆိုင်ခိုင်းမယ်ဆိုပါက အလွဲလွဲအချော်ချော်ဖြစ်နိုင်ခြေပိုများကြောင်း၊ ဒါပေမယ့် ဘာပဲလုပ်လုပ် သူနဲ့သက်ဆိုင်တဲ့ ပြဿနာတွေကတော့ ရှိစမြဲဖြစ်ပါတယ်လို့ စစ်လက်နက်နဲ့နည်းဗျူဟာဌာနခွဲမှ အကြီးအကဲဟောင်းတစ်ဦးက မှတ်ချက်ပြုပြောကြားခဲ့ပါတယ်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ သိသာထင်ရှားတဲ့ လက်နက်ဆိုင်ရာ ပစ်ခတ်မှုတွေကို ဘယ်လိုထိန်းချုပ်မလဲဆိုတာနဲ့ပတ်သက်ပြီး မိန့်ခွန်းတွေပြောပေမယ့်လည်း အမေရိကန် အမျိုးသားရိုင်ဖယ်အဖွဲ့အကြီးအကဲရဲ့ လော်ဘီက အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ သူပြောခဲ့တာတွေအပေါ် နောင်တရသင့်တယ်လို့ ပြောခဲ့ပါတယ်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့အပေါ် ဝေဖန်တိုက်ခိုက်တဲ့သူတွေအပေါ် ကောင်းမွန်စွာနဲ့ မတုံ့ပြန်တတ်ပါဘူး။ သူ့ရဲ့အမူအကျင့်အတိုင်း ခေါင်းမာပြီး တဇွတ်ထိုးလုပ်တတ်တဲ့ အကျင့်ကို ပြလေ့ရှိတာကြောင့် သူ့ကို သံမဏိလူသားလို့ သမုတ်ကြလေ့ရှိပါတယ်။ ထို့အပြင် ထရန့်ဟာ အပြောင်းအလဲနဲ့ ဆုံးဖြတ်ချက်ချတာလည်း မြန်ပါတယ်။ အခုလည်း လက်နက်ဆိုင်ရာ ထိန်းချုပ်မှုတွေလုပ်ဖို့၊ ဖလော်ရီဒါပတ်ခ်လန့်ဒ်မှာ ဖြစ်ပွားခဲ့တဲ့ အသက်ပေါင်း ၁၇ ချောင်းသေဆုံးခဲ့တဲ့ အေအာရ်-၁၄ မောင်းပြန်ရိုင်ဖယ်သေနတ်လိုမျိုး တိုက်ပွဲသုံးစစ်လက်နက်တွေ ရယူသုံးစွဲ ခွင့်မပြုဖို့၊ လက်နက်ကိုင်သူတွေရဲ့ နောက်ကြောင်းရာဇဝင်တွေကို အသေအချာစိစစ်ဖို့၊ အဆင့်မြင့်လက်နက်တွေနဲ့ စွမ်းအားမြင့်လက်နက်တွေ သုံးစွဲခွင့်ကို ပိတ်ပင်တားဆီးဖို့စတာတွေကို ဆက်လက်လုပ်ဆောင်သွားတော့မှာ ဖြစ်ပါတယ်။

**အလျှော့မပေးတမ်း ဆောင်ရွက်**

အိမ်ဖြူတော်မှာ ပြုလုပ်ခဲ့တဲ့ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ရဲ့ လက်နက်ထိန်းချုပ်မှုဆိုင်ရာအစည်းအဝေးဟာ အမေရိကန်ပြည်သူတွေလိုလားသလို မလိုလားအပ်တဲ့ သေနတ်ပစ်ခတ်မှုတွေ အဆုံးသတ်သွားမလားဆိုတာ တပ်အပ်မပြောနိုင်ပေမယ့် သမ္မတ ဒေါ်နယ်ထရန့်ကတော့ သူ့ရဲ့ ပြောကြားချက်တွေ လုပ်ဆောင်ချက်တွေကို ဘယ်သူတွေ ဘာပဲပြောပြော အလျှော့မပေးဘဲ ခေါင်းမာစွာနဲ့ ဆက်လက်အကောင်အထည်ဖော်တတ်တဲ့ သူ့ရဲ့ ပုံစံအတိုင်းဆက်လက် လုပ်ဆောင်သွားဖို့ရာ သေချာသလောက်ပဲဖြစ်ပါတယ်။

ဘာလို့ အဲဒီလိုပြောသလဲဆိုရင် သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့ရဲ့မဲဆွယ်စည်းရုံးရေးကာလမှာ နယ်စပ်တံတိုင်းကာဖို့နဲ့၊ လူဝင်မှုကြီးကြပ်ရေးတွေမှာ ပြုလုပ်ခဲ့မယ်လို့ ကတိပေးထားတာတွေဟာ တဖြည်းဖြည်းနဲ့ ရုပ်လုံးပေါ်လာလို့ပဲဖြစ်ပါတယ်။ အဲဒီအပေါ် တချို့သူတွေက စောဒကတက်ပြောကြားခဲ့ပေမယ့် သမ္မတ ဒေါ်နယ်ထရန့်ကတော့ ခေါင်းမာမာနဲ့ ဆက်လက်လုပ်ဆောင်ခဲ့တာကို တွေ့ရမှာပဲဖြစ်ပါတယ်။

အခုလည်း လက်နက်ဆိုင်ရာ ထိန်းချုပ်မှုကိစ္စမှာလည်း သူ့ရဲ့ပြောခဲ့တဲ့ စကားတွေအပေါ် အလျှော့ပေးမယ်လို့တော့မထင်ပါဘူး။ သူ့ရဲ့ ဗီဇအတိုင်း ဆက်လက်လုပ်ဆောင်သွားမယ်လို့ ထင်မြင်ယူဆရပါကြောင်း။ ။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငွေကျပ် ၄၁ ဘီလီယံကျော်သုံးစွဲ၍ ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ ဧပြီလတွင် ပြီးစီးမည်

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ ကျေးရွာများ ကမ်းပြိုမှုကာကွယ်ပေးနိုင်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၄၁ ဒသမ ၈၇ ဘီလီယံ သုံးစွဲ၍ နေရာ ၁၉ ခုတွင် ဆောင်ရွက်လျက်ရှိရာ ဧပြီလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

"ဘတ်ဂျက်ပိတ်တဲ့ မတ်လအပြီးဆိုပေမယ့် လုပ်ငန်းသဘာဝအရ ရေနည်းချိန်မှာလုပ်ရတာဖြစ်တယ်၊ တင်ဒါခေါ်ယူမှု၊ စီမံခန့်ခွဲမှုတွေလုပ်ရတော့ ဇန်နဝါရီမှ လုပ်ငန်းစတင်လုပ်ရတာ များတယ်၊ လုပ်ငန်းသေးတွေက မတ်လမှာပြီးနိုင်ပေမယ့် လုပ်ငန်းကြီးတွေကတော့ ဧပြီလမှ ပြီးနိုင်မယ်"ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း ၁၂ ခု၊ ဖြည့်စွက်ရန်ပုံငွေဖြင့် လုပ်ငန်းခြောက်ခုနှင့် သဘာဝဘေးရန်ပုံငွေဖြင့် လုပ်ငန်းတစ်ခုတို့ကိုဆောင်ရွက်နေပြီး ဖေဖော်ဝါရီလကုန်တွင် အချို့သောလုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးကာ အချို့မှာ ၂၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကမ်းပြိုကာကွယ်ခြင်း လုပ်ငန်းကြောင့် စိုက်ပျိုးမြေလူနေအိမ်၊ စေတီပုထိုး ပျက်စီးမှုမရှိအောင် ထိန်းသိမ်းပေးနိုင်လို့ ပြည်သူတွေမှာ အကျိုးရှိပါတယ်၊ ဌာနက ကမ်းပြိုကာကွယ်ရေးတင် မဟုတ်ဘဲ မြစ်ကြောင်း၊ ရေလမ်းကြောင်း တည်ငြိမ်ဖို့ပါ လုပ်ပါတယ်၊ တည်ငြိမ်တော့ ကမ်းပြိုမှုနည်းသွားတယ်၊ ဒီလုပ်ငန်းတွေကို အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ ပြည်သူတွေပူးပေါင်းဆောင်ရွက်ကြတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ လုပ်ငန်း ၁၉ ခု အနက် ဌာနမှ ကိုးခုနှင့် ပြင်ပကုမ္ပဏီများမှ ၁၀ ခုတို့ကို အမရပူရ၊ မတ္တရာ၊ စဉ့်ကူး၊ ငါန်းဇွန်၊ မြင်းခြံ၊ တံတားဦး၊ ညောင်ဦးမြို့နယ်များတွင်ဆောင်ရွက်နေကြောင်းနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ကွန်ကရစ်အခြေပြုကျောက်စီခြင်း၊ Steel Basket အခြေပြုကျောက်စီခြင်း၊ ကျောက်ဖြည့်မျောဂရစ်တန်း၊ မျောတိုင်တန်းကျောက်ဖြည့်ရေကာစသည့် နည်းလမ်းများ အသုံးပြုကြောင်း သိရသည်။



ကမ်းပြိုရသည့် အကြောင်းအရင်းများမှာ လူသားတို့ အပြုအမူကြောင့် သစ်တောပြုန်းတီးရာမှ မြေဆီလွှာများ မြစ်ထဲရောက်ရှိကာ အနည်အနှစ်ကျခြင်း၊ မြစ်၏ရေဝေရေလဲဒေသများတွင် စည်းကမ်းမဲ့ရွှေသတ္တုတူးမှုမှ အနည်များမြစ်ထဲကျရောက်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ထူးခြားမြစ်ရေတက်ခြင်းတို့က ကမ်းပြိုမှုဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ၌ မြန်မာ့ရိုးရာနွားကြိုးအကျော့နှင့် လှည်းယဉ်ကျော့ပြိုင်ပွဲ ကျင်းပ

**ချောင်းဦး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ၌ တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ နွားကြိုးအကျော့နှင့် လှည်းယဉ်ကျော့ပြိုင်ပွဲကို မတ်လ ၂ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာတွင် ကျင်းပသည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာနွားကြိုးအကျော့နှင့် လှည်းယဉ်ကျော့ပြိုင်ပွဲသို့ မုံရွာ၊ စစ်ကိုင်းချောင်းဦး၊ ဆားလင်းကြီး၊ ငါန်းဇွန်၊ မြောင်နှင့် မြင်းမူမြို့နယ်များမှ နွားအကောင်ရေ ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

"တောင်သူလယ်သမားနေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပလာတာ အခုနှစ်ဆိုရင် ၄ ကြိမ်မြောက်ရှိပါပြီ၊ အခုနှစ်မှာလည်း ပြိုင်ပွဲအမျိုးအစား ငါးမျိုးထည့်သွင်းထားပါတယ်၊ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆုကို ရေခဲသေတ္တာ၊ ဒုတိယဆုကို ၁၉ လက်မတီဗွီနဲ့ တတိယဆုကိုတော့ ပြိုင်ပွဲကရတဲ့ငွေတွေထဲက ကုန်ကျစရိတ်တွေ နုတ်ပြီးကျန်တဲ့ငွေတွေထဲက အချိုးကျခွဲပြီး ငွေသားဆုအဖြစ် ချီးမြှင့်ပေးသွားဖို့ စီစဉ်ထားပါတယ်၊ အခုနှစ်မှာတော့ ပြိုင်ပွဲငါးမျိုးကို ငါးရက်ကြာ ကျင်းပမှာပါ"ဟုပြိုင်ပွဲကျင်းပရေးကော်မတီမှ အတွင်းရေးမှူး ဦးလင်းက ပြောသည်။

တောင်သူလယ်သမားနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာနွားအလှလှည်းယဉ်ကျော့ပြိုင်တွင် ပထမနေ့တွင် နွားအငယ်တန်းနွားကြိုးအကျော့မောင်း ပြိုင်ပွဲများကို မတ် ၄ ရက်တွင်ကျင်းပခဲ့ရာ နွား ၁၇ ကောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် မတ် ၅ ရက်တွင် အငယ်တန်းနွားလှည်းယဉ်အကျော့မောင်း ပြိုင်ပွဲများကိုလည်းကောင်း၊ မတ် ၆ ရက်တွင် နွားအလတ်တန်း လှည်းယဉ်ကျော့အမောင်းပြိုင်ပွဲများအား လည်းကောင်း၊ မတ်၇ရက်တွင်နွားအကြီးတန်းလှည်းယဉ်ကျော့ အမောင်းပြိုင်ပွဲများကိုလည်းကောင်း၊ မတ် ၈ ရက်တွင် နွားအကြီးတန်း လှည်းယဉ်ဒုန်းမောင်း ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပရေး ညှိနှိုင်းစည်းဝေး

**ကျောက်ဆည် မတ် ၆**

ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မတ် ၅ ရက်နံနက် ၉ နာရီခွဲအချိန်က မတ် ၈ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က အမှာစကားပြောကြားပြီး ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦးမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့နှင့် ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းဆွေးနွေးကြရာ ခရိုင်အမျိုးသမီးရေးရာ ကော်မတီအတွင်း ရေးမှူးမြစ်သားမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**



## မြိတ်မြို့၌ အထပ်မြင့်ခေတ်မီ မီးငြိမ်းသတ်ယာဉ်တစ်စီး လိုအပ်လျက်ရှိ



**မြိတ် မတ် ၆**

ကမ်းရိုးတန်းဒေသဖြစ်သောတနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့သည် ပင်လယ်ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အတူနေထိုင်မှု ထူထပ်လာခြင်းတို့ကြောင့် အထပ်မြင့်အဆောက်အအုံများ ပြားလာ၍ မီးဘေးအန္တရာယ်ကြုံလာပါက အလျင်အမြန် မီးငြိမ်းသတ်နိုင်စေရေးအတွက် အထပ်မြင့်မီးငြိမ်းသတ်ယာဉ်တစ်စီး လိုအပ်လျက်ရှိကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက ပြောသည်။

"မြိတ်မြို့မှာ အရင်ကအထပ်မြင့်အဆောက်အအုံ နည်းပါးပါတယ်၊ အခုဆိုရင်အထပ်မြင့် အဆောက်အအုံတွေက များလာတယ်၊ အထပ်မြင့်အဆောက်အအုံက ၂၀၀ ကျော်လောက်ရှိနေပြီ အမြင့်ဆုံး ကိုးထပ်ရှိပြီး အဲဒီထက်မြင့်တဲ့ အဆောက်အအုံတွေလည်း ရှိလာနိုင်တယ်၊ ကျွန်တော်တို့မှာရှိတဲ့ မီးငြိမ်းသတ်ယာဉ်တွေနဲ့ဆိုရင် မီးငြိမ်းသတ်နိုင်ရေးအတွက် အခက်အခဲရှိပါတယ်၊ အန္တရာယ်လည်း ကင်းရှင်းစေဖို့အတွက် ခေတ်မီအဆင့်မြင့် မီးငြိမ်းသတ်ယာဉ်တစ်စီး လိုအပ်နေပါတယ်"ဟု ခရိုင်မီးသတ်ဦးစီးမှူးက ပြောသည်။

မြိတ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်အတွင်း သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များကို အထပ်မြင့်မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်မှုများကို တစ်ပတ်လျှင် ငါးရက်လေ့ကျင့်နေပြီး အထပ်မြင့်မီးငြိမ်းသတ်ရေးတွေ လိုအပ်လာပါက ရှိသည့် ပစ္စည်းနှင့် ဆောင်ရွက်နိုင်အောင် အမြဲလေ့ကျင့်နေကြောင်း သိရသည်။

မြိတ်မြို့တွင် အထပ်မြင့်အဆောက်အအုံများတွင် သုံးထပ် ၁၀၆ လုံး၊ လေးထပ် ၄၄ လုံး၊ ငါးထပ်၄၆ လုံး၊ ခြောက်ထပ် ၁၅ လုံး၊ ခုနစ်ထပ်ခုနစ်လုံး၊ ရှစ်ထပ်တစ်လုံးနှင့် ကိုးထပ်နှစ်လုံးစုစုပေါင်း အထပ်မြင့်အဆောက်အအုံ ၂၂၁ လုံးရှိကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှတ်တမ်းများအရ သိရသည်။ **မြင့်ဦး (မြိတ်)**

## ဓမ္မနီတိဓမ္မာရုံယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ရန်ကုန် မတ် ၆**

ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ် ၄၇ ရပ်ကွက်ရှိ ဓမ္မနီတိဓမ္မာရုံတွင် ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကိုကျင်းပရာ မြို့နယ်သာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရွှေ၊ ဓမ္မာရုံဥက္ကဋ္ဌ ဦးခွန်ဘချစ်၊ ငွေလှုရတနာအဘိဓမ္မာသင်တန်းအဖွဲ့မှ သင်တန်းမှူး ဦးစိုးနိုင်တို့က အမှာစကားများ အသီးသီး ပြောကြားသည်။

သင်တန်းသား သုံးရာခန့်တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ယနေ့မတ် ၅ ရက်မှ မတ် ၁၃ ရက်အထိ ၉ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**ဦးသန်းကြွယ်(ဓမ္မာရုံ)**



## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်

**ကျိုင်းတုံ မတ် ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ကျိုင်းတုံမူလတန်းကြိုကျောင်း၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ)သင်တန်းဖွင့်လှစ်ရာလူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က ထိုသင်တန်းကိုတက်ရောက်ပြီးဆုံးပါက မည်သည့်နေရာဒေသတွင်မဆို ကိုယ်ပိုင်သင်တန်းကျောင်းဖွင့်လှစ်နိုင်ကြောင်း ပြောသည်။ သင်တန်းကာလမှာ ၂၁ ရက်ဖြစ်ပြီး သင်တန်းသား ၄၀ ကျော်သာရှိသေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိသည့် ကျေးရွာများသို့ သောက်ရေသန့်များ လိုက်လံလှူဒါန်း

**ကော့သောင်း မတ် ၆**

သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ကျေးရွာများသို့ မတ် ၄ ရက်က မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လူငယ် လုပ်ငန်းအဖွဲ့ဝင်များနှင့် အဖွဲ့ချုပ်အဖွဲ့ဝင် များက သောက်သုံးရေလိုက်လံဖြန့်ဝေ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပိုမိုသိသာသည့် အပူချိန်မြင့်တက် မှုခံစားလာနေရသည့် ခရိုင်အတွင်းရှိ ကျေးရွာတချို့တွင် ရေတွင်း၊ ရေကန်များ ခန်းခြောက်စပြုလာပြီး သောက်သုံးရေ အခက်တွေ့လျက်ရှိရာ ကော့သောင်း မြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု ပါချန် မြစ်ကမ်းဘေးရွာတစ်ရွာဖြစ်သည့် ယမုံ နာကျေးရွာရှိ ပြည်သူများသောက်သုံး ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လျက် ရှိသဖြင့်မြို့နယ်အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များ



စုပေါင်းကာသောက်ရေပြတ်လပ်လျက်ရှိ သည့် ကျေးရွာပြည်သူများသို့ သောက် ရေသန့်လီတာ ၈၀၀၀ ကို လိုက်လံဝေငှ ပေးအပ်လှူဒါန်းကြခြင်းဖြစ်ပြီး ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီး ဌာနမှ P&G သောက်ရေသန့်ဆေးထုပ် ၂၀၀၀ ကို ဖြည့်ဆည်းလှူဒါန်းပေးအပ်ခဲ့ ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မိုးလေဝသတိုင်းတာရေးစက် (Weather Station) တစ်စုံအား စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီ ထွေစွာရှိမည့် သုတေသနရလဒ်ကောင်း များ ရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက် သည့် သုတေသနလုပ်ငန်းများအတွက် အကျိုးရှိစွာအသုံးချနိုင်မည့် မိုးလေဝသ တိုင်းတာရေးစက် (Weather Station) တစ်စုံကို Amigos International Co.,Ltd မှ စိုက်ပျိုးရေး သုတေသန



ဦးစီးဌာနသို့ ပေးအပ်လှူဒါန်းခြင်းကို မတ် ၃ ရက်က စိုက်ပျိုးရေးသုတေသန ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပခဲ့သည်။

Weather Station မိုးလေဝသ တိုင်းတာရေးစက်ကို လာမည့် ၂၀၁၉ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသန ဦးစီး ဌာနလက်အောက်ရှိ နယ်သုတေသန ခြံများတွင်လည်း တပ်ဆင်ရန် ကြိုးစား လျက်ရှိကြောင်း၊ သုတေသနပညာရှင်များ အတွက် ၁၀ နှစ် ပျမ်းမျှမိုးလေဝသ မှတ်တမ်းများကို လေ့လာသိရှိခြင်းဖြင့် သီးနှံ၊ ပိုးမွှားနှင့် ရောဂါ၊ အပူချိန်၊ စိုထိုင်းဆ၊ လေတိုက်နှုန်း၊ နေရောင်ခြည်၏ ပြင်းအားစသည့် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေတို့၏ ချိတ်ဆက်မှုကိုသိရှိပြီး သုတေသနလုပ်ငန်းများကို အောင်မြင် စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ (ဥပမာ) လေတိုက်နှုန်းကို သိရှိခြင်း အားဖြင့် ပိုးမွှားရောဂါတို့၏ ကျရောက်မှု၊ မျိုးကူးစပ်မှုတို့ကို ကြိုတင်ခန့်မှန်းနိုင် ခြင်း၊ အပူချိန်ကို သိရှိခြင်းအားဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရရှိ လာသည့် သုတေသနရလဒ်များကို တောင်သူများနှင့် စိုက်ပျိုးရေးကဏ္ဍသည် လျင်မြန်စွာ တိုးတက်လာမည်ဖြစ် ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည် ဝင်းက ပြောကြားခဲ့သည်။

ထို့နောက် Amigos International Co.,Ltd မှ ဦးဆောင်ညွှန်ကြား ရေးမှူး ဦးညီညီမင်းကလည်း ငွေကျပ် သိန်း ၇၀ ခန့်တန်ဖိုးရှိသည့် မိုးလေဝသ တိုင်းတာရေးစက်တစ်စုံကို သုတေသန လုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချနိုင် ရန် ရည်ရွယ်၍ ပေးအပ်လှူဒါန်းရခြင်း ဖြစ်ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# နွေရာသီ အခြေခံပန်းချီသင်တန်း ဖွင့်

**ကျောက်တန်း မတ် ၆**

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၌ စာကြည့်တိုက် ကော်မတီကကြီးမှူး၍ နွေရာသီအခြေခံ ပန်းချီသင်တန်းကို မတ် ၅ ရက်က အဆိုပါ အီလက်ထရွန်နစ် စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အီလက်ထရွန်နစ်စာကြည့် တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ငွေက အမှာစကားပြောကြားပြီး အခြေခံ ပန်းချီသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ် ချက်ကို ပန်းချီပညာရှင် ဦးတင်ကိုကိုက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့ပေါ်မှ ပန်းချီဝါသနာရှင်ကလေးများ၊ အခြား မြို့နယ်မှ ပန်းချီဝါသနာရှင်များ၊ စိတ်ပါ ဝင်စားသူများ တက်ရောက်သင်ကြား ခဲ့ရာသင်တန်းကာလမှာ သုံးလဖြစ် သည်။

အဆိုပါ သင်တန်းဖွင့်လှစ်ပေးရခြင်း မှာပန်းချီပညာ၏တန်ဖိုးကို ယနေ့လူငယ် များ သိရှိနားလည်ပြီး အမြော်အမြင်ရှိရှိ ကိုယ့်မြို့နယ်၊ ကိုယ့်နိုင်ငံတော်အတွက် အကျိုးရှိ အသုံးချနိုင်စေရန် ရည်ရွယ် ၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပန်းချီ ပညာရှင်တစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မန္တလေး မတ် ၆**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို "အမျိုး သမီးများဘဝ မြှင့်တင်ဖို့ ကျေးလက်နှင့် မြို့ပြ တက်ကြွလှုပ်ရှားသူများ ပူးပေါင်းလို့ ယခုပင် ကြိုးပမ်းကြပါစို့" (Time is Now, Rural and urban activists transforming women's Lives) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မတ် ၅ ရက်က မန္တလေးမြို့ ၄၂ လမ်း နှင့် ၆၅ လမ်းရှိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ် ၁၁ လူကုန် ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု ရဲမှူး မျိုးဇော်က လူကုန်ကူးမှုနှင့် ပတ်သက်၍ အသိပညာ ပေးဆွေးနွေးသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဝင် ဒေါ်နန်းရီရီထွန်းက အမျိုး သမီးရေးရာအကြောင်း သိကောင်းစရာ များကို ဆွေးနွေးတင်ပြသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီး ရေးရာကော်မတီဝင်များ၊ မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ် ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများတက် ရောက်ကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# သုံးခွမြို့နယ်ကြက်ခြေနီအသင်းသို့ အင်္ကျီအထည် ၂၀၀ လှူဒါန်း

**သုံးခွ မတ် ၆**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ကြက်ခြေနီအသင်း၏ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တီရှပ်အင်္ကျီအထည် ၂၀၀ လှူဒါန်းခြင်းကို မတ် ၄ ရက်က ယင်းအသင်းရုံးခန်း၌ လှူဒါန်းခဲ့သည်။

ယင်းတီရှပ်အင်္ကျီများကို အလှူရှင်ရန်ကုန်မြို့နေ ဦးဇော်မျိုးထိုက်-ဒေါ်ကြည်စော မိသားတစ်စုတို့က သုံးခွမြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာခင်စောနှင့် ကော်မတီဝင်များထံ ပေးအပ်လှူဒါန်းခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ် ခဲ့ကြောင်း သိရသည်။

အလှူရှင်က "ကျွန်တော်တို့ ဒီလိုတီရှပ်အင်္ကျီတွေကို မြို့နယ်ကြက်ခြေနီအသင်းက ဆောင်ရွက်နေတဲ့ လူမှုရေးလုပ်ငန်းတွေ၊ ကျန်းမာရေးလုပ်ငန်းတွေ၊ သွေးလှူရှင်ရှာဖွေ ရေးနဲ့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးတို့အတွက် အသုံးပြုနိုင်ဖို့ လှူဒါန်းပေး ရခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **ကြည်စိုးလွင် (သုံးခွ)**



# လှိုင်တက္ကသိုလ်အတွင်း မူခင်းကျဆင်းရေးအသိပညာပေး ဟောပြော

**ရန်ကုန် မတ် ၆**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းမူးယစ်ပညာပေးဟောပြောပွဲကို မတ် ၂ ရက်က ကျင်းပခဲ့ သည်။

အခမ်းအနားတွင် လှိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်က အမှာစကားပြောကြားခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲမှူးဦးမိုးကျော်ကျော်က အသိပညာပေးဟောပြောခြင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးအောင်ဝင်းက မူးယစ်ပညာပေးဟောပြောခြင်း၊ မြို့မရဲစခန်းမှူး ဦးသိန်း ဆွေမြင့်က အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန္တာမေ(ပြန်/ဆက်)**

# ဗဟန်းမြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

**ရန်ကုန် မတ် ၆**

ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရပ်ကွက် အုပ်ချုပ် ရေးမှူးရုံး၌ မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး အသိပညာ ပေးဟောပြောပွဲကို ဗဟန်းမြို့မရဲစခန်းက ကြီးမှူး၍ မတ် ၂ ရက်က ကျင်းပရာ မြို့မရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသိန်းဝင်းက မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအသိပညာပေးဟောပြောသည်။ ဟောပြောပွဲကို ရပ်ကွက်အုပ်ချုပ်ရေး မှူးများနှင့် ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# စက်သုံးဆီဆိုင်များ တရားမဝင်ရောင်းချခြင်းရှိ မရှိ စစ်ဆေး

**ပလောက် မတ် ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ အမှတ် ၄ ရပ်ကွက်၌ စက်သုံးဆီ အရောင်းဆိုင်များ တရားမဝင်ရောင်းချခြင်း ရှိ မရှိ၊ ရောင်းချခွင့်ပြုထားသည့်နေရာတွင် စနစ်တကျရောင်းချခြင်း ရှိမရှိကို မတ် ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ် ဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များပူးပေါင်း၍ စက်သုံးဆီရောင်းချမှုအခြေအနေ၊ စက်သုံးဆီများ မီးဘေးအန္တရာယ်ကင်းရှင်းစွာ ထားရှိမှုအခြေအနေနှင့် အရေးပေါ် မီးသတ်ဆေးဘူးများကို စက်သုံးဆီအရောင်းဆိုင်ပမာဏနှင့် လုံလောက်အောင်ထားရှိ ခြင်း ရှိ မရှိ၊ မီးသတ်ဆေးဘူးများ ကောင်း မကောင်းစသည်တို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

# အလင်းပြကောင်းကင် ပရဟိတ

## ဒီဇိုင်နာ အသက်မွေးသင်တန်းကျောင်း အနုပညာရှင်များ ပါဝင်လှူဒါန်း



အကယ်ဒမီခန့်စည်သူဦးဆောင်မှုဖြင့် အလင်းပြကောင်းကင် ပရဟိတအဖွဲ့မှတည်ထောင်သော ပရဟိတ ဖက်ရှင်ဒီဇိုင်နာ အသက်မွေးသင်တန်းကျောင်းဖွင့်ပွဲကို သဃ်ၤန်းကျွန်းမြို့နယ် (င/က) ရပ်ကွက်ရှိ ဓမ္မဝိဟာရဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

၎င်းဖွင့်ပွဲသို့ အနုပညာရှင် မောင်နှမများ တက်ရောက်ခဲ့ကြပါသည်။ ယင်းသင်တန်းကျောင်းကို မတ်လ ၃ ရက်က စတင်ဖွင့်လှစ်ပေးပြီး သင်တန်းသားဦးရေ ၃၉ ဦးတက်ရောက်သည်ဟု သိရှိရပါသည်။ သင်ထောက်ကူပစ္စည်းများအတွက် မေတ္တာသင်္ဂဟအဖွဲ့မှ အလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ပါသည်။ လောကဓမ္မတာ တတ်ပညာနှင့် ဥစ္စာရှာဖွေမပြုချေသော် သေအောင်ဒုက္ခ ဆင်းရဲရလိမ့် ဟူသော အဆိုပါ အမိန့်နှင့်အညီ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ယူ၍ စီးပွားဥစ္စာရှာဖွေမှသာ လူမှုဘဝ အထွေထွေမြင့်မားစေနိုင်မည်ဟု ယုံကြည်သောကြောင့် စိတ်စေတနာအရင်းခံလျက် အကယ်ဒမီခန့်စည်သူ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ပရဟိတကုသိုလ်ယူလိုသူ ဒီဇိုင်နာပညာရှင်များနှင့် သင်ထောက်ကူပစ္စည်းလှူဒါန်းလိုသူများ အလင်းပြကောင်းကင် ပရဟိတအဖွဲ့ ၀၉၇၉၃၁၂၅၃၄၁၊ ၀၉၄၂၀၀၈၆၁၇၄၊ ၀၉၇၇၁၀၇၄၂၇၇ တို့သို့ ဆက်သွယ်၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

**ကိုလင်း**

---

# ဇော်ပိုင် နှင့် ခဏတာ

**ကိုလင်း**

၂၀၁၇ ခုနှစ်က "ပြုသူအသစ်" အမည်ရသည့် တေးအယ်လ်ဘမ်ကို ၂၀၁၈ခုနှစ် မတ်လပထမပတ်တွင် အမ်တီဗွီစတင်ရိုက်ကူးနေပြီး နိုဝင်ဘာလတွင် ထွက်ရှိရန်အတွက် တေးသံရှင် ဇော်ပိုင်က ပြင်ဆင်နေပြီဖြစ်ရာ ဂီတဖန်တီးမှုအပိုင်းနှင့်ပတ်သက်၍ ယခုလိုသိခွင့်ရခဲ့သည်။

**မေး ။ ပြုသူအသစ်ဆိုတဲ့ စီးရီးလေး အမ်တီဗွီအဖြစ် ဖန်တီးဖြစ်တာက**

ဖြေ ။ "ပြုသူအသစ်"ထဲက သီချင်း ၁၂ပုဒ်လုံး ပြန်ရိုက်မှာပါ။ Live Show ရော ဇာတ်လမ်းနဲ့ ဇာတ်လမ်းအမ်တီဗွီပုံစံ နှစ်မျိုးလုံးသွားမှာပါ။ အခုနောက်ပိုင်း ကုန်ကျစရိတ်တွေက တကယ့်ကို များပါတယ်။ ဒါပေမယ့်လျှော့ပြီးတော့လည်း မရိုက်ချင်ပါဘူး။ ဈေးကွက်ကတော့ အားလုံးသိတဲ့အတိုင်း အားရစရာတော့ မရှိဘူးပေါ့။ ဒါရိုက်တာလည်း ရွေးနေတုန်းပါပဲ။

**မေး ။ နောက်ထပ် တစ်ကိုယ်တော် ထွက်ဖို့ ပြင်ဆင်နေတယ်ဆို**

ဖြေ ။ တစ်ကိုယ်တော် ငါးပုဒ်က အသစ်တွေပေါ့။ Country Rock တွေရယ်၊ နောက်ပိုင်း Music တွေနဲ့ ပေါင်းစပ်ပြီး အရင်နဲ့ပုံစံလေးတွေ နည်းနည်းကွဲသွားမှာပေါ့။ ကျွန်တော်ကတော့ အရင်နဲ့မတူအောင် ပုံစံခွဲပြချင်ပါတယ်။ ဒါကတော့ အဆိုတော်တိုင်းမှာလည်း ရှိတယ်။ ကျွန်တော်လည်း ရှိပါတယ်။ တေးရေးက အသစ်တွေများတယ်။ လက်တွဲနေကျ တေးရေးဆရာတွေလည်းပါတယ်။ တေးရေးအသစ်တွေက သူတို့လာပြတာ ကြိုက်လို့ ကျွန်တော်လည်း ဆိုရတာ အဆင်ပြေလို့ သုံးဖြစ်တာပါ။

**မေး ။ နောက်ပိုင်းပြန်ဆိုတေးတွေ သီဆိုလာမှုအပေါ် ဝေဖန်မှုတွေ ရှိနေတယ်၊ အစ်ကိုရဲ့သုံးသပ်ချက်လေး သိလို့ရမလား။**

ဖြေ ။ ဝေဖန်တာကတော့ လက်ခံပါတယ်။ ကြိုဆိုပါတယ်။ သူတို့ကလည်း ဒီသီချင်းတွေကို အရင်အဆိုတော် တွေရဲ့ သီချင်းတွေကို ပြောင်းလဲလိုက်လို့ သိပ်မကြိုက်တာကိုလည်း ကျွန်တော်ခံစားလို့ရပါတယ်။ သီချင်းတွေကို နားထောင်ချိန်မှာ အရင်တုန်းက ဖြတ်သန်းတဲ့ကာလနဲ့ အမှတ်တရတွေနဲ့ကလည်း မတူနိုင်ပါဘူး။ ဥပမာ - ကျွန်တော်တို့ ငယ်ငယ်တုန်းက မိုးအေးအေး လက်ဖက်ရည်ဆိုင်ရဲ့ ထောင့်မှာ ထိုင်ရင်း သီချင်းနားထောင်ရတဲ့ ဖီလင်ကလည်း ဘာနဲ့မှ မလဲနိုင်ပါဘူး။ အရင်မျိုးဆက်ကို နားထောင် နေကျသူတွေကလည်း နောက်ထက် အသစ်ပုံစံ တစ်မျိုးနဲ့ ဝင်လာရင် လက်ခံဖို့ခက်တယ်။ ဒီအတွက် ဘာမှလည်း မပြောလိုပါဘူး။ တချို့သီချင်းဟောင်းတွေကို လူငယ်တွေပြန်ပြီးတော့ နားမထောင်ဖူးတာတွေလည်း ရှိတယ်။ အသစ်ပြန်ဆို ပေးချင်တာတွေလည်း ရှိတာပေါ့။ တခြားနိုင်ငံတွေမှာလည်း ခေတ်အဆက်ဆက် သီချင်းတွေကို ပုံစံပြောင်းလဲသီဆိုကြတာလည်း ရှိကြပါတယ်။ လိုအပ်ချက်တွေကို ကိုယ့်တွေကလည်းဖြည့်ပြီး နားထောင်ပေးဖို့လိုအပ်တာပေါ့။ သမားရိုးကျကို စွဲပြီး သွားယှဉ်ရင် တော့ ပြဿနာနည်းနည်း ရှိတာပေါ့။

**မေး ။ အစ်ကို့အနေနဲ့ရော ပြန်ဆိုတေးသီဆိုချိန်မှာ ဘယ်လို ပြန်ဆိုဖြစ်လဲ။**

ဖြေ ။ ကျွန်တော်ဆိုရင်တော့ ကိုယ့်ပုံစံအတိုင်းပဲ ဖြစ်သွား တယ်။ အရင်လုပ်ထားပြီးသား မြူးဇစ်ရဲ့ဖွဲ့စည်းပုံ အကုန်လုံးကို မဖျက်ဆီးပါဘူး။ မကြာခင်က လည်း ပြုသူအသစ် သီချင်းတွေ ထွက်ခဲ့တယ်။ ကိုယ်ငယ်ငယ်က ကြိုက်ခဲ့တဲ့ သီချင်းတွေကို ပြန်ဆိုထားတယ်။ ဗားရှင်းမပြောင်းဘဲ အတီးပိုင်းပဲ ပြောင်းလဲထားပါတယ်။

**မေး ။ ပြည်ပဖျော်ဖြေမှုတွေများလာပြီး ပြည်တွင်းပွဲတွေ စိတ်ဝင်စားမှု နည်းလာတဲ့ အပေါ် ပြောပြပေးပါဦး။**



ဖြေ ။ ကျွန်တော်တို့ တင်ဆက်မှုပုံစံ နည်းနည်း ပြောင်းမှရမယ်။ နောက်တစ်ခုကတော့ ကုမ္ပဏီကြီးတွေနဲ့ Free Show တွေ၊ အဆိုတော်ကြီးတွေနဲ့ အဲဒီလို သွားတာ။ နောက်ပိုင်းကျတော့လည်း အဲဒါ နည်းနည်း ပြန်ခေတ်စားလာတော့ တစ်ကတ်ရှိုးပိုင်းမှာကျတော့ နည်းနည်းလေး နည်းတယ်ပေါ့။ တစ်ကတ်ရှိုးမှာ လူစုံ ထက်စာရင် တစ်ကိုယ်တော် ရှိုးလေးတွေ ပိုအဆင်ပြေလာတာ မြင်ရတယ်ပေါ့။ ကျွန်တော့်အမြင်ပေါ့။ တစ်ကိုယ်တော်ရှိုးကတော့ နောက်နှစ်မှ လုပ်ဖြစ်ပါမယ်။ ။

---

# PANTRA BEAUTY ၏ PANTRA QUEEN

## ရွေးချယ်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံရှိ လုပပြီး အရည်အချင်း ထက်မြက်သော မိန်းကလေးများကို ရွေးချယ်ဖော်ထုတ်သွားမည့် Pantra Queen ရွေးချယ်ပွဲကို ဧပြီ ၆ ရက်တွင် ကျင်းပသွားမည်ဟု သိရသည်။ အဆိုပါ ရွေးချယ်ပွဲကို Amara Yangon Co.,Ltd. မှာ ဖြန့်ဖြူးရောင်းချမည့် Pantra Beauty အမှတ်တံဆိပ်




အလှကုန်မှဦးဆောင်ပြီး အနုပညာရှင်တစ်ဦးဖြစ်သည့် အကယ်ဒမီဖွေးဖွေးက ဒိုင်အဖြစ်ပါဝင် ရွေးချယ်သွားမည်ဟု သိရသည်။

"ကျွန်မတို့အနေနဲ့ အဓိက ဒီပွဲကို ပြုလုပ်ရတာကတော့ ကိုရီးယားနိုင်ငံက ထုတ်လုပ်ပြီး ပြည်တွင်းမှာ ဖြန့်ချိမယ့် Pantra တံဆိပ်ကို အမျိုးသမီးထုကို သိစေချင်တာကြောင့်ပါ၊ ဒီပစ္စည်းလေးတွေက နှုတ်ခမ်းနီဆိုးရတာလွယ်ကူပြီး နှုတ်ခမ်းသားကို အလွယ်တကူခြောက်သွေ့သွားစေခြင်းမရှိတဲ့အပြင် ရွေးချယ်စရာအရောင်လှလှလေး ငါးမျိုးနဲ့ ထွက်ရှိသွားမှာဖြစ်ပါတယ်၊ PANTRA Beauty က စိတ်ဝင်စားစရာကောင်းတဲ့ ပွဲလေးတစ်ခုလည်း Online ကဝင်ပြိုင်လို့ရမယ်၊ ဒီပြိုင်ပွဲမှာ ကိုယ်ကိုယ်တိုင် Queen တစ်ယောက်အဖြစ် သရုပ်ဆောင်လောကထဲကို လျှောက်လှမ်းနိုင်မယ်၊ ဒီပြိုင်ပွဲကို နောက်ဆုံး ငါးဦး ရွေးချယ်ပြီးတော့ PANTRA Beauty ရဲ့ ကြော်ငြာတွေ ရိုက်ကူးသွားမှာလည်း ဖြစ်ပါတယ်၊ ကျွန်မတို့ဆီက အလှကုန်ပစ္စည်း မျိုးစုံကိုတော့ ထုတ်သွားဖို့ရှိပါတယ်"ဟု PANTRA Beauty မှ ပိုင်ရှင် မခိုင်မီမီဇော်က ပြောသည်။

အဆိုပါ ပြိုင်ပွဲအတွက် ဒိုင်များအဖြစ် သရုပ်ဆောင် အကယ်ဒမီဖွေးဖွေး၊ Makeup artist မခိုင် (HELLO) နှင့် Lush Magazine မှ creative director ကိုသီဟန်တို့ ဦးဆောင်ရွေးချယ်သွားမည်ဖြစ်ပြီး မတ် ၁၀ ရက်တွင် PANTRA Beauty Page မှ အသက် ၁၈ နှစ်ပြည့်သူတိုင်း စတင်ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ နှုတ်ခမ်းနီတစ်ခုလျှင် ငွေကျပ် ၇၈၀၀ ဖြင့်ရောင်းချမည်ဖြစ်ပြီး PANTRA Beauty မှ commercial video နှင့် photo ရိုက်ကူးရန်အတွက် ဝါသနာရှင် ပျိုမေ ငါးဦးကို ရွေးချယ်ကာ ကြော်ငြာများ ရိုက်ကူးပေးမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သူအနေဖြင့် အလှပုံ နှစ်ပုံနှင့် ကိုယ်ရေးအချက်အလက်များကို Pantra Beauty Facebook Page Message သို့ ပေးပို့နိုင်သည်။ ပေးပို့သူများထဲမှ ဆန်ကာတင် ၃၀ ကို ဧပြီ ၆ရက်တွင် နောက်ဆုံး အဆင့်ရွေးချယ်သွားမည်ဟု သိရသည်။

**ကိုလင်း**



# ဒုတိယမြောက် တစ်ကိုယ်တော်ခွေ ထွက်ရှိတော့မည့် အဆိုတော် သာဒီးလူ

"ပြည့်တန်ဆာ"တေးသီချင်းဖြင့် ပရိသတ်အားပေးမှု အခိုင်အမာရရှိထားသော တေးရေး တေးဆို သာဒီးလူသည် "ကျွန်တော်ရှုံးနေသည်" ဒုတိယမြောက် တစ်ကိုယ်တော်သီချင်းခွေ ယခုနှစ်အတွင်း ထွက်ရှိရန်ပြင်ဆင်နေကြောင်း သိရသည်။

"ပထမခွေ စထွက်ထွက်ချင်းမှာ ပရိသတ်က သိပ်မကြိုက်ကြဘူး၊ နောက်ပိုင်းမှ ပရိသတ်အကြိုက် တွေ့သွားတယ်၊ အားလုံးပေါင်း သီချင်း ၁၀ပုဒ်လောက်တော့ လျှာထားတာပေ့ါ၊ ဒီခွေအတွက် တာဝန်ကတော့ နည်းနည်းတော့ ကြီးတာပေ့ါ၊ ပထမ စလုပ်တဲ့ အချိန်မှာတုန်းက အားပေးကြတယ်၊ သဘောကျ နှစ်သက်ကြတယ်၊ အတိုင်းအတာ တစ်ခုပေ့ါ၊ အဲဒါကို အခု ဒုတိယအခွေမှာ ယာယီခေါင်းစဉ်လေးပေးထားတယ်၊ ဒီအခွေအတွက် တာဝန်ပိုထားတော့ အဲဒီစိတ်လေးတော့ ရှိတာပေ့ါ၊ ဒါပေမယ့် ပထမအခွေ တုန်းကလည်း ကိုယ်ကြိုက်တာပဲ ကိုယ်လုပ်တယ်၊ အခုလည်း ကိုယ့်စိတ်ထဲရှိတာကိုပဲ ပရိသတ်ကို ချပြပါမယ်၊ အကြောင်းအရာကတော့ ပထမကတော့ ဘဝနဲ့ပတ်သက်တဲ့ အတွေးလေးတွေ ပေ့ါ၊ အခုဟာက ကျွန်တော်တို့ ခေါင်းနည်းနည်း သုံးရတယ်၊ သူကတော့ ဆိုက်ကိုဘက် ရောက်တာပေ့ါ၊ နည်းနည်း ဂေါက်နေတဲ့ဘက်ကို သွားတဲ့ပုံစံမျိုး၊ အဲ့ဒီလို သီချင်းပိုများတယ်၊ ချစ်တယ်၊ လွမ်းတယ် ဆိုတာမျိုး ရိုးရိုးဒဲ့ကြီးတွေ မဟုတ်တော့ဘူး၊ တစ်ခုခုလေး သွယ်ဝိုက်ပြီးတော့ လွမ်းတာ၊ ဒါပေမယ့် အဲဒီ သွယ်ဝိုက်လိုက်တဲ့နေရာက ဆိုက်ကို ဖြစ်သွားတယ်၊ အဲဒီလိုမျိုးလေး လုပ်ထားတယ်"ဟု တေးသံရှင် သာဒီးလူက ပြောသည်။

အဆိုပါ သီချင်းခွေတွင် ခုနစ်ပုဒ် အသွင်းပြီးထားကာ ဒီဇိုင်းပိုင်း စတင်လုပ်ဆောင်နေကြောင်း သိရသည်။ ကျွန်တော်ရှုံးနေသည် ဒုတိယအခွေတွင် ကိုယ်တိုင်ရေး ကိုယ်ပိုင်သံစဉ်များကိုသာ အဓိက ထည့်သွင်းသွားမည် ဖြစ်သည်။ **ကိုလင်း**

# ခေါင်လန်ဖူးမြို့၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ခေါင်လန်ဖူး မတ် ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့သို့ ဇန်နဝါရီ ၁၃ ရက်၌ လာရောက်ခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်လမ်းညွှန်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုဖြင့် ခေါင်လန်ဖူးမြို့ပေါ်ရပ်ကွက်အတွင်း အိမ်တိုင်းစေ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၃၂၀၀ နှင့် ၄၈ ဒသမ ၇၅ ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက ခေါင်လန်ဖူးမြို့ လျှပ်စစ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ နယ်မြေခံတပ်မှ တပ်ရင်းမှူး ဗိုလ်မှူးကြီး နေမျိုးဇော်နှင့် မြို့မိမြို့ဖဦးပီတာတို့က ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးကျော်ဇောက ဓာတ်အားပေးစက်ရုံအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍အခမ်းအနား ဒုတိယပိုင်းကို မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးကျော်ဇောက ခေါင်လန်ဖူးမြို့နယ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်းနှင့် ပတ်သက်၍ပြောကြားရာ ခေါင်လန်ဖူးမြို့ပေါ်တွင် အိမ်ခြေ ၈၀ ကျော်ရှိသည့် အနက် ယခင်က ၁၈ ကီလိုဝပ်ဖြင့် စုစုပေါင်း ၄၈ အိမ်ထောင်စုသာ မီးပေးနိုင်ခဲ့ပြီး ယခုအခါ ၄၈ ဒသမ ၇၅ ကီလိုဝပ်ဖြင့် မြို့ပေါ်ရှိ အိမ်တိုင်းစေ့ မီးပေးနိုင်ပြီ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ မြို့မိမြို့ဖ ဦးစီ ဒီးဆားရ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကလေးလူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ကာကွယ်ရေး ပညာပေးဆွေးနွေး

**တွံတေး မတ် ၆**



အမျိုးသမီးရှေ့နေများ ဦးဆောင်သော တွဲလိုကူပရဟိတအဖွဲ့မှ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ကာကွယ်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးပညာပေးဆွေးနွေးပွဲ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကံဘဲ့ကျေးရွာ ပုဗ္ဗာရုံကျောင်းတိုက်၌ မတ် ၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**

အဆိုပါအသိပညာပေး ဆွေးနွေးပွဲတွင် အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးသက်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်း ရေးမှူး ဒေါ်သန်းသန်းအေးတို့က အမှာစကားပြောကြားပြီး တွဲလိုကူပရဟိတအဖွဲ့ တရားလွှတ်တော်ရှေ့နေ ဒေါ်နီနီသိမ်းကကျား/မဖြစ်တည်မှုအပေါ် အခြေခံသည့်အကြမ်းဖက်မှုများကိုရှင်းလင်းခြင်း၊ တွဲလိုကူပရဟိတအဖွဲ့တရားလွှတ်တော်ရှေ့နေဒေါ်ခင်ခင်ကျော်နှင့် ဒေါ်မဥ္ဇူတို့က အမျိုးသမီးအကြမ်းဖက်မှုနှင့် မှုခင်းကာကွယ်ရေးအတွက် အမျိုးသမီးများ သိသင့်သော ဥပဒေပုဒ်မများကို ရှင်းလင်းကြကာ တွဲလိုကူပရဟိတအဖွဲ့မှအထက်တန်းရှေ့နေဒေါ်ဆုရည်မွန်ကသက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ရေးကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ကံဘဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးစိုးဌေးက "ဒီနေ့လုပ်တဲ့ အသိပညာပေးပွဲကရွာတိုင်းလုပ်သင့်ပါတယ်၊ အမျိုးသမီးတွေ ဘဝလုံခြုံစိတ်ချရအောင် ဟောပြောပွဲကရတဲ့အသိက ပိုကောင်းပါတယ်"ဟု ပြော သည်။

ထို့နောက်ကံဘဲ့၊ စမ်းရွာ၊ ပေါက်တော၊ ကျိုက်သလဲ၊ ဘုရားကြီး၊ ဘုရားငုတို (က)၊ ဘုရားငုတို (မ)၊ ရန်ကုန်ပေါက်၊ ပိတ်စွယ်၊ ပျော်ဘွယ်လေးကျေးရွာအုပ်စု ၁၀ အုပ်စုမှ တက်ရောက်လာသူ အမျိုးသမီး ၂၀၀ အား အဖွဲ့ငါးဖွဲ့ခွဲကာ ဆွေးနွေးခြင်း၊ ရှင်းလင်းခြင်းနှင့် အပြန်အလှန်မေးမြန်းခြင်းများကို ပြုလုပ်ကြပြီး တွဲလိုကူပရဟိတအဖွဲ့တရား လွှတ်တော်ရှေ့နေက တက်ရောက်လာသူတို့၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

# အိုဆိုစက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းမှ ရပ်ကွက်လမ်းမီးအတွက်လျှပ်စစ်မီးအလုံး ၁၀၀ ပေးအပ်လှူဒါန်း



**ကလေး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြို့သာရပ်ကွက်နေ ပြည်သူများအတွက် လမ်းမီးများ မီးအလင်းရောင်လုံလောက်စွာရရှိပြီး ညအချိန်ပြည်သူများ သွားလာရာတွင် နယ်မြေလုံခြုံမှုရှိစေရေးနှင့် ရပ်ကွက်သာယာရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေရေးတို့ကို ရည်ရွယ်၍ ကလေးမြို့နေအိုဆိုစက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဖိုးချို-ဒေါ်သန္တာမိသားစုက လျှပ်စစ်မီးအလုံး ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၄ ရက်က မြို့သာရပ်ကွက်အခြေခံပညာ မူလတန်း၌ကျင်းပရာ လှူဒါန်းပွဲသို့ ရပ်ကွက်နေ ပြည်သူများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်မိသားစုနှင့် ရပ်ကွက်မီးလင်းရေးကော်မတီများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကလေးမြို့အိုဆိုစက်သုံးဆီ ရောင်းဝယ်ရေးလုပ်ငန်းမှ အလှူရှင် ဦးဖိုးချိုက လျှပ်စစ်မီးအတွက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီးငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ လျှပ်စစ်လမ်းမီးအလုံး ၁၀၀ ပေးအပ်လှူဒါန်းရာ ရပ်ကွက်မီးလင်းရေးကော်မတီအဖွဲ့တို့က လက်ခံယူကြပြီး ရပ်ကွက်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းသို့ လျှပ်စစ်လမ်းမီးများ လှူဒါန်းပေးခြင်းအားဖြင့် မြို့သာရပ်ကွက်နေပြည်သူ ၄၇၀၃ ဦးတို့အတွက် များစွာအကျိုးပြုမည်ဖြစ်ပြီး မြို့သာရပ်ကွက်တွင် အိမ်ထောင်စုပေါင်း ၁၀၂၄ စုတို့နေထိုင်ကြကြောင်းသိရသည်။ **ချင်းတွင်းသား**

# စက်သုံးဆီအရောင်းဆိုင်များကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေး

**အိမ်မဲ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မတ် ၅ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးမှုတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့ မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများသည် အိမ်မဲမြို့နယ် အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအတွက် မီးသတ်ဆေးဘူးထားမှုရှိမရှိ မီးသတ်ဆေးဘူးသုံးစွဲတတ်မှုရှိမရှိနှင့်ဆီသိုလှောင်သည့် ပတ်ဝန်းကျင်မှ အမှိုက်သရိုက်များ ရှင်းလင်းထားမှုရှိမရှိအစရှိသည့် စက်သုံးဆီသိုလှောင်ထားရှိမှုနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် စစ်ဆေးခဲ့ကြောင်း သိရသည်။ "အိမ်မဲမြို့နယ်အတွင်းမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေ မီးဘေးအန္တရာယ်ကင်းဝေးစေရေး မီးလောင်မှုအန္တရာယ်ကြုံတွေ့လာရင် မီးသတ်ဆေးဘူးကို သုံးစွဲတတ်စေရန် ကြိုတင်ကာကွယ်မှုတွေ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ အသိပညာပေးရင်း စစ်ဆေးတာပါ"ဟု ဦးစီးမှူး ဦးဝေယံစိုးကပြောသည်။ **မြို့နယ် (ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးယဉ်ကျေးလိမ္မာပုံပြောပြိုင်ပွဲ ကျင်းပ

**ချောင်းဆုံ မတ် ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွင် လူထုအခြေပြု (community center)အဖြစ် ကလေးသူငယ်များ ယဉ်ကျေးလိမ္မာ ပုံပြောစွမ်းရည်တိုးတက်လာစေရန် ရည်ရွယ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးစာကြည့်တိုက်ခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲကို မတ် ၄ ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မိသူဇာက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ဖတ်ကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူ၁၀ ဦးတို့က မိတ်ဆွေကျေးဇူးသိတတ်ခြင်း၊ မှန်မှန်ကန်ကန်ပြောဆိုခြင်း၊ လေးလေးစားစားလှူကြမယ်၊ ပညာရှိခေါင်းဆောင်ကောင်း၊ သူငယ်ချင်းကောင်းများ၊ ညီညီညွတ်ညွတ်နေကြမယ်၊ စိတ်ထားဖြောင့်မတ်ခြင်း၊ လုံ့လဝီရိယထားကြမယ်စသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆုကို မမိုးယုစံ၊ ဒုတိယပူးတွဲဆုကို မခင်အိန္ဒြေကျော်နှင့် မနှင်းနှင်းထူး၊ တတိယဆုကို မမေကဗျာမိုးတို့ကရရှိခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ငယ်ငယ်လှိုင်၊ ဒေါ်ခင်စန်းအေးနှင့် ဦးစီးမှူးတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သုံးခွမြို့နယ်ရှိ ပြည်သူများအား ကျန်းမာရေးအသိပညာပေး

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကိုရီးယားနိုင်ငံKOICAအဖွဲ့၏ကူညီထောက်ပံ့မှုဖြင့်ကျေးရွာသစ် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လက်ပန်ကျေးရွာ၌မွေ့သုခမင်္ဂလရိပ်သာတွင်မတ် ၄ ရက်က လက်ပန်နန်းခလဲကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမဒေါ်လှလှကိုးနှင့် ဒေါ်ကြူကြူထွေးတို့က ဝမ်းပျက်ဝမ်းလျှောအကြောင်း အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်( သုံးခွ)**



# အီလက်ထရွန်နစ်ကင်ဆာရောဂါ ကူးစက်ခြင်းမှ ကာကွယ်ပါ

နိုင်ဦး (DOCA)

**ရှေးရှေးတုန်းက ကျွန်တော်တို့ဘိုးဘွားများသည် ကြက်တွန်သံ၊ နေဝင်နေထွက်၊ လဝင်လထွက်များကို ကြည့်၍ အချိန်နာရီတို့ကို မှတ်သားခဲ့ကြသည်။ ပုစွန်လုံး၊ ပိုးဖလံများကို ကြည့်၍ ရေကြီးမည်၊ မိုးကောင်းမည်၊ မိုးနည်းမည်ကို ခန့်မှန်းနိုင်ခဲ့ကြသည်။ ခွေး၊ ကြောင် စသည့် အိမ်မွေးတိရစ္ဆာန်များကို ကြည့်၍ ငလျင်လှုပ်မည်ကို ကြိုတင်သိရှိနိုင်ကြသည်။**

ဤအချက်များကိုလည်း နှောင်းလူများသိရှိစေရန် လက်ဆင့်ကမ်း၍လည်းကောင်း၊ စာရွက်စာတမ်းများတွင် မှတ်တမ်းတင်၍ လည်းကောင်း၊ အကျိုးကျေးဇူးရရှိစေရန် ဖော်ပြပေးခဲ့ကြသည်။ ထို့အပြင် ဥစားပင်များကို လကွယ်ရက်များတွင် စိုက်သင့်ကြောင်း၊ လ၏ဆွဲအားသည် အောက်သို့ ရောက်သွား၍ ဥများပိုမိုဖြစ်ထွန်းကြောင်း၊ အသီးအရွက်ပင်များကို စိုက်ပျိုးပါက လပြည့်နေ့တွင် စိုက်သင့်ကြောင်း၊ လ၏ဆွဲအားကြောင့် အသီးအရွက်ပင်များ ပိုမိုဖြစ်ထွန်းကြောင်းကိုပါ ပြောပြကြသည်။ သူတို့သည် သဘာဝမှ ပေးအပ်သော အရာများကို စေ့စပ်သေချာစွာ ကြည့်ရှုမှတ်သား၍ လူ့လောကကောင်းကျိုးအတွက် ဆောင်ရွက်နိုင်ကြသည်။ အတန်းပညာ၊ အတတ်သိပ္ပံပညာ၊ လောကဓာတ်ပညာများကို မသိကြသော်လည်း သဘာဝနှင့် လိုက်လျောညီထွေစွာဖြင့် သဘာဝကြားတွင် နေထိုင်ရင်း သဘာဝပြောင်းလဲဖြစ်တည်မှု အခြေအနေများကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး ကြိုးစားခဲ့ကြသည်။

### စက်ကိရိယာများကို အားကိုးလာ

သဘာဝတရားကြီးကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဘာသာရေးယုံကြည်မှုအရ ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်းများစွာကို ယနေ့ခေတ်အထိ တည်ရှိနေအောင် တည်ဆောက်ပေးခဲ့ကြသည်။ ခေတ်မီစက်ကိရိယာများ မရှိဘဲနှင့် တည်ဆောက်နိုင်ခဲ့သည်။ ခိုင်ခံ့ထည်ဝါစွာ ဖြစ်ခဲ့သည်။ အားကျဂုဏ်ယူဖွယ်ပင် ဖြစ်သည်။ ယခု ခေတ်မီသည်ဆိုသောခေတ်တွင် စက်ကိရိယာများကို အားကိုးလာကြသည်။ ခုံမင်လာကြသည်။ ဂုဏ်ပကာသနများကို အလေးပေးလာကြသည်။ လယ်သမားတစ်ဦး၊ စပါးတစ်ကေစိုက်၍ ရွှံ့တစ်ပိဿာဝမ်းထဲဝင်အောင် အပင်ပန်းခံမှ တစ်သိန်းလောက်မြတ်သည့် နေရာတွင် ခေတ်မီနိုင်ငံများက ထုတ်လုပ်သော ဖုန်းတစ်လုံးသည် နှစ်သိန်း အနည်းဆုံး ရှိနေသည်။ ဒါပေမယ့် မနှမြောကြ မက်မက်မောမောဖြင့် ပြုံးရွှင်စွာ ဝယ်ယူသုံးစွဲနေကြသည်။ ခေတ်ကာလအရ ပေါ်ပေါက်လာသော ပစ္စည်းများဖြစ်၍ ခေတ်လူငယ်များ ဝယ်ယူသုံးစွဲကြသည်ကို မပြောလို၊ မိသားစုဝင်ငွေဆုံးရှုံးမှု၊ ကျန်းမာရေးထိခိုက်မှုများဖြစ်သည်အထိ သုံးစွဲနေသည်ကိုမူ တွေ့မြင်နေရ၍ ဝမ်းနည်းမိသည်။ လေထဲတွင် အနာဂတ်မျိုးဆက်သစ်များ၏ စိတ်ကူးတွေ၊ ငွေတွေ၊ အသက်တွေ၊ အတွေးအခေါ် ခံယူချက်တွေ အလဟဿဖြုန်းတီးနေသည်ကို စိတ်မသက်မသာဖြစ်မိသည်။

### တဖြည်းဖြည်း ပြောင်းလဲလာ

ယနေ့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန် အရှိန်ယူစပြုနေပြီ ဖြစ်သည်။ နိုင်ငံသားတို့၏ လူနေမှုဘဝသည်လည်း ထိုက်သင့်သလောက် မြင့်မားလာသည်။ စားသောက်အသုံးပြုမှုပုံစံများလည်း တဖြည်းဖြည်း ပြောင်းလဲလာကြသည်။ မြို့ရော၊ ကျေးလက်ဒေသရော တစ်ပြေးညီနီးပါး ခေတ်ပေါ်အသုံးအဆောင်များကို ဝယ်ယူအသုံးပြုလာနိုင်ကြသည်ကို တွေ့ရှိလာရသည်။ ကောင်းသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ သို့သော် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို နှောင့်နှေးစေနိုင်သော၊ မိသားစုဝင်ငွေကို ထိခိုက်စေနိုင်သော၊ မိမိကိုယ်ခန္ဓာဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သော အသုံးအဆောင်များကိုမူ ကိုယ်စီအသိတရားလက်ကိုင်ထား၍ သုံးစွဲရန် သတိမူသင့်ပေသည်။

### မျှတစွာ သုံးစွဲကြရမည်သာ

ကျွန်တော်သည် ဝန်ထမ်းတစ်ဦးဖြစ်၍ ရသည့်လစာအပေါ် စနစ်တကျ စီမံခန့်ခွဲအသုံးပြုရသည်။ စားရေး၊ ဝတ်ရေး၊ လူမှုရေး စသည်ဖြင့် အကန့်များခွဲ၍ သုံးစွဲရသည်။ အပိုကုန်စေမည့် ကိစ္စများ၊ လေလွင့်ဆုံးရှုံးစေမည့် ကိစ္စများကို ရှောင်ရှားရသည်။ ငယ်ငယ်က ဆရာသမားများ သွန်သင်ဆုံးမသည့်အတိုင်း နေထိုင်စားသောက်ခဲ့သည်မှာ အကျင့်ပါနေပြီဖြစ်သည်။ လစာဝင်ငွေနည်းခြင်းသည် မိမိတစ်ဦးတည်းမဟုတ်၊ အခြားဝန်ထမ်းများသည်လည်း အလားတူပင်ဖြစ်သည်။ ဘာလုပ်သင့်သလဲ၊ မိမိဝင်ငွေ၊ ထွက်ငွေကို မျှတစွာ သုံးစွဲကြရမည်သာ ဖြစ်ပေသည်။ ကြက်သွန်နီတစ်နေ့ ငါးလုံးသုံးမည့် နေရာတွင် သုံးလုံး သုံးမည်။ ငရုတ်သီးတစ်လ ၂၀ ကျပ်သားသုံးမည့်နေရာတွင် ၁၀ ကျပ်သားသာ သုံးမည်။ ဆီတစ်လတစ်ပိဿာသုံးမည့်နေရာတွင် ၅၀ ကျပ်သားသာ သုံးမည်။ ပေါ်ဆန်းမွှေး (ရှယ်) ချက်စားမည့်နေရာတွင် အခြားဈေးသက်သာသည့်ဆန်များဖြင့် ရော၍ဖြစ်စေ၊ ပြောင်းလဲ၍ ဖြစ်စေ ချက်စားပါက ထိုက်သင့်သလောက် ဝင်ငွေနှင့် ထွက်ငွေ ကို မျှတစေမည်မှာ မလွဲကေန်ဖြစ်ပေသည်။

> **"ယာဉ်မောင်းများ ယာဉ်မောင်းနေစဉ် ဖုန်းပွတ်နေ၍ အသက်များစွာ ပေးခဲ့ရပုံ၊ ညလုံးပေါက်ဂိမ်းဆော့၍ လူငယ်အချို့ သေဆုံးရပုံ၊ ဆိုရှယ်မီဒီယာများအသုံးပြု၍ မိသားစုများ ကွဲကွာရပုံ၊ သေကျေ၊ ဒဏ်ရာရ ထောင်ကျမှုများ၊ တရားရုံးရောက်မှုများ ဖြစ်ရပုံ၊ ဖုန်းတစ်လုံးရရှိရေးအတွက် အပျိုစင်ဘဝများကို ပေးဆပ်ရပုံ စသည်စသည်များကို မီဒီယာပေါင်းစုံတွင် ဖော်ပြနေ၍ သိရှိနေရသည်၊ ပြည်သူများ သင်ခန်းစာယူနိုင်ရန်၊ သံဝေဂရရှိရန်၊ ရှောင်ကြဉ်နိုင်ရန် ဖော်ပြထားခြင်းဖြစ်"**

သို့သော် အချို့သောမီဒီယာများတွင် ပါရှိသကဲ့သို့ "အငတ်ခံနိုင်သည်၊ မပွတ်ဘဲမနေနိုင်" ဆိုသည့်အတိုင်း လူတန်းစားပေါင်းစုံသည် ခေတ်ပေါ်ပစ္စည်းများဖြစ်သော ဖုန်းများကို အသုံးပြု၍ ဂိမ်းကစားခြင်း၊ မလိုအပ်ဘဲ ဖုန်းကြာရှည်စွာ ပြောခြင်း၊ သတင်းပေါင်းစုံကြည့်ခြင်း၊ ဝေဖန်ခြင်း စသည်တို့ကို အချိန်ကုန်၊ ငွေကုန်ခံကာ အလဟဿ ဖြုန်းတီးနေကြသည်ကို နေရာဒေသစုံ၊ လူတန်းစားမျိုးစုံတွင် မြင်တွေ့နေရသည်။ ဖတ်ရှုနေရသည်။

### ကျွန်တော်အံ့သြရသည်

တစ်နေ့က ရုံးခန်းအတွင်းတွင် ဝန်ထမ်းမိန်းကလေးတစ်ဦးမှ သင်္ဘောသီးသုပ်တစ်ပွဲ ၂၀၀ ကို တစ်ယောက်တည်း မကုန်နိုင်သဖြင့် အလကားငွေပိုကုန်မှာစိုးသောကြောင့် နှစ်ဦး ၁၀၀ စီစပ်၍ ဝယ်စားရန် တိုင်ပင်နေသည်။ ကျွန်တော်ဝမ်းသာရသည်။ ငွေအသုံးအစွဲ စိစစ်သုံးစွဲတတ်သော မိန်းကလေးပါလားဟု စိတ်ထဲမှ ချီးကျူးမိသည်။ ကျွန်တော်၏ ချီးကျူးမှုသည် ကြာကြာမခံပေ။ သူတို့နှစ်ဦးပြောသော နောက်ဆက်တွဲစကားတစ်ခွန်းကြောင့် ကျွန်တော်အံ့သြရသည်။ "အစားအသောက်ကို ချွေတာမှ ကောင်မရေ ညဆိုဖုန်းဖိုးက (၃၀၀၀ိ/-) လောက်ကုန်တာ" ဟု ပြောနေကြသည်။ မိမိအာဟာရဖြစ်စေမည့် အစားအသောက်ကိုမူ ခြိုးခြံချွေတာ၍ လေထဲတွင်ကုန်သွားမည့် ဖုန်းဖိုးကိုမူ ရက်ရောစွာ သုံးစွဲနေကြသည်။

ရွာရှိ မိဘဖြစ်သူများကလည်း မကြာခဏပြောကြားသည်။ ရွာတွင် အလုပ်သမားငှားပါက ယခင်ကလောက် မကောင်းကြောင်း၊ ယခင်က စပါးတစ်ကေစိုက်ပါက ကောက်စိုက်သမခြောက်ဦးသာ ငှားရကြောင်း၊ ယခု ရှစ်ဦးငှားရကြောင်း၊ ဒါတောင် မလွယ်ကြောင်း၊ ဖုန်းဘေ (၁၀၀၀ိ/-) ပါ ပိုပေးရကြောင်း၊ အဲ့ဒီအခါမှသာ မိမိလယ်ကို ကောက်စိုက်ရန်လာကြောင်း၊ မပေးပါက မလာကြောင်း၊ နားချိန်တွင် မနားဘဲ ဖုန်းဘေကုန်သည်အထိ ပွတ်သဘင်ပွဲ ဆင်နွှဲနေကြောင်း၊ အချိန်သာကုန်သွားသည်။ အလုပ်ကို ကောင်းကောင်းမပြီး၊ ပြီးသော်လည်း ကောက်ကွက်ကဲကြောင်း၊ အခြားပဲနုတ်ခြင်း၊ ပဲခူးခြင်း၊ ငရုတ်သီးခူးခြင်းများတွင်လည်း အလားတူပင်ဖြစ်ကြောင်း ပြောပါသည်။

ထို့အပြင် ယာဉ်မောင်းများ ယာဉ်မောင်းနေစဉ် ဖုန်းပွတ်နေ၍ အသက်များစွာ ပေးခဲ့ရပုံ၊ ညလုံးပေါက်ဂိမ်းဆော့၍ လူငယ်အချို့ သေဆုံးရပုံ၊ ဆိုရှယ်မီဒီယာများအသုံးပြု၍ မိသားစုများ ကွဲကွာရပုံ၊ သေကျေ၊ ဒဏ်ရာရ ထောင်ကျမှုများ၊ တရားရုံးရောက်မှုများ ဖြစ်ရပုံ၊ ဖုန်းတစ်လုံးရရှိရေးအတွက် အပျိုစင်ဘဝများကို ပေးဆပ်ရပုံ စသည်စသည်များကို မီဒီယာပေါင်းစုံတွင် ဖော်ပြနေ၍ သိရှိနေရသည်။ ပြည်သူများ သင်ခန်းစာယူနိုင်ရန်၊ သံဝေဂရရှိရန်၊ ရှောင်ကြဉ်နိုင်ရန် ဖော်ပြထားခြင်း ဖြစ်သည်။

### ဝမ်းနည်းဖွယ် တွေ့ရှိရ

လက်ကိုင်ဖုန်းများကို စနစ်တကျသုံးစွဲပါက မိမိကိုယ်တိုင်ရော၊ မိသားစုအတွက်ရော၊ တိုင်းပြည်အတွက်ပါ အကျိုးရှိစေမည့် သတင်းအချက်အလက်ပေါင်းစုံကို ရရှိ၊ မျှဝေပေးနိုင်သဖြင့် အလွန်ကောင်းမွန်သော ခေတ်ပေါ်ပစ္စည်းတစ်ခု ဖြစ်သည်။ သို့သော် လူတချို့ကမူ အချင်းချင်း အမုန်းတရားပွားများစေခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်းများကို ဖြန့်ဝေခြင်း၊ အခြားသူများကို သိက္ခာချ ရေးသားဝေဖန်ခြင်း၊ အကျိုးမဲ့စကားများကို အချိန် ကြာမြင့်စွာပြောခြင်း စသည်တို့ကို ဆောင်ရွက်နေကြ၍ မိမိ ဝင်ငွေကို ဖြုန်းတီးပြစ်သလို၊ အချိန်ကုန်ကာ အကျိုးမရှိ အသုံးပြုနေသည်ကို ဝမ်းနည်းဖွယ် တွေ့ရှိရပါသည်။

နိုင်ငံခြားတွင် ရောက်ရှိနေသော သူငယ်ချင်းတစ်ဦးကလည်း ပြောသည်။ မြန်မာနိုင်ငံသည် လွန်စွာလွတ်လပ်ကြောင်း၊ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ စားသောက်ဆိုင်များ၊ ဈေးများတွင် ဖုန်းများကို လွတ်လွတ်လပ်လပ်ပြောဆို၍ ပွတ်၍ရကြောင်း၊ သူရောက်ရှိနေသောနိုင်ငံရှိ ရုံးတွင် ဖုန်းယူဆောင်လာခွင့် မရှိကြောင်း၊ သူတက်နေသော ကျောင်းသို့လည်း ဖုန်းယူဆောင်လာခွင့်မရှိကြောင်း ပြောသည်။ အဲ့ဒီလိုလုပ်၍ နိုင်ငံခြားတွင် ကျောင်းတက်သော၊ အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများ၏ ဝင်ငွေကို သိပ်မထိခိုက်ကြောင်း၊ မြန်မာနိုင်ငံမှာ နေတုန်းက အကြောင်းမဲ့ ပျင်းသည်နှင့် ဖုန်းသုံးစွဲခဲ့သည်ကို နောင်တရမိကြောင်း၊ ရှက်မိကြောင်း ပြောကြားပါသည်။ လေထဲတွင် ကုန်ခဲ့သည့် သူ့ငွေများအတွက် နှမြောမိကြောင်းလည်း ပြောပါသည်။

### အားနည်းချက်ကို သိကြ

စီးပွားရေးသမားများသည် စားသုံးသူပြည်သူများ၏ အားနည်းချက်ကို သိကြသည်။ ခဲတံထုတ်လုပ်သူသည် ခဲတံဖြင့် ရေး၍ မှားသွားပါက ဖျက်ရန် ခဲဖျက်ကို တစ်ပါတည်း ထုတ်လုပ်ပေးသည်။ ဘောပင်၊ ဖောင်တိန်ထုတ်လုပ်ရာတွင်လည်း Correction ခေါ် မှင်ဖျက်ဆေးဘူးကိုပါ တီထွင်ရောင်းချသည်။ အလားတူ ကွန်ပျူတာ၊ ဖုန်းထုတ်လုပ်သူများကလည်း အသုံးပြုသူ စိတ်ပျော်ရွှင်မှုရရှိစေရန် ဂိမ်းများ၊ အခြားသော စိတ်ဝင်စားဖွယ်ရာများကို အလွယ်တကူ ထည့်သွင်းပေးထားတတ်သည်။ နောက်တော့ ပင်မအလုပ်ကို အဓိကထားလုပ်ရမည့်အစား ဂိမ်းများကို အချိန်ကြာမြင့်စွာ ဆော့ကစားခြင်း၊ အခြားမလိုလားအပ်သော သတင်းများကို ကြည့်ရှုခြင်းများ ဆောင်ရွက်လာကြသဖြင့် အချိန်ကုန်၊ လူပန်း၊ ငွေကုန်သည့်ဘက်ကို အလေးသာကာ သုံးစွဲလာကြသည်ကို တွေ့ရှိရပါသည်။

### ကင်ဆာရောဂါပမာ ကူးစက်ပြန့်ပွားနေ

မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် တွင်ကျယ်စွာ အသုံးပြုနေသော ဖုန်းများကြောင့် လေထဲတွင် ငွေတွေဘယ်လောက်ဆုံးရှုံးသွားသည်ကို နိုင်ငံဖွံ့ဖြိုးရေးကို မည်မျှအဟန့်အတားဖြစ်စေသည်ကို တပ်အပ်သေချာစွာ မရှင်းပြနိုင်သော်လည်း ဖုန်းဆိုသည့် လူလုပ်အီလက်ထရွန်နစ်ပစ္စည်းလေးကို တလွဲအသုံးချပါက ငွေ၊ အချိန်များစွာ ဆုံးရှုံးသွားမည်မှာမူ သေချာလှပေသည်။ ထိုပစ္စည်းအပေါ် စွဲလမ်းနေကြသည့်အတွက် မြန်မာပြည်တွင် ကင်ဆာရောဂါပမာ ကူးစက်ပြန့်ပွားနေသည်။ ကြာမြင့်လာပါက ကုရာနတ္ထိဆေးမရှိဖြစ်မှာ စိုးရိမ်မိပါသည်။

သို့ပါ၍ ခေတ်မီတိုးတက်မှု၏ ပြယုဂ်ဖြစ်သော လက်ကိုင်ဖုန်းများကို အသိတရားလက်ကိုင်ထား၍ အကျိုးရှိမည့်ကိစ္စများအတွက်သာ လိုတိုရှင်းအသုံးပြုပါ၊ စကားကိုမလိုအပ်ဘဲ အချိန်ကြာမြင့်စွာ ပြောခြင်းကို ရှောင်ကြဉ်ပါ။ မလိုလားအပ်သော၊ အကျိုးမရှိသော အချက်အလက်များကို ဖော်ပြရေးသားခြင်း မပြုကြခြင်းဖြင့် အီလက်ထရွန်နစ်ကင်ဆာကူးစက်ခြင်းမှ ကာကွယ်နိုင်ကြပါရန် စေတနာရှေ့ထား၍ ရေးသားဖော်ပြအပ်ပါသည်။ ။

## ဒဂုံ (ဆိပ်ကမ်း) စက်မှုဇုန်၌ အခြေခံမီးသတ်သင်တန်းဖွင့်

ရန်ကုန် မတ် ၆

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန်တွင် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်း၍ အကြိုအခြေခံမီးသတ်သင်တန်းကို စက်ရုံ၊ အလုပ်ရုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် စက်ရုံ၊ အလုပ်ရုံများရှိ လုပ်သားများအား အကြိုအခြေခံမီးသတ်သင်တန်း ၁/၂၀၁၈ ဖွင့်ပွဲကို မတ် ၅ ရက်က စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။



နွေရာသီ မီးဘေးအန္တရာယ်ကင်းဝေးစေရေး အကြိုအခြေခံမီးသတ်သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စွာမြင့်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးမင်းမင်းတို့က အမှာစကား ပြောကြားသည်။

သင်တန်းသို့ စက်ရုံ၊ အလုပ်ရုံများမှ လုပ်သား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် သင်ကြားပို့ချသွားမည်ဖြစ်သည်။

မြို့နယ်အတွင်း မီးလောင်မှုဖြစ်ပေါ်လာပါက မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းမီးငြိမ်းသတ်နိုင်ရန် စက်မှုဇုန်သို့ ဂျပန်နိုင်ငံမှ မီးငြိမ်းသတ်ယာဉ်တစ်စီး လှူဒါန်းထားပြီး စက်မှုဇုန်ကော်မတီကလည်း မီးသတ်ယာဉ်တစ်စီးနှင့် ရေသည်ယာဉ်တစ်စီး ဝယ်ယူထားကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာ အခမဲ့ကွန်ပျူတာသင်တန်း ဖွင့်

မိုးကောင်း မတ် ၆

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ပညာရေးဝန်ကြီးဌာန Telenor Myanmar နှင့် KMD Institute တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီဒစ်ဂျစ်တယ်နည်းပညာ အခမဲ့ကွန်ပျူတာသင်တန်းကို မတ် ၅ ရက်က မိုးကောင်းမြို့ မီးရထားတိုက်ခန်း (နဝဒေးစာပေ) KMD Mogaung Centre ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို နွေရာသီကျောင်းပိတ်ရက်အတွင်း အသုတ် ၄ သုတ် ခွဲပြီး သင်ကြားပေးမည်ဖြစ်ကာ ပထမအသုတ်ကို မတ် ၅ ရက်မှ ၁၄ ရက်အထိ၊ ဒုတိယအသုတ်ကို မတ် ၁၅ ရက်မှ ၂၆ ရက်အထိ၊ တတိယအသုတ်ကို ဧပြီ ၂ ရက်မှ ၁၁ ရက်အထိ၊ စတုတ္ထအသုတ်ကို မေ ၂ ရက်မှ ၁၁ ရက်အထိ ကျောင်းသား ကျောင်းသူ ၁၇၅ ဦးအား အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# မင်းမြင်ဆည် တည်ဆောက်ပြီးစီးသဖြင့် ကန့်ဘလူမြို့နယ်၌ နွေစပါး ဧက ၉၀၀ ကျော် စိုက်ပျိုးနိုင်တော့မည်

**ကန့်ဘလူ မတ် ၆**

မင်းမြင်ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ တည်ပင် (ပင့်သာ) ကျေးရွာအုပ်စုနှင့် အင်းမကျေးရွာအုပ်စုတို့မှ တောင်သူဦးကြီးများအနေဖြင့် နွေစပါးကို ယခုနှစ်မှစတင်၍ ပိုမိုစိုက်ပျိုးနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။



၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးရာသီတွင် မင်းမြင်ဆည်ရေသောက်စနစ်လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နေဆဲဖြစ်သဖြင့် ပြီးစီးပြီးဖြစ်သည့် တူးမြောင်းများတွင် နွေစပါးဧက ၃၀၀ ခန့် လျာထားစိုက်ပျိုးနိုင်ခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၄) က ၂၀၁၇ ခုနှစ် မတ်လတွင် ဆည်ရေသောက်စနစ်တစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ် မိုးစပါးရာသီတွင် လျာထားချက်ထက်ကျော်လွန်အောင် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ရေပိုမိုသိုလှောင်နိုင်ခဲ့**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၄) မှ ဦးစီးအရာရှိ ဦးဇော်မြတ်ကိုက "ဆည်ရေသောက်စနစ်တစ်ခုလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်တဲ့အတွက် တည်ပင် (ပင့်သာ) ကျေးရွာအုပ်စုရှိ ဒေသခံတောင်သူတွေအနေနဲ့ အရင်က မိုးစပါးတစ်မျိုးတည်းသာ စိုက်ပျိုးနိုင်ခဲ့ရာကနေ ဒီနှစ်မှာ နွေစပါး စတင်စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဌာနအနေနဲ့လည်း ရေလှောင်တမံနဲ့ ရေသောက်စနစ် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်၊ မင်းမြင်ရေလှောင်တမံမှာလည်း အရင်နှစ်ကထက် ရေပိုမိုသိုလှောင်နိုင်ခဲ့တဲ့အတွက် နွေစပါးတိုးတက်စိုက်ပျိုးလာနိုင်တာ ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

မင်းမြင်ရေလှောင်တမံမှ ယခုနှစ်နွေစပါးရာသီအတွင်း ဧက ၉၀၀ လျာထားစိုက်ပျိုးနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကရင်ပြည်နယ်မှ ၁၉၀၅၄ ဦး ဝင်ရောက်ဖြေဆိုမည်

**ဘားအံ မတ် ၆**

မတ်လ ၇ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို စတင်ဖြေဆိုမည်ဖြစ်ရာ ကရင်ပြည်နယ်မှ ကျောင်းသား ကျောင်းသူ ၁၉၀၅၄ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယခုနှစ်တွင်စာစစ်ဌာန ၅ ခုတိုး၍ စာစစ်ဌာနပေါင်း ၄၂ ခုဖြင့် ကရင်ပြည်နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ကျင်းပမည်ဖြစ်ပြီး ဘားအံမြို့နယ်၌ စာစစ်ဌာန ၁၃ ခုဖြင့် ကျောင်းသား ကျောင်းသူ ၇၇၅၈ ဦး၊ လှိုင်းဘွဲ့မြို့နယ်၌ စာစစ်ဌာန ခုနစ်ခုဖြင့် ကျောင်းသား ကျောင်းသူ ၂၆၇၄ ဦး၊ သံတောင်ကြီးမြို့နယ်၌ စာစစ်ဌာန ငါးခုဖြင့် ကျောင်းသား ကျောင်းသူ ၁၄၃၈ ဦး၊ ဖာပွန်မြို့နယ်၌ စာစစ်ဌာန နှစ်ခုဖြင့် ကျောင်းသား ကျောင်းသူ ၆၀၂ ဦး၊ ကော့ကရိတ်မြို့နယ်၌ စာစစ်ဌာန ခုနစ်ခုဖြင့် ကျောင်းသား ကျောင်းသူ ၃၀၆၃ ဦး၊ ကြာအင်းဆိပ်ကြီးမြို့နယ်၌ စာစစ်ဌာန ငါးခုဖြင့် ကျောင်းသား ကျောင်းသူ ၁၈၇၄ ဦး၊ မြဝတီမြို့နယ်၌ စာစစ်ဌာန သုံးခုဖြင့် ကျောင်းသား ကျောင်းသူ ၁၆၃၅ ဦး စုစုပေါင်း စာစစ်ဌာန ၄၂ ခုမှ ကျောင်းသား ကျောင်းသူ ၁၉၀၅၄ ဦး ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် မုဒ္ဒိအထကကျောင်းမှ စောအောင်အောင်ရှိုင်းက "ဒီနှစ် စာမေးပွဲကို အောင်မြင်အောင် အစွမ်းကုန်ကြိုးစားပြင်ဆင်ထားပါတယ်၊ အောင်မယ်လို့လည်း မျှော်လင့်ထားပါတယ်၊ နှစ်စကတည်းကနေ စာတွေကို ကြိုးစားကျက်မှတ်လာခဲ့တာ အခုဆိုရင် စာမေးပွဲဖြေဖို့အဆင့်သင့်ဖြစ်နေပါပြီ" ဟု ပြောသည်။

ယခုနှစ် အောင်ချက်မြင့်မားရေးအတွက် သက်ဆိုင်ရာကျောင်းများမှ ဆရာ ဆရာမများကို ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ အချိန်ပိုသင်ကြားခြင်း၊ အုပ်ထိန်းသူစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ သင်ကြားပြီးစီးမှု စစ်ဆေးကြပ်မတ်ခြင်း၊ အားနည်းသည့်ဘာသာရပ်များကို ကုစားသင်ကြားခြင်း၊ အကြိုစာမေးပွဲဖြေဆိုစေခြင်း၊ မေးခွန်းဟောင်းများ လေ့လာဖြေဆိုစေခြင်းနှင့် တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ဝါရင့်သင်ကြားနေသော ဆရာ ဆရာမများကို အောင်ချက်နိမ့်သော ကျောင်းများသို့ သွားရောက် ပို့ချစေခဲ့ခြင်းများကို ဆောင်ရွက်ထားကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများမှ စီမံချက်များ အဆင့်ဆင့်ရေးဆွဲ၍ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စာဖြေသူများ လိုက်နာရန်စည်းကမ်းများ၊ လုပ်ငန်းဆွေးနွေးပွဲ၊ သင်တန်းများကို ဖွင့်လှစ်၍ ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်သည်။



**တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုတော့မည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။**

ထို့အပြင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် ပညာရေးဌာနအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး လုံခြုံရေးနှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားကြောင်း၊ မျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်စီမံချက်များ ရေးဆွဲဆောင်ရွက်ထားကြောင်း၊ အရေးပေါ်ဖြစ်ပေါ်လာပါက အရန်စာစစ်ဌာနများကိုလည်း ကြိုတင်လျာထားဆောင်ရွက်ထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား မတ် ၆**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ်ရှိ နန့်ယားကျေးရွာ၌ မတ် ၃ ရက်က မိုးသီးနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များအတွက် ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးက ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မိုးသီးနှင့် လေပြင်းတိုက်ခတ်မှုကြောင့် နန့်ယားကျေးရွာရှိ ပတ္တမြားရပ်ကွက်၌ ဒေါ်ဘောက် (၄၃ နှစ်)နှင့် ၎င်း၏မိသားစုဝင်များ အမျိုးသားလေးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခုနစ်ဦး နေထိုင်လျက်ရှိသော နေအိမ်မှ သွပ်အချပ် ၅၀ ခန့်၊ ဦးစောသော (၆၀ နှစ်) ၏ နေအိမ်သွပ်မိုးဖြင့် မိုးထားသော ဝါးထရံကာ၊ ဝါးထရံခင်းအိမ်တစ်လုံးနှင့် ခရစ်ယာန်နှစ်ခြင်းအသင်းတော်၏ ဝက်မွေးမြူရေးခြံ စသည့် အဆောက်အအုံငယ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များအတွက် ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်ကိုယ်စား ကာမိုင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်က ဒေါ်ဘောက်အတွက် အလှူငွေကျပ် ၂၀၀၀၀၀ နှင့် ဦးစောသော အတွက် ငွေကျပ် ၂၉၀၀၀၀ နှင့် နှစ်ခြင်းအသင်းတော်ဝက်ခြံအတွက် ငွေကျပ် ၁၅၀၀၀ တို့ကို ကူညီလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# ကြက်၊ ငှက် တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် နိုင်ငံအသီးသီးတွင် ရာသီမရွေး ဖြစ်ပွားနေသဖြင့် မိမိနိုင်ငံရှိ ကြက်/ဘဲ/ငုံးခြံများတွင်လည်း ဇီဝလုံခြုံမှု စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲနှင့် ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(ဃ) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(င) အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊

(စ) ကြက်ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အမေတို့အိမ်ကိုသာ ပြန်ကြပါ

**ဆောမျိုးနွယ်**

မင်္ဂလာပါ....သားတို့သမီးတို့ရေ....

(ဒီနေ့) ၇-၃-၂၀၁၇ရက်နေ့မှာ တက္ကသိုလ်ဝင်စာမေးပွဲကြီး စဖြေပြီနော်။ စာတွေကို ပိုင်ပိုင်နိုင်နိုင်ရနေကြပြီလို့ပဲ မှတ်ယူထားလိုက်ပါ့မယ်။ ဂုဏ်ထူးတွေတစ်သီကြီး၊ အမှတ်တွေအများကြီးနဲ့ အောင်မြင်အောင်ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒဆုမွန်တောင်းဆုခြွေလျက်ပါကွယ်။

**ဇောင်းကလွှတ်တဲ့ မြင်းတွေလို**

စာတွေကလည်း ရနေကြပြီ၊ ဆရာတွေ ဆရာမတွေကလည်း ဘယ်လိုမေးရင် အမှတ်ပေးစည်းမျဉ်းနဲ့အညီ ဘယ်လိုဖြေရမယ်ဆိုတာတွေကို သင်ကြားပြသထားကြပြီ၊ လေ့ကျင့်ထားရတာကိုလည်း အသားကျ အားရနေကြပြီဆိုတော့ စာမေးပွဲဖြေရတာကို ဇောင်းကလွှတ်တဲ့မြင်းတွေလို တက်ကြွ ရှင်လန်းနေကြလိမ့်မယ်လို့ ယုံကြည်နေပါတယ်။ တကယ်ဆို စိတ်လှုပ်ရှားဖို့ကောင်းသလို ပျော်စရာလည်း ကောင်းနေလိမ့်မယ်လို့ ထင်ပါတယ်။ တစ်နှစ်လုံးထမ်းပိုးလာခဲ့ကြတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို လွှတ်ချပစ်ဖို့ ရက်ပိုင်းလေးပဲ လိုတော့တာမဟုတ်လား။

အန်ကယ် အဓိကပြောချင်တာက အဲဒီဝန်ထုပ်ဝန်ပိုးဆိုတာကြီးကို လွှတ်ချပြီး ဖြစ်မယ့် စာမေးပွဲနောက်ဆုံးနေ့အကြောင်းပဲ ဖြစ်ပါတယ်။ အင်မတန် စိတ်လှုပ်ရှားစရာကောင်းတဲ့ စာမေးပွဲအကြောင်းတော့ မပြောဘဲနဲ့ စာမေးပွဲဖြေပြီးတဲ့နေ့အကြောင်း ပြောမယ်ဆိုတော့ ထူးဆန်းမနေဘူးလားလို့ မေးစရာ ရှိပါတယ်။ အန်ကယ်ကလည်း ထူးဆန်းတယ်ထင်ရင် ထင်ပါစေ၊ အဲဒီနေ့အကြောင်းကိုပဲ ပြောချင်နေတာလို့ပဲ ဖြေရပါလိမ့်မယ်။

စာမေးပွဲဖြေရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တူညီနေတာတစ်ခုကတော့ စာမေးပွဲဖြေမယ့် ကျောင်းသူ ကျောင်းသားအားလုံးဟာ သက်ဆိုင်ရာစာမေးပွဲခန်းတွေထဲမှာ သတ်မှတ်ထားတဲ့ ဖြေဆိုချိန်အတွင်း မေးခွန်းတစ်ခု ဘာသာရပ်တစ်ခုကို တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ဖြေဆိုကြရတယ်ဆိုတဲ့ အချက်ပါပဲ။ ကွဲပြားတဲ့အချက်ကတော့ စာမေးပွဲခန်းကို ရောက်လာကြပုံတွေ မတူပါဘူး။ အဲဒီမတူကြတဲ့အချက်ကပဲ သားတို့ သမီးတို့ကို ပြောပြချင်လာအောင် ဖန်တီးပေးလိုက်တာပါပဲ။

**တစ်ရပ်တစ်ကျေးမှာ သွားနေကြရ**

စာမေးပွဲခန်းကို ရောက်လာကြပုံချင်း မတူဘူးဆိုတာလေးကို အရင်ပြောပြမယ်။ အဲဒီအကြောင်း ပြောမယ်ဆိုတော့လည်း ညအိပ်တဲ့နေရာလေးတွေ မတူတာက စပြောမှ သင့်မယ်ထင်တာပဲ။ ဘာလို့လဲဆိုရင် နယ်မြေဒေသအခြေအနေတွေအပေါ်မူတည်ပြီး ကွဲပြားကြရတာတွေပါ။ ပြောရမယ်ဆိုရင် နယ်မှာနေထိုင်ကြသူတွေအများဆုံး တွေ့ကြုံရတာတွေပါ။ ကိုယ့်ဇာတိရပ်ရွာမှာ အထက်တန်းကျောင်းမရှိဘူး၊ စာစစ်ဌာနမရှိဘူးဆိုရင် ၁၀ တန်းကျောင်းတက်ဖို့နဲ့ စာမေးပွဲဖြေဖို့ကို ကျောင်းရှိတဲ့နေရာ စာစစ်ဌာနရှိတဲ့နေရာကို သွားနေ၊ သွားဖြေရတော့တာပေါ့။ အဲဒီလိုအခြေအနေမျိုးမှာတော့ ဝေးတဲ့ဒေသကသူတွေအနေနဲ့ ၁၀ တန်းစတက်ကတည်းက ကိုယ့်ရပ်ရွာကနေ ခွဲခွာပြီး တစ်ရပ်တစ်ကျေးမှာ သွားနေကြရမှာပါ။

ကျောင်းကို အချိန်မီသွားနိုင်ပြန်နိုင်လို့ ကိုယ့်အိမ်ကနေ ကျောင်းတက်နိုင်တယ်ဆိုပေမယ့်လည်း ကုန်းတစ်တန် ရေတစ်တန်ခရီးကို ဆိုင်ကယ်နဲ့တစ်မျိုး၊ စက်ဘီးနဲ့တစ်သွယ်၊ ခြေကျင်တစ်မျိုး၊ လှေနဲ့တစ်ဖုံ အစုံစုံသောနည်းလမ်းတွေနဲ့ သွားကြပြန်ကြရပြန်ပါတယ်။ စာစစ်ဌာနရှိတဲ့ မြို့ရွာတွေမှာ နေတဲ့သူတွေကတော့ ကိုယ့်အိမ်ကနေပဲ သက်သောင့်သက်သာ သွားနိုင်ပြန်နိုင်ကြမယ်ထင်ပါတယ်။

အဲဒီတော့ ညအိပ်တဲ့နေရာမတူတာလေးတွေကို ခွဲခြားကြည့်ရင် မိဘတွေနဲ့ခွဲပြီး ရပ်ဝေးကနေ ကျောင်းတို့ စာစစ်ဌာနတို့ ရှိတဲ့နေရာကို ကာလရှည်ကြာနေလာရတဲ့ နေရာတွေ၊ စာစစ်ဌာနနဲ့ အတော်အသင့်ဝေးပေမယ့် အချိန်မီ သွားနိုင်ပြန်နိုင်တဲ့ နေရာတွေ၊ ကိုယ့်အိမ်ကိုယ့်ယာကနေ သက်သောင့်သက်သာ သွားနိုင်လာနိုင်တဲ့ နေရာတွေ၊ စာစစ်ဌာနရှိတဲ့နေရာမှာပဲ ကျောင်းအိပ်ကျောင်းစားနေကြတဲ့နေရာမျိုးတွေဆိုပြီး ကွဲပြားနေတာကို တွေ့ရပါတယ်။

အဲဒီလို ညအိပ်တဲ့နေရာတွေ ကွဲပြားနေတော့ စာမေးပွဲခန်းကို သွားရပြန်ရတဲ့ ပုံစံလေးတွေလည်း ကွဲပြားသွားတာပေါ့။ သိပ်နီးတဲ့သူက လမ်းလျှောက်သွားမယ်၊ မနီးမဝေးသူက စက်ဘီးတို့ ဆိုင်ကယ်တို့နဲ့ သွားမယ်။ ရေခြားမြေခြားသွားရတဲ့သူတွေက စက်လှေတို့၊ လက်ထိုးလှေတို့နဲ့တစ်မျိုး ခြေကျင်တစ်မျိုး သွားကြရမှာပါ။ အချို့ကြတော့လည်း ကိုယ်ပိုင်ကား၊ စုပေါင်းကားတွေနဲ့ သွားကြပြန်ကြတာကို တွေ့ရမှာပါ။

အဲဒီလို ပုံစံအမျိုးမျိုးနဲ့ သွားကြပြန်ကြရာမှာလည်း အချို့က တစ်ကိုယ်တည်း၊ အချို့က အတန်းဖော်သူငယ်ချင်းတွေနဲ့ အချို့ကြတော့ မိဘညီအစ်ကိုမောင်နှမတွေက ပို့ကြကြိုကြပေါ့။ အချို့မိဘတွေဆို ကိုယ့်သားသမီးကို စာမေးပွဲခန်းလိုက်ပို့ပြီး သားတို့ သမီးတို့ ဖြေဆိုနေချိန်မှာ တရားမှတ်၊ ပုတီးစိပ်၊ ဂါထာရွတ်ပြီး ဆုတောင်းခန်း ဝင်နေကြတာလည်း ရှိတတ်ကြပါတယ်။ ပြီးတော့မှ ဖြေဆိုခဲ့တဲ့စာမေးပွဲအကြောင်း ဆွေးနွေးရင်း အတူတူအိမ်ပြန်ကြတယ်လေ။

စာမေးပွဲကာလတစ်လျှောက်လုံး မဖြေခင် စာမေးပွဲခန်းကို အချိန်မီအောင်လာ၊ ဖြေဆိုပြီးတဲ့အချိန် ညအိပ်တဲ့နေရာကိုပြန်၊ နောက်နေ့ဖြေဆိုရမယ့်ဘာသာရပ်အတွက် ပြင်ဆင်ပြီးနား၊ နောက်တစ်နေ့မှာ စာမေးပွဲခန်းကိုသွား၊ ဒီလိုပဲလည်ပတ်နေကြရတာ မဟုတ်လား။ စာမေးပွဲခန်းက ပြန်ထွက်လာတဲ့အချိန် အိမ်ပြန်ရောက်တဲ့အချိန်တွေမှာ မိဘဆွေမျိုးသားချင်းတွေက ဖြေနိုင်လားဆိုတဲ့စကားနဲ့ မေးကြမှာမလွဲပါ။ ဒါတင်မကသေးပါဘူး ဖြေနိုင်တယ်၊အားမရဘူးဆိုတဲ့စကား ဘယ်လိုပဲကြားရကြားရ သားတို့ သမီးတို့ရဲ့ မျက်နှာရိပ်မျက်နှာကဲနဲ့ တစ်ထပ်တည်းကျ မကျဆိုတာကို လေ့လာကြဦးမှာပါ။

**အားရအောင် နားစေချင်**

ပြောချင်တာက မိဘတွေဟာ စာမေးပွဲကပြန်လာတဲ့ သားသမီးတွေရဲ့မျက်နှာကိုကြည့်ပြီး စာမေးပွဲအကြောင်းကို မေးချင်တာ။ နောက်ပြီး စာမေးပွဲပြီးတဲ့အချိန် သားသမီးတွေ အိမ်ပြန်ရောက်လာတာကို မြင်ချင်တာ။ မိဘတွေအနေနဲ့ မလွဲသာလို့သာ စာမေးပွဲအတွက် ကြပ်မတ်ပေးကြရတာ။ သားသမီးတွေ ပင်ပန်းတာကို သိပါတယ်။ ဒါကြောင့် စာမေးပွဲပြီးတဲ့အချိန် အားရအောင် နားစေချင်ကြပါတယ်။ တိုတိုပြောရရင် အန်ကယ်အိပ်ပျော်သွားမှ အမေ အဝတ်လျှော်ဖို့ ချောင်းထဲကို ထွက်ခွာသွားတယ်လို့ သိခဲ့ပါတယ်။

အန်ကယ်ပြောချင်တာက ဒီ့ထက်ပိုပြီး လေးနက်ပါတယ်။ စာမေးပွဲပြီးပြီဆိုတဲ့ အသိနဲ့ အိမ်မပြန်ခင် အပျော်မကျူးမိဖို့ လိုပါတယ်။ ပျော်လို့ဆိုပြီး ဆိုင်ကယ်ကို မဆင်မခြင် မမောင်းမိဖို့ လိုပါတယ်။ အပျော်လွန်သွားလို့ ကုန်းလမ်း၊ ရေလမ်း အပြန်ခရီးမှာ မိုးချုပ်သွားတာမဖြစ်ဖို့ လိုပါတယ်။ ပျော်လို့ပါဆိုပြီး သွားတာလာတာမှာ နမော်နမဲ့ဖြစ်မသွားဖို့ လိုပါတယ်။ မဖြေနိုင်လို့ စိတ်ညစ်လို့ဆိုပြီး မဟုတ်တာတွေ မလုပ်မိဖို့ လိုပါတယ်။

ဖြေနိုင်တာ မဖြေနိုင်တာက မိဘတွေအတွက် ဝမ်းသာတာ စိတ်မကောင်းတာဖြစ်ရုံမျှသာပါပဲ။ အချိန်တန်လို့ အိမ်ပြန်ရောက်မလာတာတို့ အပျော်လွန်လို့ စိတ်ညစ်လွန်းလို့ ဆိုတာတွေကြောင့် တစ်စုံတစ်ခုဖြစ်ခဲ့မယ်ဆိုရင်တော့ မိဘတွေရဲ့ရင်မှာ စိတ်ပူပန်ရတာတွေ၊ ယူကျုံးမရဖြစ်ရတာတွေ ခံစားကြရပါလိမ့်မယ်။ ကာယကံရှင်တွေအတွက်တော့ အထူးပြောမနေလိုတော့ပါဘူး။

> **"စာမေးပွဲပြီးပြီဆိုတဲ့ အသိနဲ့ အိမ်မပြန်ခင် အပျော်မကျူးမိဖို့ လိုပါတယ်၊ ပျော်လို့ဆိုပြီး ဆိုင်ကယ်ကို မဆင်မခြင် မမောင်းမိဖို့ လိုပါတယ်၊ အပျော်လွန်သွားလို့ ကုန်းလမ်း ရေလမ်း အပြန်ခရီးမှာ မိုးချုပ်သွားတာမဖြစ်ဖို့ လိုပါတယ်၊ ပျော်လို့ပါဆိုပြီး သွားတာလာတာမှာ နမော်နမဲ့ဖြစ်မသွားဖို့ လိုပါတယ်၊ မဖြေနိုင်လို့ စိတ်ညစ်လို့ဆိုပြီး မဟုတ်တာတွေ မလုပ်မိဖို့ လိုပါတယ်"**

**ပျော်ပစ်လိုက်လို့ရပြီ**

စာမေးပွဲနောက်ဆုံးဘာသာ ဖြေဆိုပြီးချိန်ကျတော့ အခြေအနေတွေ စိတ်ခံစားမှုတွေက အရင်နေ့တွေကနဲ့ မတူတော့ပါဘူး။ အချိန်ပြည့် စာပြီးရင်းစာလုပ်လာကြရာက အိမ်ပြန်ပြီး စာလုပ်စရာမလိုတော့ဘူး။ အချိန်အကြာကြီး ဝန်ထုပ်ဝန်ပိုးသဖွယ် ဖိစီးခံလာရတဲ့ အထုပ်ကြီးလည်း ခေါင်းပေါ်မှာ မရှိတော့ဘူး။ စိတ်ခံစားမှုတွေကလည်း အလွန်ကို ပေါ့ပါးလွတ်လပ်သွားပြီ။ အတူတူစာလုပ်လာကြတဲ့ သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ်ကြီး ပျော်ပစ်လိုက်လို့ရပြီဆိုတဲ့ အတွေးတွေနဲ့လည်း ပျော်နေကြမှာပါ။ အဲဒီတော့ ဘာတွေလုပ်ကြမလဲ၊ ဘာတွေဖြစ်လာနိုင်သလဲ။ အခုမှပဲ အန်ကယ်ပြောချင်တဲ့နေရာကို ရောက်လာတော့တယ်။

အဲဒါတွေမပြောခင် အန်ကယ်ငယ်ငယ်က ၁၀ တန်းစာမေးပွဲပြီးတဲ့အချိန်မှာ ကြုံတွေ့ခဲ့တာလေး သတိရလာလို့ ပြောပြချင်သေးတယ်။ စာမေးပွဲခန်းနဲ့ အိမ်နဲ့က လှမ်းမြင်နေရတယ်။ ဘောလုံးကွင်းပဲခြားတာ။ စာမေးပွဲပြီးလို့ အိမ်ပြန်လာတော့ အမေက မေးတယ်။ ထုံးစံအတိုင်း ဖြေနိုင်လားပေါ့။ အန်ကယ်ကလည်း ဖြေနိုင်ပါတယ်ပေါ့။ အမှန်က သိပ်မဖြေနိုင်ဘူး။ အားမရဘူးဆိုပါတော့။ ဒါကို အမေက သူ့သားမျက်နှာကြည့်ပြီး သိမယ်ထင်ပါတယ်။ ဒါကြောင့်ထင်တယ်၊ စာမေးပွဲအကြောင်းဘာမှ ဆက်မပြောတော့ဘဲ ထမင်းစား၊ ပြီးရင် အိပ်ရေးဝအောင်အိပ်လိုက်ဦးလို့ပဲ ပြောပြီး ချောင်းထဲမှာ အဝတ်တွေ သွားလျှော်မလို့ ပြင်ဆင်နေတာ တွေ့ရတယ်။

**အမေတို့အိမ်ကိုသာ တန်းပြန်ကြ**

ဒါကြောင့် စာမေးပွဲဖြေဆိုပြီးတဲ့အချိန် စာမေးပွဲခန်းထဲကနေ အမေတို့အိမ်ကိုသာ တန်းပြန်ကြဖို့ ပြောချင်တာပါ။ အမေတို့အိမ်ဆိုတာကလည်း အမေ့မေတ္တာကို တင်စားပြီးသာ ပြောရတာ။ အဖေ အမေနှစ်ယောက်လုံးနဲ့နေတဲ့အိမ်လည်း ဖြစ်နိုင်ပါတယ်။ အဖေတစ်ယောက်တည်း အမေတစ်ယောက်တည်းနဲ့ အိမ်လည်းဖြစ်နိုင်ပါတယ်။ ဦးဦး ဒေါ်ဒေါ် ကိုကို မမ ဆွေမျိုးသားချင်းတို့အိမ်လည်း ဖြစ်နိုင်ပါတယ်။ အဖေ အမေတို့ရဲ့ အသိမိတ်ဆွေအိမ်လည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုအိမ်ပဲဖြစ်ဖြစ် အထက်မှာ ပြောခဲ့သလို စာမေးပွဲဖြေဖို့ ညအိပ်ခဲ့တဲ့နေရာကို အရင်ပြန်ဖို့ ဆိုလိုပါတယ်။ ပြီးမှ တစ်နယ်တစ်ကျေးကို ပြန်ရမယ့်သူတွေအနေနဲ့လည်း တကယ်ပြန်ရမယ့် အိမ်ကို ဆက်ပြန် ကြပေါ့။

ကိုင်း...စာလည်း အတော်ရှည်သွားပြီ။ အန်ကယ်ပြောချင်တာလည်း ပြောပြီးသွားပြီ။ စာမေးပွဲပြီးတဲ့အချိန် အမေတို့အိမ်ကိုသာ ပြန်ကြပါ။ စာမေးပွဲဖြေဆိုပြီးတဲ့အချိန်ကို မှန်းပြီး သားတို့ သမီးတို့ အိမ်ပြန်အလာကို စောင့်မျှော်နေကြမှာပါ။ စာမေးပွဲမှာ ဖြေနိုင်တာ မဖြေနိုင်တာထက် သားတို့ သမီးတို့မျက်နှာကို မြင်လိုက်ရတာနဲ့တင် မိဘတွေ စိတ်အေးကြမှာပါ။ "သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်း" လို့ ဆိုတယ်မဟုတ်လား။

သားတို့သမီးတို့ ရည်မှန်းချက်တွေ အောင်မြင်ကြပါစေ.....။ ။

## အမာမြို့နယ်အတွင်းရှိ စာစစ်ဌာနလေးခုသို့ မီးဘေးကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေး

**အမာ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရမည့် စာစစ်ဌာနလေးခုသို့ အမာမီးသတ်စခန်းတာဝန်ခံ ဦးဖြိုးကိုကိုဦး၊ ဒေါ်ညိမ်းနယ်မြေမီးသတ်စခန်းတာဝန်ခံ ဦးညီညီအောင်နှင့် တာဝန်ရှိသူများသည် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မတ် ၄ ရက် နံနက်ပိုင်းမှစတင်ပြီး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အမာမြို့နယ်အတွင်းရှိ စာစစ်ဌာနများဖြစ်သော အမာစာစစ်ဌာန၊ ဆိပ်မစာစစ်ဌာန၊ နောက်မီးစာစစ်ဌာနနှင့် ဒေါ်ညိမ်းစာစစ်ဌာနများသို့ မတ် ၄ ရက်နှင့် ၅ ရက်များတွင် သွားရောက်ခဲ့ပြီး မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မီးကြိုးများသွယ်တန်းထားရှိမှု၊ စာစစ်ဌာန အနီးပတ်ဝန်းကျင်၌ လောင်စာအမှိုက်များ ရှိ မရှိ မီးသတ်ဆေးဘူးများ လေပေါင် ပြည့် မပြည့် အလွယ်တကူအသုံးပြုနိုင်မည့် ရေကန်များ ရေဖြည့်ထားမှုနှင့် အရေးပေါ်အချိန် ထွက်နိုင်မည့် ဝင်ပေါက်ထွက်ပေါက်များကို စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စာစစ်ဌာနများနှင့်နီးသော နေအိမ်များသို့ သွားရောက်ပြီး မီးဘေးအန္တရာယ်သတိပေးခြင်း၊ အလွယ်တကူမီးလောင်နိုင်မှုမရှိစေရေး စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ အမာမြို့နယ်ရှိ စာစစ်ဌာနလေးခုတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ၉၇၃ ဦးရှိပြီး အောင်ချက်မြင့်မားရေးအတွက် စာဖြေသူများ အခက်အခဲ မရှိ စေရန် လျှပ်စစ်မီး နေ့၊ည အချိန်ပိုပေးခြင်းနှင့် လိုအပ်ချက်မရှိစေရေး ကြိုတင်စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ကော့မှူးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနငါးခုဖြင့် ကျင်းပမည်

**ကော့မှူး မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့၌ မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနငါးခုဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်လ ၇ ရက်နေ့တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အခြေခံပညာအထက်တန်းကျောင်း အ.ထ.က ကော့မှူး၌ စာစစ်ဌာနတစ်ခု၊ အခြေခံပညာအထက်တန်းကျောင်း အ.ထ.က နတ်စင်ကုန်း၌ စာစစ်ဌာနတစ်ခု၊ အခြေခံပညာအထက်တန်းကျောင်း အ.ထ.က ဝါးဘလောက်သောက်၌ စာစစ်ဌာနတစ်ခု၊ အခြေခံပညာအထက်တန်းကျောင်း အ.ထ.က ကျိုက်ထော်၌ စာစစ်ဌာနတစ်ခုနှင့် အခြေခံပညာအထက်တန်းကျောင်း အ.ထ.က မဆယ်ဆိပ်၌ ကျောင်းသား ၉၉၅ ဦးနှင့် ကျောင်းသူ ၁၃၇၁ ဦး စုစုပေါင်း ၂၃၆၆ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရ သည်။

**ကျော်သူရ**

# ဝါယာ-သာစည်မြစ်ရေတင် တိုးချဲ့ဧက ၁၀၀၀ အတွင်းမှ စိုက်ပျိုးမြေများ ငါးဆခန့် ဈေးမြင့်တက်

**ရေစကြို မတ် ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ မြေဖြူ-မုံညင်းကျေးရွာအုပ်စုနှင့် ဇီးတောကျေးရွာတို့မှ မိုးကောင်းသောက်မြေယာများကို စိုက်ပျိုးရေရရှိစေရန်အတွက် ဝါယာ-သာစည် မြစ်ရေတင်ကြီးတွင် တိုးချဲ့ဧက ၁၀၀၀ အတွက် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါ တိုးချဲ့ဧက ၁၀၀၀ အတွင်း ပါရှိသည့် လယ်ယာမြေများအနေဖြင့် ရက်ပိုင်းအတွင်း မြေယာဈေးနှုန်းများမြင့်တက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါဧက ၁၀၀၀ အတွင်းမှ ဧက ၂၀၀ အတွက် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် နွေသီးနှံစိုက်ပျိုးရန် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းမြစ်) ပခုက္ကူခရိုင်တာဝန်ခံ ဦးမြင့်ဦးက "ဇန်နဝါရီ ၁၇ မှာ စပြီး လုပ်တော့ဆိုပြီး ဖေဖော်ဝါရီလကုန်မှာ ပြီးပါ့မယ်လို့ အာမခံထားတယ်၊ ၂၀ ရက်နေ့မှာ စပြီး စက်တွေစမ်းတယ်၊ ၂၁ရက်နေ့မှာ ရေလွှတ်ကြည့်လိုက်တယ်၊ အခု စိုက်ပျိုးရေပေးတာက နွေသီးနှံအတွက် ဧက ၂၀၀ ပေးမှာ၊ ဧက ၁၀၀၀ က ဘတ်ဂျက်မကျသေးဘူး၊ အခု ဧက ၂၀၀ အတွက်ကို ပြည်ထောင်စု သာမန်ဘတ်ဂျက်ကနေ သန်း ၅၀ နဲ့ ဆောင်ရွက်ခဲ့တာ၊ တစ်လတည်းနဲ့ဆောင်ရွက်ခဲ့တာပါ၊ ကျန်တဲ့ ဧက ၈၀၀ အတွက်ကို တိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေမှာတင်ထားဆဲဖြစ်ပြီး ဘတ်ဂျက်ကျရင် ဆက်လုပ်မှာပါ"ဟု ပြောသည်။



မြေရှိသော်လည်း ရေမရှိသည့်အတွက် အောင်မြင်ဖြစ်ထွန်းမှုမရှိသည့် စိုက်ခင်းများသို့ ယခုကဲ့သို့ ဝါယာ-သာစည် မြစ်ရေတင်ကြီးမှ စိုက်ပျိုးရေ တိုးချဲ့ပေးဝေခြင်းအတွက် တောင်သူများအနေဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်လျက်ရှိကြောင်းလည်း သိရသည်။

"အရင်ကတော့ မိုးခေါင်ရေရှား ရေခက်ခဲတယ်ဆိုတော့ ဘာစိုက်စိုက် မအောင်မြင်ဘူး၊ အခု မြစ်ရေတင်က ရေရမယ်ဆိုတော့ တစ်နှစ် သုံးသီးစား စိုက်နိုင်မှာ၊ နွေမှာ ပဲ၊ မိုးမှာ စပါး၊ ဆောင်းကတော့ ကုလားပဲစိုက်မယ်လို့ မှန်းထားတယ်၊ ဦးတို့ဒီနေရာမြေတွေက ဟိုးအရင်ကတော့ ရှင်မတောင်က တောင်ကျရေတွေက ဦးတို့စိုက်ခင်းမြေတွေအထိ မိုးရွာတိုင်းစီးဆင်းလာတော့ စိုက်ခင်းတွေ အောင်မြင်ခဲ့တယ်၊ လွန်ခဲ့တဲ့အနှစ် ၂၀လောက်ကစပြီးတော့မြေနီကုန်းဆည်တို့၊ ရွာငယ်ဆည်တို့က ရှင်မတောင်တောင်ကျရေကို ဆည်ရေခံလိုက်တော့ ဦးတို့စိုက်ခင်းတွေဘက် ရေမရောက်တော့ဘဲ မြေတွေကိုပစ်ထားရတာ၊ ရေမရတော့ ဘာမှ စိုက်လို့မအောင်မြင်တော့ဘူး၊ အခုတော့ မြစ်ရေတင်ရေ ရပြီဆိုတော့ ဝမ်းသာရပါတယ်"ဟု တိုးချဲ့ရေပေးမည့် ဧက ၁၀၀၀ တွင် ပါဝင်သည့် မုံညင်းရွာမှ တောင်သူဦးရန်အေးက ပြောသည်။

တိုးချဲ့ဧက ၁၀၀၀ အတွင်းရှိ မြေယာများသည် မိုးကောင်းသောက်စိုက်ကေများဖြစ်ကြ၍ မြေအောက်ရေတူးဖော်ရရှိရန်လည်း အလွန်ခက်ခဲကာ ရေငန်များသာထွက်သော နေရာများဖြစ်သည်ဟု သိရသည်။ ယခုအခါတွင် မြစ်ရေတင်မှ စိုက်ဧက ၂၀၀ အတွက် စိုက်ပျိုးရေရရှိပြီဖြစ်သည့်အတွက် အဆိုပါမြေယာများမှာ ရက်ပိုင်းအတွင်း မြေယာဈေးနှုန်း မြင့်တက်သွားခဲ့ကာ မူလဈေးနှုန်းထက် တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ ခန့် ပို၍ ဈေးမြင့်တက်လာခဲ့သည်ဟု သိရသည်။

"ဦးလေးတို့မြေတွေက နဂိုက တစ်ဧက လေး၊ ငါးသိန်း၊ အခု တစ်ဧက ၂၅ သိန်း၊ သိန်း ၃၀ အထိ ရှိလာတယ်၊ ဆည်မြောင်းက ရေတင်လုပ်ပေးတဲ့အခါကျမှ ရက်ပိုင်းအတွင်း ဈေးမြင့်တက်သွားတာပါ၊ ဝယ်ချင်တဲ့သူတွေပေါ်တယ်၊ ရောင်းမယ့်သူက မရှိတာ၊ ဆည်ရေသောက်ထဲမပါတဲ့ တောင်သူတွေက ဟိုလူကလိုချင် ဒီလူကလိုချင်နဲ့ လက်လှမ်းနေကြတာ၊ လိုချင်တဲ့သူတွေ အများကြီးပဲ၊ ဒါပေမယ့် ရောင်းမယ့်သူမရှိတာ၊ ဆည်ရေသောက်က အချိန်မရွေး စိုက်လို့ရတယ်ဆိုတော့ လိုချင်ကြတာပါ"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်သည် ၂၀၀၇-၂၀၀၈ ခုနှစ်မှစတင်၍ စိုက်ပျိုးရေများ ပေးဝေခဲ့ကာ စတင်ပေးဝေချိန်မှ မကြာမီအချိန်အထိ အကျိုးပြုစိုက်ဧကမှာ ဧက ၂၇၀၀ ရှိခဲ့ပြီး ယခု တိုးချဲ့ဧက ၁၀၀၀ ကို ထပ်မံတိုးချဲ့ပြီးပါက စုစုပေါင်း အကျိုးပြုစိုက်ဧက ၃၇၀၀ အထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းဆောင်ရွက်

**မိုင်းယု မတ် ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့ ဝမ်တာကြန်ကျေးရွာအုပ်စုအတွင်းမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုး ဆေးတိုက်ခြင်းလုပ်ငန်းများကို ဝမ်တာကြန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဖြူဖြူဝင်းနှင့်အဖွဲ့က မတ် ၅ ရက်တွင် မိုင်းယုမြို့ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးခဲ့သည်။

ကာကွယ်ဆေးများ ထိုးပေးရာတွင် ကလေးငယ်များအား ဘီစီဂျီ၊ ပိုလီယို (အကြောသေ)၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေးများနှင့် မေးခိုင်ကာကွယ်ဆေးများ ထိုးပေးခဲ့ပြီး ကလေးငယ်ပေါင်း ၄၀ ကို ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်မိခင် ၁၀ ဦးအား ပိုလီယို ကာကွယ်ဆေးထိုးဆေးတိုက်ကျွေးခြင်းနှင့် မေးခိုင်ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မိုင်းယုမြို့၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအား ကာကွယ်ဆေးထိုး ဆေးတိုက်သည့် လုပ်ငန်းကို လစဉ် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နွေရာသီ အားကစားသင်တန်းများ၌ ကျောင်းသား ကျောင်းသူ ၂၂၀၀ ကျော် တက်ရောက်သင်ယူ

**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၈ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားပြိုင်ကွင်း၌ မတ် ၅ ရက်က ကျင်းပခဲ့သည်။




ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အစိုးရက ဦးတည်ချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နွေရာသီ အားကစားသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် လူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ကာ အားကစားအသိစိတ်ဓာတ်များ ပိုမိုသိရှိလာပြီး မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေမည်ဖြစ်ကြောင်း၊ သင်တန်းသား လူငယ်မောင်မယ်များ အနေဖြင့် ယခုကဲ့သို့ သင်တန်းများ တက်ရောက်ခြင်းဖြင့် သင်တန်းမှ ရရှိလာမည့် နည်းစနစ်များနှင့် ကျွမ်းကျင်မှုများကို အခြေခံပြီး အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့လာလိုက်စားကြရင်း တိုင်းဒေသကြီး၏ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သော အားကစားသမားကောင်းများဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားပြီး အားကစားသင်တန်းများကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်က အားကစားသင်တန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်ကာ သင်တန်းသူ သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကာသိပ္ပံတို့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများက သင်တန်းသားများ၏ အားကစားနည်းအလိုက် စုပေါင်းသရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ နွေရာသီ အခြေခံအားကစားသင်တန်းကို ဧပြီ ၄ ရက်အထိ အားကစားနည်း အမျိုးအစားအလိုက် သတ်မှတ်နေရာများတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်ကြားမည့် အားကစား နည်းပေါင်း ၂၃ မျိုးတွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းအသီးသီးနှင့် ပုဂ္ဂလိကပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၂၀၀ ကျော် တက်ရောက်သင်ယူကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ဂန့်ဂေါမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၁၃၀ တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည်

**ဂန့်ဂေါ မတ် ၆**

မတ် ၇ ရက်တွင် စတင်ဖြေဆိုမည့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂန့်ဂေါမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၁၃၀ တို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်၌ စာဖြေဌာနရှစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ပြီး အထက ဂန့်ဂေါ စာစစ်ဌာနတွင် ၉၂၈ ဦး၊ အထက ကန် စာစစ်ဌာနတွင် ၅၂၆ ဦး၊ အထက မြို့မ စာစစ်ဌာနတွင် ၁၄၀ ဦး၊ အထက ရှုံးရှိ စာစစ်ဌာနတွင် ၂၄၂ ဦး၊ အထက မင်းရွာ စာစစ်ဌာနတွင် ၁၁၇ ဦး၊ အထက တောင်ခင်ရန်း စာစစ်ဌာနတွင် ၅၅၉ ဦး၊ အထက ကျော စာစစ်ဌာနတွင် ၄၅၈ ဦး၊ အထက ဟံသာဝတီ စာစစ်ဌာနတွင် ၁၆၀ တို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

## ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများ ရေးဆွဲတင်ပြနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မိတ္ထီလာ မတ် ၆**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာခရိုင်အတွင်း ဆောင်ရွက်ရန် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲတင်ပြနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ မတ် ၅ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စီမံကိန်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာန ယာယီတာဝန်ခံအရာရှိက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ စက်တင်ဘာလအထိ)အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း အဆိုပြုချက်များကို သက်ဆိုင်ရာဌာနများမှ ပေးပို့တင်ပြထားသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အတွင်းရှိ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ တက္ကသိုလ်များ၊ ကျောင်းများမှ တာဝန်ရှိသူများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့် အခြေအနေများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားသည့် လုပ်ငန်းစီမံကိန်း အဆိုပြုချက်များကို တင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အဆိုပါတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြသည်။

မိတ္ထီလာခရိုင်အတွင်းမှ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်တို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၅၁ ဘီလီယံခန့်ဖြင့် ဒေသတက္ကသိုလ်ကောလိပ်များ၊ ကျောင်း များ၊ ဌာနဆိုင်ရာများ၏ စီမံကိန်းလုပ်ငန်းများ(ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများ)ကို လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ရေရှားပါးသောကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ကျောက်ပန်းတောင်း မတ် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ သောက်သုံးရေလုံလောက်မှုမရှိသည့် ဘဲများကျေးရွာအုပ်စု ကြံစိုကျေးရွာသို့ သောက်သုံးရေများကို ကျောက်ပန်းတောင်းမြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးထွန်းတင်နှင့် တပ်ဖွဲ့ဝင်များက မတ် ၄ ရက် နံနက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက ရေဂါလန် ၁၅၀၀ ဆံ့ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေရှားပါးမှုကြုံတွေ့နေရသည့် ကြံစိုကျေးရွာသို့ သွားရောက်ပြီး သောက်သုံးရေများကို ကျေးရွာတာဝန်ခံနှင့် ရပ်မိရပ်ဖများ၏ စီစဉ်မှုဖြင့် အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေပေးခဲ့ကြောင်း၊ ထို့အပြင် ကျေးရွာမှ သက်ကြီး ဘိုးဘွားများအတွက် ရေများကို နေထိုင်သည့်အိမ်များသို့ ရဲတပ်ဖွဲ့ဝင်များက အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**



# စနစ်ကျလယ်ယာမြေဖော်ထုတ်နေသည့် တောင်သူများနှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**ကျောင်းကုန်း မတ် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းကျေးရွာအုပ်စုအတွင်း၌ စနစ်ကျလယ်မြေ ဧက ၁၀၀ ကျော် ဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိရာ မြေပိုင်ရှင်တောင်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မတ် ၅ ရက်က ဆွေးနွေးခဲ့သည်။

စနစ်ကျလယ်မြေ ဧက ၁၀၀ ကျော် ဖော်ထုတ်သည့်အနက် ဧကအများဆုံးပိုင်ဆိုင်သော ဦးအောင်နိုင်၏ အိမ်တွင် တောင်သူ ၁၄ ဦးနှင့် ဌာနတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ စုစုပေါင်း လယ်မြေ ၁၂၂ ဒသမ ၉၁ ဧကကို စနစ်ကျလယ်ယာအဖြစ် ဖော်ထုတ်ခြင်းကို စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိပြီး လယ်ယာများအတွက် ကုန်ထုတ်လမ်းကိစ္စကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကာ ရေမြောင်းကိစ္စကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်၍ ဌာနတာဝန်ရှိသူများနှင့် မြေပိုင်ရှင် တောင်သူများ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် တာဝန်ရှိသူများသည် ရေတာကြီးကျေးရွာအုပ်စု ကိုင်းတောမကျေးရွာသို့ သွားရောက်ကာ နွေရာသီကာလအတွင်း အဆိုပါကျေးရွာ၌ ရေပြတ်လပ်မှုမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ငါးဖမ်းမိမှုများ၍ ငါးခြောက်ပြုလုပ်သူများအဆင်ပြေ

**ဟိုင်းကြီးကျွန်း မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အနီးရှိ ပင်လယ်ပြင်မှရရှိသော ငါးလသာ ခေါ် ငါးအကောင်ငယ်များကို ဖမ်းယူ၍ ငါးခြောက်ပြုလုပ်ကာ တစ်ပိုင်တစ်နိုင် တင်ပို့ရောင်းချနေကြသူများအနေဖြင့် ယခုရက်ပိုင်းအတွင်း ငါးများပိုမိုဖမ်းဆီးရမိနေ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ငါးလသာငါးခြောက် ပြုလုပ်သည့်လုပ်ငန်းကို ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံများက အများစု ပြုလုပ်ကြကြောင်း၊ ပင်လယ်ကမ်းစပ်တွင် ယာယီတဲများဆောက်လုပ်ပြီး ကမ်းနီးငါးဖမ်းစက်လှေများဖြင့် သွားရောက်ဖမ်းဆီးကာ ရရှိလာသောငါးများကို ငါးခြောက်ပြုလုပ်၍ မြို့ပေါ်ရပ်ကွက်များအပြင် ပုသိမ်၊ ရန်ကုန်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ငါးလသာငါးမှာ ရာသီပေါ်ငါးတစ်မျိုးဖြစ်ပြီး နှစ်စဉ် ဒီဇင်ဘာလမှ မေလအတွင်းသာ ဖမ်းယူရရှိကြောင်း သိရသည်။

ငါးလသာကို ဒေသခံအများစုက ငါးဘဲဖြူဟုလည်း ခေါ်ကြပြီး အရသာမှာချို၍ အရိုးနူးညံ့သည့်အတွက် လူကြိုက်များသော ဒေသထွက်ကုန်တစ်မျိုးဖြစ်ကာ လက်ဆောင်ပစ္စည်းအနေဖြင့် စနစ်တကျထုပ်ပိုး၍ ရောင်းချကြကြောင်း ဒေသခံ ငါးခြောက်ပြုလုပ်ရောင်းချသူတစ်ဦးဖြစ်သည့် မအေးအေးအောင်က ပြောသည်။



ငါးခြောက်ပြုလုပ်ရာတွင် အချိုခြောက်နှင့် အငံခြောက် နှစ်မျိုးရှိကြောင်း၊ အချိုခြောက်ပြုလုပ်ရာတွင် ရရှိလာသောငါးများကို ပင်လယ်ရေဖြင့်ဆေးကြော၍ ခြောက်သည်အထိ နေလှမ်းခြင်းဖြစ်ပြီး၊ အငံခြောက်ပြုလုပ်ရာတွင် ဆားအနည်းငယ်ဖြင့် နယ်ထားပြီးမှ အခြောက်ခံခြင်းဖြစ်ကြောင်း သိရသည်။ ငါးခြောက်လုပ်ငန်းတွင် ငါးခေါင်းနှင့် ဝမ်းဗိုက်သားများကို ဖြတ်တောက်သည့် နေ့စားအလုပ်သမားများလည်း ဝင်ငွေရရှိသကဲ့သို့ ဖြတ်တောက်လိုက်သော ငါးခေါင်းနှင့် ဝမ်းဗိုက်သားများကို ကြက်စာ၊ ဝက်စာ၊ ဘဲစာအဖြစ်လည်း ပြန်လည်ရောင်းချကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ရှိ ငါးလသာငါးခြောက် ပြုလုပ်သည့်လုပ်ငန်းမှာ နှစ်စဉ် ငါးပေါ်သည့်ရာသီချိန်အတွင်း လုပ်ကိုင်ဆောင်ရွက်ကြရပြီး ငါးခြောက်ပြုလုပ်သူများအနေဖြင့် ငွေရှင်သော ကာလအပိုင်းအခြားတစ်ခုဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ခြင်း လုပ်ငန်းသုံးသပ်ဆွေးနွေး

**ဘားအံ မတ် ၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)နှင့် ပတ်သက်၍ လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲကို ဘားအံမြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်နေမှုနှင့်လုပ်ငန်းအောင်မြင်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရသိန်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်ခင်သီတာက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ထပ်မံအကောင်အထည်ဖော်သွားမည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာများမှ ဖွံ့ဖြိုးရေးစီမံကိန်းအဖွဲ့ဝင်များက စီမံကိန်းမှချထားပေးသော ငွေကျပ်သိန်း ၁၀၀ ဖြင့် လမ်း၊ တံတား၊ အမှိုက်မီးရှို့စက်များ တည်ဆောက်ပြုလုပ်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ အားနည်းချက် အားသာချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဘားအံမြို့နယ်အတွင်း၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာ ၄၅ ရွာတွင် အကောင်အထည်ဖော်ထားပြီး ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိကာ အများအားဖြင့် ကျေးရွာလမ်းများကို အဓိကထား ဆောင်ရွက်နေပြီး လုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ကာတွန်းရေးဆွဲနည်းပညာ အခြေခံသင်တန်းဖွင့်လှစ်မည်

**ကျွန်းလှ မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကာတွန်းပညာရှင်များ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများအတွက် ကာတွန်းပညာ အခြေခံသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ မတ် ၁၀ ရက်မှစ၍ အခမဲ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဆက်သစ် ကျောင်းသားကျောင်းသူ၊ လူငယ်များအနေဖြင့် နွေရာသီအားလပ်ရက်အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ကာတွန်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးသော စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ သင်တန်းကာလမှာ မတ် ၁၀ ရက်မှ ဧပြီ ၁၀ ရက်အထိဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးထိန်လင်း၏ ပြောကြားချက်အရ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# အခမဲ့ အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်လှစ်ပို့ချ

**အိမ်မဲ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ကြီးမှူးစီစဉ်၍ ဆရာကြီးဦးမြကြိုင် ဦးစီးကာ COC ပညာဒါန အင်္ဂလိပ်စကားပြောသင်တန်းကို အိမ်မဲမြို့ ဆွမ်းလောင်းဓမ္မာရုံတော်ကြီး၌ မတ် ၆ ရက်က ဖွင့်ပွဲကျင်းပပြီး အခမဲ့ ဖွင့်လှစ်ပို့ချ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အခြေခံပညာ တတိယတန်းအောင်ပြီးသူများမှစ၍ ပဉ္စမတန်းအထိကို Group တစ်ခု၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းကို Group တစ်ခု၊ အဋ္ဌမတန်းနှင့် နဝမတန်းကို Group တစ်ခုနှင့် တက္ကသိုလ်ဝင်တန်းနှင့် အထက်ကို Group တစ်ခုတို့ဖြင့် တစ်နေ့လျှင် လေးချိန် Group အလိုက် ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများအနေဖြင့် အိမ်မဲမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရုံးတွင် သင်တန်းတက်ရောက်ခွင့် ဖောင်ပုံစံများကို လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မီးဘေးကြုံတွေ့ခဲ့သည့်ကျေးရွာမှ ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**ပခုက္ကူ မတ် ၆**

ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာရှိ မီးဘေးသင့်ခဲ့သော ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မတ် ၄ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က မီးဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၈၉ သိန်း၊ မီးဘေးသင့်ပြည်သူ ၉၀၀ အတွက် နှစ်ပတ်စာ ရိက္ခာဖိုးငွေကျပ် ၃၇၈၀၀၀၀ နှင့် ပစ္စည်းကိုးမျိုးပါ သေတ္တာများကို မီးဘေးသင့်အိမ်ထောင်စုများထံ ပေးအပ်သည်။

ထို့နောက် ပခုက္ကူမြို့မှ ဟိုတယ်ရိုးမပိုင်ရှင် ဦးနန်းလှိုင်-ဒေါ်ဝါဝါကျော် မိသားစုနှင့် ပခုက္ကူရိုးမဖောင်ဒေးရှင်းတို့က မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် သိန်း ၆၀ ကိုလည်းကောင်း၊ မြိုင်မြို့နယ် လက်ယက်မကျေးရွာနေ ဦးကျော်ဝင်း-ဒေါ်မိုးမိုးခိုင် မိသားစုက ငွေကျပ် ၁၇ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးတင်သောင်းနှင့် ဦးမင်းဟန်တို့က လက်ခံရယူကြသည်။ ဆက်လက်၍ ပခုက္ကူရိုးမဖောင်ဒေးရှင်းနှင့် မိတ်ဆွေသူငယ်ချင်းများ၊ ပခုက္ကူလူငယ်ကွန်ရက် အဖွဲ့ဝင်များက မီးဘေးသင့်ရာတွင် ပါဝင်ခဲ့သော တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် သစ်ကြီးတော အထက(ခွဲ)ကျောင်းတွင် တက္ကသိုလ်ဝင်တန်း တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၃၇ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအား ဒေသအသီးသီးမှ စေတနာရှင်၊ အလှူရှင်များကလည်း လာရောက်လှူဒါန်းလျက်ရှိပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်နှင့် တပ်မ(၁၀၁) ဒုတိယတပ်မမှူးတို့ကလည်း ဆန်အိတ် ၁၆၀ အိတ်၊ ကြက်ဥအလုံး ၂၁၀၀၊ ရေသန့်ကတ် ၄၀၀ နှင့် ခေါက်ဆွဲခြောက် ခြောက်ဖာတို့ကို လာရောက်လှူဒါန်းထားကြကြောင်း သိရသည်။

**ကိုဇော်(ခတု)**



## လေးမျက်နှာမြို့နယ်၌ ဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်း

**လေးမျက်နှာ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ လေးမျက်နှာမြို့နယ် ဘောလုံးအဖွဲ့ချုပ်ကို မတ် ၅ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်းသည့် အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း ဦးခင်မောင်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဌာနရုံးအဖွဲ့မှူး ဦးသိန်းသန်းတိုးက မြို့နယ်ဘောလုံးအဖွဲ့ချုပ်များဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထွက်ပေါ်လာရန် ကြိုးပမ်းလျက်ရှိပြီး ဘောလုံးအကယ်ဒမီများ တည်ထောင်ကာ လူငယ်ကစားသမားကောင်းများ ပေါ်ထွက်လာရေးအတွက်လည်း ဦးစားပေးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သက်တမ်းအလိုက် အမျိုးသား အမျိုးသမီး လူငယ်ဘောလုံးပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲများ၊ ဘောလုံးပွဲတော်များ ကျင်းပခြင်းနှင့် ဘောလုံးသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်နေကြောင်း၊ မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုလို မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းနေခြင်းဖြစ်ကြောင်း ရုံးအဖွဲ့မှူးက ရှင်းလင်းပြောကြားသည်။

လေးမျက်နှာမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းသည့် အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘောလုံးကော်မတီဝင်များ တက်ရောက်ကြပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်တွင် ဗဟိုအလုပ်အမှုဆောင် ၁၅ ဦး၊ နာယက ငါးဦးတို့ ပါဝင်ကာ ဥက္ကဋ္ဌအဖြစ် ဦးစိုးဝင်းက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## အကြိမ်(၂၀)မြောက် ဆရာအတတ်သင်ဒီပလိုမာအပ်နှင်း

**မြစ်ကြီးနား မတ် ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပညာရေးကောလိပ်ကျောင်း၌ ဖွင့်လှစ်သင်ကြားသည့် ဆရာအတတ်ပညာဒီပလိုမာသင်တန်း အောင်မြင်သည့် သင်တန်းသား သင်တန်းသူများအား ဒီပလိုမာလက်မှတ်များ ချီးမြှင့်ပေးအပ်ပွဲကို မတ် ၅ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ဒီပလိုမာလက်မှတ်များ ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပညာဖြင့် အသက်မွေးဝမ်းကျောင်းခြင်းအလုပ်သည် မွန်မြတ်သန့်ရှင်းသော သမ္မာအာဇီဝကျသော အလုပ်ဖြစ်ကြောင်း၊ ပညာရေးလောကသို့ ရောက်ရှိတော့မည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့အကျိုးစီးပွားထက် တပည့်အပေါင်း၏ အကျိုးတရားကို ရှေးရှုရသည်ဖြစ်ရာ ပရဟိတစိတ်ရှိဖို့ရန် လိုအပ်ကြောင်း၊ စာသင်ပြရုံဖြင့် ဆရာကောင်းတစ်ယောက် ဖြစ်လာနိုင်မှာမဟုတ်ဘဲ စိတ်ကိုပါ ပြုပြင်ပေးနိုင်မှသာ တပည့်များ၏ ယုံကြည်အားကိုးဖွယ်၊ အသိအမှတ်ပြုဖွယ် လေးစားခံထိုက်သူ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များအား အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင် သင်ကြားပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့ ပညာရေးကောလိပ်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေ့ဘူက အကြိမ်(၂၀)မြောက် ဆရာအတတ်ပညာ ဒီပလိုမာ အပ်နှင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆရာအတတ်ပညာဒီပလိုမာ အပ်နှင်းပွဲတွင် သင်တန်းသား ၂၇၈ ဦးတို့အား ဒီပလိုမာလက်မှတ်များ အပ်နှင်းပေးနိုင်ခဲ့ပြီး B.Ed တက်ရောက်ခွင့်ရှိသူ ၂၂ ဦးရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အစည်းအဝေးပြုလုပ်

**လွိုင်ကော် မတ် ၆**

ကယားပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ အစည်းအဝေး အမှတ်(၁/၂၀၁၈)ကို မတ် ၅ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အဖွဲ့ဝင် ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချန်ပဲ့က ကလေးသူငယ်အခွင့်အရေးများနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဝင်များနှင့် INGOs / NGOs များမှ အဖွဲ့ဝင်များက ကလေးသူငယ် အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ဖမ်းဆီးရမိထားသော ပါဝါအိတ်ဇောများကို လမ်းကြိတ်စက်ဖြင့် ဖျက်ဆီး

**မိတ္ထီလာ မတ် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေမည့် အသံကျယ်သော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်သည့် မော်တော်ဆိုင်များကို အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ဖမ်းဆီးစစ်ဆေးပြီးနောက် အိတ်ဇောများကို ဖြုတ်သိမ်းထားခဲ့ရာ အဆိုပါ အိတ်ဇောများကို မတ် ၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်းအတွင်း၌ လမ်းကြိတ်စက်ဖြင့်ကြိတ်၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။



အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မိတ္ထီလာ)အနေဖြင့် မြို့နယ်အတွင်း၌ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေမည့် အသံကျယ်သောအိတ်ဇောများ တပ်ဆင်မောင်းနှင်သည့် မော်တော်ဆိုင်ကယ်များကို အသိပညာပေးခြင်း၊ စစ်ဆေးဖမ်းဆီးခြင်းနှင့် ၂၀၁၅ မော်တော်ယာဉ်ဥပဒေ ပုဒ်မ-၆၂ အရ တရားစွဲတင်ခြင်းများ ပြုလုပ်ခဲ့ပြီးနောက် အသံကျယ်သည့် အိတ်ဇောများကို ဖြုတ်သိမ်း၍ ကောင်းမွန်သောအိတ်ဇောများ ပြန်လည်တပ်ဆင်ပြီးမှသာ မော်တော်ဆိုင်ကယ်များကို ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသံကျယ်သော အိတ်ဇောများကို ဖြုတ်သိမ်းခဲ့ရာတွင် ယနေ့အချိန်အထိ သိမ်းဆည်းထားသော အသံကျယ်အိတ်ဇော အခု ၁၁၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကို၊ စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဝင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ရှေ့မှောက်တွင် လမ်းကြိတ်စက်ဖြင့်ကြိတ်၍ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း အမှတ် (၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဖွား/သေ မှတ်ပုံတင်ခြင်းစနစ် ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

**ဝမ်းတွင်း မတ် ၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် လွှမ်းခြုံမှုရရှိစေရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဝမ်းတွင်းမြို့နယ်ခန်းမ၌ မတ် ၅ ရက်က ကျင်းပခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်နိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်ထားထားက မြို့နယ်အတွင်း ဖွား/သေစာရင်းကောက်ခံမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဘလွန်းဘတ်အဖွဲ့မှ ဒေါက်တာနန်းစုဝါက မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းများ ရာနှုန်းပြည့် လွှမ်းခြုံမှုရရန် အရေးကြီးပုံနှင့် မြန်မာနိုင်ငံ၏ ဖွား/သေစာရင်းစနစ် ဖွံ့ဖြိုးတိုးတက်အောင် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အခြေခံ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အုပ်စုများဖွဲ့ပြီး လက်ရှိ ဖွား/သေစာရင်းကောက်ခံမှု အခြေအနေများနှင့် မိမိတို့ ရပ်ကွက် ကျေးရွာအုပ်စုများအတွင်း ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန်အတွက် ဆွေးနွေးခဲ့ကြသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

## သဘာဝမြေသြဇာနှင့် မြေဆွေးပြုလုပ်သုံးစွဲနည်း ပညာပေးသရုပ်ပြ

**ဘားအံ မတ် ၆**

စိုက်ပျိုးရေးလုပ်ကိုင်နေကြသော တောင်သူများအနေဖြင့် ပိုးသတ်ဆေးအသုံးပြုမှု လျော့နည်းစေရန်နှင့် မြေဆီသြဇာ ကောင်းမွန်စေရန်အတွက် လယ်ယာထွက် စွန့်ပစ်ပစ္စည်းများ အသုံးပြု၍ သဘာဝမြေသြဇာနှင့် မြေဆွေးပုံ ပြုလုပ်သုံးစွဲကြရန် ရည်ရွယ်၍ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် GMSAEDC တို့ ပူးပေါင်းကာ ဒိုချက်ကင် သဘာဝမြေသြဇာနှင့် အီးအမ်ဘိုကာရှီ မြေဆွေးပုံပြုလုပ်နည်း ပညာပေးသရုပ်ပြပွဲကို မတ် ၄ ရက်က ဘားအံမြို့နယ် ကမော့ကပို(မျိုးသန့်ခြံ)၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် လယ်ယာထွက် စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ ပဲမှော်၊ ပဲရိုး၊ ပြောင်းရိုး၊ မြက်စို၊ မြက်ခြောက်၊ ဖွဲ၊ သစ်ရွက်ဆွေးတို့ကို တိရစ္ဆာန်ချေး၊ တင်လဲရည်၊ ရေနှင့် အီးအမ်ဖျော်ရည်တို့ဖြင့် ရောမွှေ၍ ဘိုကာရှီမြေဆွေး ပြုလုပ်နည်း အဆင့်ဆင့်နှင့် မြေဆွေးကို စိုက်ခင်းများအတွင်း ထည့်သွင်းအသုံးပြုပုံများကို လက်တွေ့ပြသသည်။ သဘာဝမြေဆွေး အသုံးပြုခြင်းဖြင့် မြေဆီသြဇာထက်သန်စေပြီး အထွက်နှုန်း ကောင်းမွန်စေကြောင်း သိရသည်။

ဒိုချက်ကင် သဘာဝမြေသြဇာသည်လည်း သဘာဝသစ်တောမြေ၊ ဝါးရုံတောမြေများတွင် ပါဝင်နေသည့် အဏုဇီဝပိုးများကို မွေးမြူပွားများပြီး စိုက်ခင်းတွင် ပြန်လည်အသုံးပြုနိုင်သော သဘာဝမြေသြဇာတစ်မျိုးဖြစ်ကြောင်း၊ အာဟာရဓာတ်နည်းပါးပြီး စေးလွန်း၊ ကြမ်းလွန်းသော မြေများကို မြေသြဇာကောင်းမွန်ထက်သန်လာစေရန် ထည့်သွင်းသုံးစွဲနိုင်ကြောင်း၊ မြေဆီလွှာအတွင်းရှိ မဆွေးမြည့်သော အပင်အကြွင်းအကျန်များကို ဆွေးမြည့်စေပြီး အပင်အတွက် အာဟာရဓာတ်အဖြစ် ပြောင်းလဲရရှိစေသည့်အတွက် တောင်သူများ ပြုလုပ်သုံးစွဲနိုင်ရန် နည်းပညာပေးခြင်းဖြစ်ကြောင်း ပြည်နယ်မြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းဆင့်က ပြောကြားသည်။

အဆိုပါ ပညာပေးသရုပ်ပြပွဲသို့ ဘားအံမြို့နယ်အတွင်းရှိ နော်အီပုံး၊ တံတားဦး၊ ရွှေပြည်တောင်နှင့် ကော့စကလိုကျေးရွာတို့မှ တောင်သူများ၊ ကမော့ကပိုခြံ တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြဝတီခရိုင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သော လေးကေ့ကော် (ပြန်လည်ထူထောင်ရေးဒေသ)မှ တောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်**



# လှိုင်ကော်ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်း

**လှိုင်ကော် မတ် ၆**

လှိုင်ကော်ပညာရေးကောလိပ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း သင်ကြားခဲ့သည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း(D.T.Ed) အောင်မြင်သည့် ဆရာ ဆရာမများအား ဒီပလိုမာအပ်နှင်းပွဲကို မတ် ၅ ရက်က ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဒီပလိုမာ အပ်နှင်းပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်




ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် လှိုင်ကော်ပညာရေးကောလိပ် ကျောင်းအုပ်ကြီးက လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်တန်းဆင်း ဒီပလိုမာအပ်နှင်းပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ကြီးက သင်တန်းဆင်း ဆရာ ဆရာမများအား ဒီပလိုမာများ ချီးမြှင့်အပ်နှင်းသည်။

လှိုင်ကော်ပညာရေးကောလိပ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင် ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခု ဒီပလိုမာများ အပ်နှင်းခြင်းသည် အကြိမ် ၂၀ မြောက်ဖြစ်ပြီး စုစုပေါင်း သင်တန်းဆင်း ဆရာ ဆရာမ ၁၅၀ ဦး၊ လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာ သင်တန်းဆင်း ဆရာ ဆရာမ ၃၉၄ ဦး၊ အလယ်တန်း ဆရာအတတ် စာပေးစာယူ တစ်နှစ်သင်တန်းဆင်း ၇၃၃ ဦးနှင့် မူလတန်း ဆရာအတတ် စာပေးစာယူ တစ်နှစ်သင်တန်းဆင်း ၇၀ ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# သက်ကြီးဘောလုံးသမားဟောင်းကြီးများအား ပူဇော်ကန်တော့

**နတ်တလင်း မတ် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အတွင်းမှ သက်ကြီးဘောလုံးသမားဟောင်းကြီးများအား မျိုးဆက်သစ် ဘောလုံးသမားလူငယ်များက ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ဗဟိုအခြေခံပညာမူလတန်းလွန်ကျောင်း ပတ္တမြားခန်းမ၌ မတ် ၄ ရက်က ကျင်းပခဲ့သည်။ ကန်တော့ပွဲတွင် နတ်တလင်းမြို့နယ်၏ လက်ရွေးစင်ဘောလုံးသမားများအဖြစ် မြို့နယ်အတွက် ကစားပေးခဲ့ကြပြီး မြို့၏ဂုဏ်ကိုဆောင်ခဲ့သော သက်ကြီး ဘောလုံးသမားဟောင်းကြီး ၂၈ ဦးအား မျိုးဆက်သစ် ဘောလုံးအားကစားသမား လူငယ်များက ထောက်ပံ့ပစ္စည်းများနှင့် ငွေသားများဖြင့် ကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံ သက်ကြီးဘောလုံးသမားဟောင်းကြီးများကိုယ်စား ဦးအေးသောင်း (မြန်မာ့စီးပွားရေးဘဏ်-အငြိမ်းစား)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ ကြောင်း သိရသည်။

**ဝင်းမြင့်(နတ်တလင်း)**

# မယ်စဲ့မြို့ မြို့ပေါ်ရပ်ကွက်များ၌ ရေမီတာစနစ်ဖြင့် ရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မယ်စဲ့ မတ် ၆**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များတွင် ရေမီတာစနစ်ဖြင့် ရေပေးဝေနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂ ဒသမ ၁ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယ်စဲ့မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများတွင် ရေလုံလောက်စွာရရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂ ဒသမ ၁ သန်းဖြင့် ဂါလန် ၂၈၀၀၀ ဆံ့ ရေစုကန် တစ်ကန်၊ ဂါလန် ၁၀၀၀၀ ဆံ့ သံကူကွန်ကရစ်ရေကန် တစ်ကန်၊ အရှည်ပေ ၁၀၀ နှင့်အကျယ် လေးပေရှိရေခေါ်မြောင်း တစ်ခု၊ ရေစက်ရုံ တစ်လုံး၊ ၁၁/၀ ဒသမ ၄ကေဗွီ ဓာတ်အားလိုင်း ပေ ၂၀၀ နှင့် ၁၀၀ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်ခြင်း၊ ခြောက်လက်မ ရေတင်ပိုက်လိုင်း ပေ ၂၀၀ တပ်ဆင်ခြင်း၊ ရေပေးရေးအတွက် သုံးလက်မပိုက်လိုင်း ၁၀၃၀၀ ပေ၊ တစ်လက်မခွဲပိုက်လိုင်း ၄၃၅၀ ပေ၊ တစ်လက်မပိုက်လိုင်း ၃၅၅၀ ပေ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မယ်စဲ့ချောင်းမှ ရေသွယ်တန်းယူကာ ရေများဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

မယ်စဲ့မြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ပြည်နယ်အင်ဂျင်နီယာမှူးနှင့် ပြည်နယ်စာရင်းစစ်ဆေးရေးအဖွဲ့တို့ကလည်း မတ် ၅ ရက်က ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုအခမ်းအနားကျင်းပ

**မိုးကောင်း မတ် ၆**

မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုအခမ်းအနားကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲ၌ “အမျိုးသမီးဘဝမြှင့်တင်ဖို့ ကျေးလက်နှင့် မြို့ပြ တက်ကြွလှုပ်ရှားသူများပူးပေါင်းလို့ ယခုပင်ကြိုးပမ်းကြပါစို့”ဟူသော ဆောင်ပုဒ်ဖြင့် မတ် ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းတို့က အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေညွန့်က အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်လီလီဆွေက အမျိုးသမီးရေးရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ Team Leader ဒေါ်အေးအေးလင်းက စီမံကိန်းဆိုင်ရာ အမျိုးသား အမျိုးသမီးရေးရာ လိုအပ်ချက် ခြောက်ချက်ကို ရှင်းလင်းတင်ပြပြီး အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်(CDAW)တွင် ပါဝင်သည့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ ဗွီဒီယိုမှတ်တမ်းများကို ပြသသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာသည့် ကျေးရွာအုပ်စုအသီးသီးမှ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုကော်မတီဝင် အမျိုးသမီးများက စီမံကိန်းတွင် မိမိတို့ ပါဝင်ဆောင်ရွက်ခဲ့ပုံများနှင့် အတွေ့အကြုံများကို ရင်ဖွင့်ပြောကြားကြပြီး မြို့နယ်လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါ်လုနန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မင်းမင်းဦး**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ယခင်)ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန
## (ယခု)ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန
## ဒုတိယဦးစီးမှူး(ဝင်ပေါက်)ရာထူး(၄၄)နေရာ
## ရေးဖြေအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ဒုတိယဦးစီးမှူး(၄၄)နေရာအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို ၆-၁-၂၀၁၈ ရက်နှင့် ၇-၁-၂၀၁၈ရက်များတွင် ကျင်းပပြုလုပ်ခဲ့ရာ ရေးဖြေအောင်မြင်သူ (၁၀၅)ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

| | | | | |
|---|---|---|---|---|
| ကဆရ/၀၀၁၁၊ | ကဆရ/၀၀၁၉၊ | ကဆရ/၀၀၂၆၊ | ကဆရ/၀၀၂၈၊ | ကဆရ/၀၀၆၈၊ |
| ကဆရ/၀၀၇၈၊ | ကဆရ/၀၀၇၉၊ | ကဆရ/၀၀၈၃၊ | ကဆရ/၀၀၈၉၊ | ကဆရ/၀၀၉၇၊ |
| ကဆရ/၀၁၃၆၊ | ကဆရ/၀၁၅၁၊ | ကဆရ/၀၁၅၈၊ | ကဆရ/၀၁၇၇၊ | ကဆရ/၀၁၈၉၊ |
| ကဆရ/၀၁၉၀၊ | ကဆရ/၀၁၉၈၊ | ကဆရ/၀၂၀၀၊ | ကဆရ/၀၂၀၁၊ | ကဆရ/၀၂၀၃၊ |
| ကဆရ/၀၂၁၃ | ကဆရ/၀၂၁၈၊ | ကဆရ/၀၂၂၁၊ | ကဆရ/၀၂၂၄၊ | ကဆရ/၀၂၃၁၊ |
| ကဆရ/၀၂၄၂၊ | ကဆရ/၀၂၄၆၊ | ကဆရ/၀၂၅၅၊ | ကဆရ/၀၂၅၆၊ | ကဆရ/၀၂၇၀၊ |
| ကဆရ/၀၂၈၇၊ | ကဆရ/၀၂၈၈၊ | ကဆရ/၀၂၉၇၊ | ကဆရ/၀၂၉၈၊ | ကဆရ/၀၃၀၀၊ |
| ကဆရ/၀၃၂၂၊ | ကဆရ/၀၃၂၅၊ | ကဆရ/၀၃၈၇၊ | ကဆရ/၀၃၉၂၊ | ကဆရ/၀၃၉၄၊ |
| ကဆရ/၀၄၁၇၊ | ကဆရ/၀၄၂၂၊ | ကဆရ/၀၄၃၂၊ | ကဆရ/၀၄၆၁၊ | ကဆရ/၀၄၇၇၊ |
| ကဆရ/၀၄၉၃၊ | ကဆရ/၀၅၀၄၊ | ကဆရ/၀၅၀၉ | ကဆရ/၀၅၁၀၊ | ကဆရ/၀၅၁၃၊ |
| ကဆရ/၀၅၁၆၊ | ကဆရ/၀၅၁၇၊ | ကဆရ/၀၅၁၉၊ | ကဆရ/၀၅၂၁၊ | ကဆရ/၀၅၂၃၊ |
| ကဆရ/၀၅၃၄၊ | ကဆရ/၀၅၅၀၊ | ကဆရ/၀၅၅၁၊ | ကဆရ/၀၅၅၆၊ | ကဆရ/၀၅၆၁၊ |
| ကဆရ/၀၀၅၆၆၊ | ကဆရ/၀၅၆၈၊ | ကဆရ/၀၅၈၂၊ | ကဆရ/၀၀၅၉၃၊ | ကဆရ/၀၅၉၄၊ |
| ကဆရ/၀၅၉၅၊ | ကဆရ/၀၅၉၆၊ | ကဆရ/၀၆၀၅ | ကဆရ/၀၆၁၂၊ | ကဆရ/၀၆၃၂၊ |
| ကဆရ/၀၆၃၄၊ | ကဆရ/၀၆၆၄၊ | ကဆရ/၀၆၇၄၊ | ကဆရ/၀၆၇၉၊ | ကဆရ/၀၆၈၉၊ |
| ကဆရ/၀၆၉၁၊ | ကဆရ/၀၇၁၃၊ | ကဆရ/၀၇၄၈၊ | ကဆရ/၀၇၅၄၊ | ကဆရ/၀၇၆၁၊ |
| ကဆရ/၀၇၇၁၊ | ကဆရ/၀၇၇၈၊ | ကဆရ/၀၇၉၆၊ | ကဆရ/၀၈၀၇၊ | ကဆရ/၀၈၁၀၊ |
| ကဆရ/၀၈၄၉၊ | ကဆရ/၀၈၆၉၊ | ကဆရ/၀၈၇၆၊ | ကဆရ/၀၈၉၅၊ | ကဆရ/၀၈၉၇၊ |
| ကဆရ/၀၉၀၇၊ | ကဆရ/၀၉၂၀၊ | ကဆရ/၀၉၂၃၊ | ကဆရ/၀၉၂၅၊ | ကဆရ/၀၉၇၀၊ |
| ကဆရ/၀၉၈၆၊ | ကဆရ/၀၉၉၁၊ | ကဆရ/၁၀၂၀၊ | ကဆရ/၁၀၅၈၊ | ကဆရ/၁၀၅၉၊ |
| ကဆရ/၁၀၆၂၊ | ကဆရ/၁၀၆၇၊ | ကဆရ/၁၀၆၈၊ | ကဆရ/၁၀၇၁၊ | ကဆရ/၁၀၉၂၊ |

၂။ လူတွေ့စစ်ဆေးမှုကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **လူတွေ့စစ်ဆေးမည့်ရက်** - ၁၄-၃-၂၀၁၈ရက်

(ခ) **လူတွေ့စစ်ဆေးမည့်အချိန်** - ၉း၀၀နာရီ

(ဂ) **လူတွေ့စစ်ဆေးမည့်နေရာ** - ရုံးအမှတ် (၂၃)၊ နေပြည်တော်

၃။ ရုံးအမှတ် ၂၃၊ နေပြည်တော်သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၃-၂၀၁၈ရက် ၈း၀၀နာရီနောက်ဆုံးထား၍ အချိန်မီ သတင်းပေးပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် မိတ္တူ(၁)စောင်

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)နှင့် မိတ္တူ(၁)စောင်

(ဂ) ဘွဲ့ရလက်မှတ်(မူရင်း)နှင့် မိတ္တူ(၁)စောင်

(ဃ) နောက်ဆုံးနှစ် အမှတ်စာရင်းမူရင်းနှင့် မိတ္တူ(၁)စောင်

(င) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ဆေးထောက်ခံချက်(မူရင်း)နှင့် မိတ္တူ(၁)စောင်

ဖော်ပြပါအချက်အလက်များ တင်ပြနိုင်ခြင်းမရှိပါက ရေးဖြေအောင်မြင်သူများစာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးခြင်းလာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်-

(က) အမျိုးသားများ လည်ကတုံးအင်္ကျီအဖြူနှင့်ပုဆိုး

(ခ) အမျိုးသမီးများ မြန်မာဆန်ဆန် အင်္ကျီလက်ရှည် ဝတ်ဆင်လာရမည်။

၅။ ရွေးချယ်ခံရသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၂၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၁၃၊ ၀၆၇-၄၀၄၀၄၆၊ ၀၆၇-၄၀၄၄၈၆တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ဆောင်ရွက်လျက်ရှိသော သာကေတတံတားသစ်တည်ဆောက်ရေးစီမံကိန်းအရ ပုဇွန်တောင်ချောင်း အတွင်း ဝင်/ထွက်သွားလာနေသော ရေယာဉ်များသိရှိလိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ၁၂.၁.၂၀၁၈ ရက်နေ့ (မြန်မာ့အလင်း၊ ကြေးမုံ) သတင်းစာမှလည်းကောင်း၊ သက်ဆိုင်ရာရေယာဉ်အဖွဲ့များသို့ ၈.၁.၂၀၁၈ ရက်စွဲပါစာဖြင့် လည်းကောင်း အသိပေးအကြောင်းကြားသည့် ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ ယခုအခါတွင်လည်း လုပ်ငန်းစီမံကိန်း၏လိုအပ်ချက်အရ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်သွားရန် ရေကြောင်းသတိပေးချက်ထပ်မံထုတ်ပြန်ပါသည် -

(က) ၈.၃.၂၀၁၈ ရက်နေ့ ည ၁၂ နာရီ(၂၄၀၀ နာရီ) မှ ၁၀.၃.၂၀၁၈ ရက်နေ့ နံနက် ၆ နာရီ (၀၆၀၀ နာရီ) အထိ အချိန်အတွင်း မည်သည့်ရေယာဉ်မှ တံတားတည်ဆောက်ရေးစီမံကိန်းနေရာကိုဖြတ်သန်း၍ ပုဇွန်တောင်ချောင်းအတွင်း ဝင်/ထွက်သွားလာခြင်းမပြုရန်။

(ခ) ၁၀.၃.၂၀၁၈ ရက်နေ့ နံနက် ၆ နာရီ နောက်ပိုင်းမှစ၍ အပိုဒ် (၁)ပါ ထုတ်ပြန်ထားပြီးဖြစ်သည့် ရေကြောင်းသတိပေးချက်ပါ သတ်မှတ်ချက်များအတိုင်းလိုက်နာ၍ ဝင်/ထွက်သွားလာကြရန်။

၃။ လုပ်ငန်းလိုအပ်ချက်အရ ရေလမ်းကြောင်းအတွင်း သွားလာခွင့်တားမြစ်ကန့်သတ်ရန် အခြေအနေပေါ်ပေါက်လာပါက ရေယာဉ်များသိရှိနိုင်ရန် ထပ်မံ၍ရေကြောင်းသတိပေးချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## Automatic Compressor Controller
(ကွန်ပရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)

Auto
ELECTRICAL & ELECTRONIC PRODUCTS



ဤစက်ကို တပ်ဆင်ထားခြင်းအားဖြင့်
၁။ မီးပျက်သည့်အခါ မီးပြန်လာသည့်အချိန်တွင် လူမှ စောင့်ဆိုင်း၍ ရေတင်ရန် မလိုအပ်ခြင်း။
၂။ ရေလျော့လျှင် ကွန်ပရက်ဆာအား အလိုအလျောက် မောင်းနှင်ပေးပြီး ရေပြည့်သည့်အခါ အလိုအလျောက် ရပ်တန့်စေခြင်း။
၃။ လျှပ်စစ်မီးအား ၁၆၀ V နှင့် ၂၄၀ V အကြားရှိမှသာ ကွန်ပရက်ဆာအား မောင်းနှင်ခြင်း။
၄။ လေဘားအား အလိုအလျောက်အဖွင့်/အပိတ်ပြုလုပ်ပေးသော စနစ်ပါရှိခြင်း။
၅။ အချက်ပြမီးအမျိုးမျိုးနှင့် အခြေအနေပြ အသံစနစ် အမျိုးမျိုးတို့ပါရှိခြင်း။

အမှတ်(၁) စက်မှုဝန်ကြီးဌာနလျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုမိန့်ရရှိပြီး

ရေအတွက်ဆို Auto ရှိတယ်၊

အာမခံ (တစ်နှစ်)

ရေမော်တာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single / Three Phase)
ကွန်ပရက်ဆာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/ Three Phase)

အမှတ်(၂၇၄)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၇၈၁၃၄၆၊ ၀၁ ၂၅၁၀၉၃၃
web : autoproductmm.com ; autoelectronicproducts.com

ရဲထွန်းကို(နေပြည်တော်)
၀၉၄ ၂၀၇၄၅၃၉၅၇၊ ၀၉၄ ၂၀၇၁၅၀၇၅

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့ | ရပ်/ကျေး | အကွက်အမှတ် | ဦးပိုင်အမှတ် | လျှောက်ထားသည့် ဧရိယာ(ဧက) | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်အေးကြူ | ပုသိမ် | အမှတ်(၁၃) | ၅၂ | ဂျီ-၂၀၄ | ၀ဒသမ၀၅၅ | ဂရန်အသစ် |
| ၂ | ဦးဖြိုးကျော်စိုး | ပုသိမ် | အမှတ်(၁၃) | ၅၂ | အက်ဖ်-၁၀၈ | ၀ဒသမ၀၅၅ | ဂရန်အသစ် |
| ၃ | ဦးခင်မောင်မြင့် | ပုသိမ် | အမှတ်(၁၃) | ၅၂ | အက်ဖ်-၁၀၆ | ၀ဒသမ၀၅၅ | ဂရန်အသစ် |
| ၄ | ဦးခင်ဝင်း | ပုသိမ် | အမှတ်(၁၃) | ၅၂ | အက်ဖ်-၁၇၉ | ၀ဒသမ၀၅၅ | ဂရန်အသစ် |
| ၅ | ဦးကျော်ဝေ | ပုသိမ် | အမှတ်(၁၃) | ၅၂ | ဘီ-၇၂ | ၀ဒသမ၁၁၀ | ဂရန်အသစ် |
| ၆ | ဦးရဲမင်းထိုက် | ပုသိမ် | အမှတ်(၈) | ၁၁၉ | ၁၂၀ | ၀ဒသမ၀၅၅ | မြေပေးမိန့် |

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/5720 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

၂၀-၃-၂၀၁၃ ရက် မြန်မာ့အလင်း သတင်းစာပါ စာမျက်နှာ(က)၊ ကော်လံ(၆) အောက်ဆုံးတွင် “သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း” ခေါင်းစဉ်ဖြင့် မောင်တေဇာကျော် ၁၂/ဒဂမ(နိုင်)၀၀၁၄၁၈အား မိခင်ဖြစ်သူ ဒေါ်ဝင်းရီ ၁၂/သဃက(နိုင်)၀၈၄၇၅၆ မှ ကြေညာခဲ့ပါသည်။ မိခင်၏ လတ်တလော စိတ်ခံစားချက်ကြောင့်ဖြစ်၍ သားဖြစ်သူမှာ မိခင်အား လစဉ်ကျွေးမွေးထောက်ပံ့ စောင့်ရှောက်၍ လိမ္မာလျက်ရှိနေပါ၍ အဆိုပါကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းရီ**
**၁၂/သဃက(နိုင်)၀၈၄၇၅၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ပြည်တော်သာ(၃)လမ်း၊ အမှတ် ၄၈၇ နေ မကေသွယ်ဝင်းထွန်း ၇/ပခန(နိုင်)၃၆၂၀၉၈ သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏ ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စမျှ တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်**
**ဒေါ်သီဂီအောင်**
**၇/ပခန(နိုင်)၃၄၈၆၅၇**

## ပြောင်းလဲခေါ်ဆိုပါရန်

ဦးစိုင်းလှထွန်း၏သား မူဆယ်မြို့ အထက (၃) သတ္တမတန်း (က)မှ စိုင်းဝမ်းဆိုင်အား မောင်နေလင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မိဘအမည်မှန်

တောင်ကြီးမြို့၊ အားကစားသိပ္ပံကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးဇင်ဦး၏ မိဘအမည်မှန်မှာ ဦးဂျိုးဇက် ၉/မမန(နိုင်)၀၃၁၇၈၂ နှင့် ဒေါ်ဝိလာ ၉/မမန(နိုင်)၀၃၂၃၀၅ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လည်ဘူးမြို့နယ်၊ မိချောင်းအင်းကျေးရွာ၊ အထက ပဥ္စမတန်းမှ လိပ္ပတ်ကျေးရွာနေ မဖြူဖြူနိုင်၏ဖခင် ဦးမောင်ငွေ(ခ)ဦးမောင်ဝေ ၅/ပလဘ(နိုင်)၀၇၆၇၂၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇) စည်သူတပ်ခွဲ (၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖိတ်ကြားလွှာ

ဗ·သ·က (၄၇)၊ (၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်များ**

- ၈-၃-၂၀၁၈ ဂေါက်သီးရိုက်ပြိုင်ပွဲ တပ်မတော်ဂေါက်ကွင်း မင်္ဂလာဒုံ ၁၂း၀၀ နာရီ
- ၉-၃-၂၀၁၈ ဆွမ်းကျွေးတရားနာ-နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မရမ်းကုန်းမြို့နယ် ၀၉း၀၀ နာရီ
- ၉-၃-၂၀၁၈ မိတ်ဆုံညစာစားပွဲ ကန်တော်မင်ပန်းခြံ မြက်ခင်းပြင်၊ ရွှေဘဲစားတော်ဆက် ၁၈း၀၀ နာရီ

**အမှုဆောင်အဖွဲ့**
ဗ·သ·က(၄၇)

## ဖိတ်ကြားအပ်ပါသည်

(၆၈-၇၂) ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဒဿနိကဗေဒ ကျောင်းသူကျောင်းသားဟောင်းများ၏ ရွှေရတု နှစ်(၅၀)အထိမ်းအမှတ် မိတ်ဆုံစားပွဲနှင့် ဆရာကြီး ဆရာမကြီးများ (၆၈-၇၂) အာစရိယပူဇော်ပွဲပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်အကြောင်းကြားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်။

| | | |
|---|---|---|
| **နေရာ** | - | ပန်ဒါဟိုတယ် |
| **အချိန်** | - | ညနေ ၃း၀၀ နာရီမှ ၆း၀၀ နာရီထိ |
| **နေ့ရက်** | - | ၂၅-၃-၂၀၁၈ ရက် (တနင်္ဂနွေနေ့) |
| **ဆက်သွယ်ရန်** | - | ဦးစိုးရီလွင် (ဖုန်း-၀၉-၂၅၀၀၂၃၄၅၆) (ဆက်သွယ်ရေးပြန်ကြားရေးတာဝန်ခံ) ဒေါ်စန်းစန်းနွယ် ဖုန်း-၀၉-၇၉၅၄၀၆၇၇၄ |

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၂)၊ ပဥ္စမတန်း(ဂ) ကျောင်းဝင်အမှတ် (05447) မှ မောင်ဇေယျာလင်း၏ဖခင် ဦးလောရှင်း၏ အမည်မှန်မှာ မှတ်ပုံတင်အရ ဦးလောက်ရှင် ၁၃/လရန(နိုင်)၀၀၅၀၁၃ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း ကျောင်းဝင်အမှတ်(05016)မှ မယဉ်ယဉ်ထွေး၏ ဖခင် ဦးလောရှင်း၏ အမည်မှန်မှာ မှတ်ပုံတင်အရ ဦးလောက်ရှင် ၁၃/လရန(နိုင်)၀၀၅၀၁၃ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက (၅)၊ နဝမတန်းမှ မောင်မြင့်သူရဝင်း၏ ဖခင်အမည်မှန်မှာ ဦးရော်ဖွာချိ ၁၃/လရန(နိုင်)၀၅၄၉၃၃ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့ အထက (၂) ပဥ္စမတန်း (ဂ) ကျောင်းဝင်အမှတ် (05446) မှ မောင်ဇေယျာဝင်း၏ဖခင် ဦးလောရှင်း၏ အမည်မှန်မှာ မှတ်ပုံတင်အရ ဦးလောက်ရှင် ၁၃/လရန(နိုင်)၀၀၅၀၁၃ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GG/2903 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/7658 ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Truck & Machinery Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## San brotherhood

ဗုဒ္ဓ ဓမ္မ သံဃ

“စစ်ဆေး၊စမ်းသပ်(အခမဲ့)”

**Air-Con,** ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

**တပ်ဆင်ပြီးဈေးနှုန်း (၃နှစ်အာမခံ)**

1HP 300000Ks

၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)

**ပါဝင်သောပစ္စည်းများ**

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

“အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်”

FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421
ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475
ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး(မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်းလမ်းဆုံအနီး(ရွှေပြည်သာ) 09-5012419, 09-73126244
Super 1 အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316

## MAJA

### မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း

### နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

**(သာမန်အသင်းသားများသာ)**

မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | ။ | ၁.၄.၂၀၁၈ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | ။ | ၉း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ |
| ကျင်းပမည့်နေရာ | ။ | UMFCCI Hall, 1st Floor |

(မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)

- ➢ အစည်းအဝေးတွင်အလုပ်အမှုဆောင်သစ် ရွေးချယ်ရန်ရှိပါသည်။
- ➢ အစည်းအဝေးပြီးလျှင် မိတ်ဆုံစားပွဲဆက်လက်ကျင်းပပါမည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း

## ဝယ်တာထက် ပိုရမယ့် ဒေတာလိုက်ပွဲ

4G PLUS

*140# ကို အခုပဲ ခေါ်ဆိုပါ။

| ဈေးနှုန်း(ကျပ်) | ဒေတာ(MB) | | အပိုလိုက်ပွဲ (MB) |
|---|---|---|---|
| ၆၉၉ | ၃၅၀ | + | ၅၀ |
| ၉၉၉ | ၆၀၀ | + | ၅၀ |
| ၁,၄၉၉ | ၈၇၀ | + | ၁၅၄ |
| ၂,၉၉၉ | ၁,၇၉၂ | + | ၂၅၆ |
| ၄,၉၉၉ | ၃,၀၇၂ | + | ၅၁၂ |
| ၉,၉၉၉ | ၆,၁၄၄ | + | ၁,၀၂၄ |
| ၁၉,၉၉၉ | ၁၂,၂၈၈ | + | ၂,၀၄၈ |
| ၃၉,၉၉၉ | ၂၅,၆၀၀ | + | ၅,၁၂၀ |

အပိုလိုက်ပွဲ သက်တမ်း ရက် ၃၀ ရှိပါသည်။



ooredoo
Enjoy the Internet




Gold Point
Collection
Awarding Ceremony

Royal Myanmar Teamix,Calsome ကွေကာ , Gold Roast Coffeemix များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော Myanmar GR Co.,Ltd မှ စင်ကာပူ အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သော VIZ BRANZ LIMITED (SINGAPORE) နှင့် အကျိုးတူ လက်တွဲဆောင်ရွက်ပြီး MYANMAR VB COMPANY LIMITEDသို့အမည်ပြောင်းလဲခြင်းနှင့် အဆိုပါကုန်ပစ္စည်းများကို ရောင်းချပေးကြသော ကုန်သည်တော်ကြီးများအား ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ခြင်းအခမ်းအနားကို (၂၈.၂.၂၀၁၈)တွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel (Ballroom)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအထိ ပြုလုပ်ခဲ့သော Gold Point Collection Programတွင် ပါဝင်ခဲ့ကြသော ကုန်သည်တော်ကြီးများကို ကံစမ်းမဲများနှင့် ဆုလက်ဆောင်များအဖြစ် ကား၊ iPhoneX၊ iPhon8Plus၊ ရွှေသား (၃) ပိဿာကျော်နှင့် ငွေသားဆုများအပါအဝင် စုစုပေါင်း ကျပ်သိန်းပေါင်း(၅၀၀၀)ကျော်ဖိုး ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်းနှင့် Gold Point Collection Programသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသောအနယ်နယ်အရပ်ရပ်မှကုန်သည်တော်ကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဧည့်သည်တော်ကြီးများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Calsome | Gold Roast COFFEE MIX | Royal Myanmar Teamix




**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763



**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
09254009334,
09254009335,
09254009336


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် ဗဟိုအဆင့်နှင့် ပြည်နယ်/တိုင်း ဆေးရုံများတွင် ကာယကုသမှု ခံယူစေရေးအတွက် စက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ ရုံးအမှတ် ၄၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၈-၃-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၃-၂၀၁၈ ရက် ညနေ ၃း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။


**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် | တင်ဒါပိတ်မည့်ရက်/အချိန် |
|---|---|---|---|
| (၁) | Diesel Oil,Premium Diesel Oil & Octane-92 | ၇-၃-၂၀၁၈ ရက်မှ ၅-၄-၂၀၁၈ ရက်ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၆-၄-၂၀၁၈ ရက် ၁၃း၀၀ နာရီ |
| (၂) | ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ | ၇-၃-၂၀၁၈ ရက်မှ ၁၉-၃-၂၀၁၈ ရက်ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၂၀-၃-၂၀၁၈ ရက် ၁၃း၀၀ နာရီ |
| (၃) | ရုံးသုံးပရိဘောဂပစ္စည်းများ | - ။ - | - ။ - |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ် (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်၌ အထက်ဖော်ပြပါရက်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**


**ခရုသင်း (သမင်ဖြူ)**
LEUCODERMA
ခရုသင်း (သမင်ဖြူ) ၊ ဖြူနီနက်ကွက်များ ၊ အနာကြီးရောဂါ ၊ ယားနာ ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။


**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရန်ကုန်မြို့ အဝေးသင်တက္ကသိုလ် စိတ်ပညာ ၃စ-၅၂ မှ မောင်ခင်မောင်ထွန်း၏ဖခင် ဦးလှရွှေနှင့် မောင်ကိုနီ(ခ)မဟာမက်ကိုနီ ၁၂/ဥကမ(နိုင်)၁၃၈၅၇၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။


**မြေကွက်ရောင်းမည်**
သဃ်န်းကျွန်း (ခ)ရပ်ကွက်
50'× 100' (မြေသီးသန့်)
အရှုပ်အရှင်းကင်း။
ဖုန်း-၀၉-၅၀၅၇၈၇၃



01512443, 0973017656, 0932380867
095055574, 09785055574
အဟောင်းကျန်သေးသည်



**"ကောင်းစုံ"** ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း
ဝမ်းစာပြည့်၊ အတွေ့အကြုံရှိ ဝန်ထမ်းကောင်းများ အလိုရှိပါသည်။
(၁) ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး။
(၂) (မူလယ်၊ထက်) ဘာသာရပ်သင် ဆရာ၊ဆရာမများ။
(၃) ပန်းချီ၊ ဂီတ၊ ကာယ၊ နည်းပြဆရာ၊ဆရာမများ။
(၄) (လယ်၊ထက်) Guide ဆရာ၊ဆရာမများ။
(၅) ဘော်ဒါအဆောင်မှူး၊ ဆရာ၊ဆရာမများ။
(၆) ရုံးဝန်ထမ်း(ကွန်ပျူတာကျွမ်းကျင်သူ)။
- အောက်ပါလိပ်စာတွင် လျှောက်လွှာထုတ်ယူ၍ ၂၃ မတ်လ ၂၀၁၈ (သောကြာနေ့) နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။
ခြံအမှတ်-၉(ခ)၊မနော်ဟရီလမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်။
ဖုန်း-၀၁-၂၃၀၂၀၀၉၊ ၀၉-၂၅၀၃၁၂၀၂၀။



M L A
MULTI LANGUAGE ACADEMY
MLA INTERNATIONAL
- No. 127, Hantharwadi Road, Kamayut Township, Yangon
- 09-258886622, 09-258886633, 09-258886677,01-524438

**Summer Course 2018**
**English Proficiency & Computer Courses**
Enrol Now!!
Commencing Date : 19th March 2018
End of Summer Course : 25th May 2018
Monday to Friday - 8:00 a.m. to 12:00 p.m.

## ဦးရဲမြင့် (ပျဉ်းမနားမြို့)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (နိုင်ငံခြားရေးဝန်ကြီးဌာန)**
**စိန်ပေါလ်ကျောင်းသားဟောင်း**
**အသက်(၇၂)နှစ်**

ပျဉ်းမနားမြို့နေ (ဦးလေးရာ-ဒေါ်ကျင်ဟန်)တို့၏မြေး၊ (ဦးအေးမောင်-ဒေါ်နုရင်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်ကြည်ကြည်လှ)တို့၏သားသမက်၊ ဦးမြတ်ထိုက်-(ဒေါ်ခင်မာစံ)၊ ဒေါ်ဝင်းဝင်းလတ် - (ဦးအောင်သူ)တို့၏မောင်၊ (ဒေါ်ဝေဝေလတ်-ဦးခင်မောင်ရည်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တေးနုယဉ်ရိပ်သာလမ်း၊ ၇မိုင်ခွဲ၊ အမှတ် ၂၆-က/၃နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ ကိုသက်ဟန်မြင့်-မမြမြခိုင်၊ ကိုဖြိုးဟန်မြင့်တို့၏ဖခင်သည် ၆-၃-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးအောင်ပါသိန်း(မုဒုံ) အသက်(၈၄)နှစ်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃) မြစ်ပယ်ရိပ်သာလမ်း၊ပါရမီနေ ဦးအောင်ပါသိန်း (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၄)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဒေါ်မြရင် (ရွှေဘို)
**အသက်(၈၀)**

ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ ပြင်စျေးမြောက်ပိုင်းရပ်နေ (ဦးထွန်းရှင်)၏ဇနီး၊ ဒေါ်စန်းစန်းမြင့်၊ ဦးမြင့်လွင်(အမှုဆောင်အရာရှိ၊ စဉ့်ကူးစည်ပင်)-ဒေါ်မြင့်မြင့်စိန်(ဦးစီးအရာရှိ၊ ငြိမ်း၊ မတ္တရာစည်ပင်)၊ ဦးမြင့်တင်(ခရိုင်တရားသူကြီး၊ ငြိမ်း)-ဒေါ်ဝေဝေ(ထွေ/အုပ်၊ ငြိမ်း)၊ ဦးသန်းအေး-ဒေါ်ဌေးဌေးမြင့်၊ ဦးညွှန့်ဝင်း-ဒေါ်နှင်းနှင်းခိုင်(အလပြ၊ သခွတ္တော)၊ ဒေါ်ဝင်းဝင်းရီ(ဦးစီးအရာရှိ၊ ရွှေဘိုခရိုင်စီမံကိန်းရုံး)၊ ဦးမျိုးဇာထွန်း(တ·က·စ အလုပ်ရုံစုမှူး၊ မကွေး)-ဒေါ်ခင်ကြူကြူအောင်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၆-၃-၂၀၁၈ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၈ ရက် ညနေ ၃နာရီတွင် ဥသျှစ်ကန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးသိန်းတန်**
**ဦးစီးအရာရှိ(ဘူမိ၊ ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**
**အသက်(၇၄)နှစ်**

ဦးသိန်းတန် (ဦးစီးအရာရှိ၊ ဘူမိ၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန၊ 1968 Batch Geology)သည် ၃-၃-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၈ ဘူမိဗေဒဘွဲ့ရ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်သန်း**
**အသက်(၇၄)နှစ်**

ဗိုလ်သောင်းလှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းအေးတို့၏မိခင်ဖြစ်သူ ဒေါ်ခင်သန်းသည် ၃-၃-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှသူငယ်ချင်း မိသားစုများ**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
**ဒေါက်တာကောင်းမြတ်ကျော်လင်း**
**အလုပ်သင်ဆရာဝန်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်**
**(၇-၂-၂၀၁၈)-(၇-၃-၂၀၁၈)**
**အသက်(၂၂)နှစ်**

သားသားရေ သားလေး မိသားစုနှင့်ခွဲခွာသွားတာ (၇-၃-၂၀၁၈)နေ့ဆို တစ်လပြည့်ခဲ့ပြီ။ ဖေဖေ၊ မေမေ၊ မကြီး၊ ကြီးမေတို့မိသားစု အခုထိ ဖြေမဆည်နိုင်ဘူး လွမ်းဆွတ်သတိရနေဆဲပါ သားရယ်၊ နောင်ဘဝများမှာ ဒီလိုအဖြစ်ဆိုးမျိုးနှင့် မကြုံတွေ့ပါစေနဲ့လို့ ဆုတောင်းပေးနေပါတယ်။ သားအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေ နေ့စဉ်ပြုလုပ်ပေးနေပါတယ်။ သား ရောက်ရာဘုံဘဝက သာဓုခေါ်နိုင်ပါစေ။ သားသား ကောင်းရာမွန်ရာမြင့်မြတ်တဲ့ဘုံဘဝကို ရောက်ရှိပါစေသားရေ---

**ချစ်တဲ့-ဖေဖေ - ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီး)**
**မေမေ - ဒေါ်ဝင်းဝင်း**
**မကြီး - မကျော်ကျော်နန္ဒာ**
**ကြီးမေကြီး/လေး-ဒေါ်တင်တင်မူ၊ ဒေါ်မြင့်မြင့်မူ**
**ဦးငယ်လေး၊ အန်တီမူ၊ တီတီအေး မိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်မေမေခင် အသက်(၈၂)နှစ်**
**သန်လျင်မက်ဒရစ်ကျောင်းသူဟောင်း**

သန်လျင်မြို့နေ မြို့ပိုင်(ဦးဘိုလေး-ဒေါ်ငြိမ်းယဉ်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင် Junction Condo၊ အခန်းအမှတ် ၃၀၃နေ ဦးမောင်မောင်တိုး(Chairman Myanmar Voyages)၏ချစ်လှစွာသောဇနီး၊ ဦးကျော်သူတိုး-ဒေါ်သီဂီဦး(USA)၊ ဦးသက်လွင်တိုး-ဒေါ်လွင်လွင်ကျော်တို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းချမ်းဝဏ်၊ မနှင်းနွယ်ဝေ(USA)၊ မဆုမြတ်စန္ဒီ၊ Calvin (ခ)ဝေယံမွန်း၊ မဝိုင်းဝိုင်းဖြူစင်၊ မောင်စွမ်းထက်တိုးတို့၏ဘွားဘွားကြီးသည် ၅-၃-၂၀၁၈ရက် ည ၇း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ (၈)မိုင် ရွှေကျင်မစိုးရိမ်ကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မေမေခင်**
**သန်လျင် မက်ဒရစ်ကျောင်းသူဟောင်း**
**အသက်(၈၂)နှစ်**

သန်လျင်မြို့နေ မြို့ပိုင်(ဦးဘိုလေး-ဒေါ်ငြိမ်းယဉ်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင် Junction Condo၊အခန်း ၃၀၃နေ ဦးမောင်မောင်တိုး (Chairman Myanmar Voyages)၏ချစ်လှစွာသောဇနီး၊ ဦးကျော်သူတိုး-ဒေါ်သီဂီဦး(USA)၊ ဦးသက်လွင်တိုး-ဒေါ်လွင်လွင်ကျော်တို့၏ ချစ်လှစွာသောမိခင်သည် ၅-၃-၂၀၁၈ရက် ည ၇း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Voyages ဝန်ထမ်းမိသားစု**
**Mingalarbar Balloon ဝန်ထမ်းမိသားစု**
**Serenity Hotel (Inle) Management ဝန်ထမ်းမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်သောင်း (လဝက၊ ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊(ည)ရပ်ကွက်၊ ဧရာ ၇လမ်း၊ အမှတ် ၁၅နေ(ဦးသူတော်-ဒေါ်မြအိ)တို့၏သမီး၊ (ဦးဘိုးလွင်-ဒေါ်သင်းလှိုင်)တို့၏သမီးချွေးမ၊ (ဦးအောင်သန်း၊ ကုန်သွယ်ရေး၊ ငြိမ်း)၏ဇနီး၊ ဦးဇော်သန်းလွင်(Consultant Engineer)-ဒေါ်လှလှဟန်(လ-၇၊ မြောက်ဥက္ကလာပ)၊ Capt: ဦးသန်းထိုက်-ဒေါ်မာမာဆွေ၊ ဒေါ်မိမိခိုင်(မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပ)၊ ဒုတိယဗိုလ်မှူးကြီးသိန်းစိုးအောင်-ဒေါက်တာဒေါ်အေးမိုးစိုး(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ပင်လုံတက္ကသိုလ်)၊ ဦးတင်လှိုင်(LIZSTAR Co.,Ltd)-ဒေါ်ခင်ခင်ချို(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေကူးအသံလွှင့်စက်ရုံ)တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၆-၃-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ထိုက်**
**အသက်(၇၈)နှစ်**

Shwe Taung Group,Finance & Accounts ဌာနမှ ဒေါ်ရီရီအောင်၏မိခင်ကြီး ဒေါ်ခင်ထိုက်သည် ၅-၃-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Shwe Taung Group**
**BOD နှင့်ဝန်ထမ်းများ**

**အနိစ္စ**

**ထားဝယ်အသင်း**
## ဒေါ်အေးအေး(ခ)
## ဒေါ်ခင်အေးမူ (ထားဝယ်)
**ထားဝယ်အသင်းအမှုဆောင်**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂) ရပ်ကွက်၊ တိုက် ၂၈၀၊ အခန်း ၁၆နေ (ဦးသင်းလှိုင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ ဦးလှကြည်၏ဇနီး၊ အသင်းဝင်အမှတ်(၂၆၁၇)ဒေါ်အေးအေး(ခ)ဒေါ်ခင်အေးမူသည် ၅-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အသင်းမှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့၊ ထားဝယ်အသင်း

## ဦးသန်းထွန်း
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ရွှေအုတ်ဂူ(၃)လမ်း၊တိုက် ၃၆၊ အခန်း ၀၀၂(မြေညီထပ်)နေ (ဦးကောင်းဖုံ-ဒေါ်ရွှေပွင့်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်ဌေး)တို့၏သားသမက်၊(ဒေါ်မြင့်မြင့်ဆွေ၊ အလပြ၊ မုံရွာ)၏ခင်ပွန်း၊ ကိုကျော်ဇင်ထွန်း-မဖြူသွယ်ထွန်းတို့၏ဖခင်သည် ၅-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၃-၂၀၁၈ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ သဒ္ဓါဝိမုတ္တာကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပေါင်းတည်မြို့နယ်အသင်း**
**(ရန်ကုန်)**
## ဦးလှကြိုင်
**ရာ-၁၇၄၉**
**အသက်(၇၀)**

ပေါင်းတည်မြို့၊ စျေး (၂)ရပ်ကွက်၊ ၉လမ်းနေ ဒေါ်မာလေး(ခ)ဒေါ်စန်းမြင့်၏ခင်ပွန်းသည် ၄-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၈ ရက်တွင် ပေါင်းတည်မြို့ တောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## ကျေးဇူးအထူးတင်ရှိခြင်း

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် ညနေ ၄း၃၀နာရီတွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားသည့် ဒေါ်စန္ဒာထွန်း အသက်(၄၉)နှစ် (ရှီးမဘဏ်-လားရှိုး)အား အသုဘရှုပို့ဆောင်သည့်နေ့တွင် လွမ်းသူ့ပန်းခွေပေးပို့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥက္ကဋ္ဌ(ရှီးမဘဏ်)၊ FMI Co.,Ltd, SPA Co.,Ltd, ICRC Staff, Memories Group, AYA ဘဏ်၊ AGD ဘဏ်၊ GGI အာမခံလုပ်ငန်းတို့အားလည်းကောင်း၊ လူကိုယ်တိုင် လာရောက်နှစ်သိမ့်ပေးပါသော ရန်ကုန်မြို့၊ ရွှေညဝါဆရာတော်ကြီးနှင့် တပည့်ဒါယကာများ၊ ရှီးမဘဏ်ဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်မှုအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာမန်နေဂျာများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံအမျိုးသမီးများစွမ်းဆောင်ရှင်အဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ လားရှိုးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဧရာဝတီဘဏ်၊ အင်းဝဘဏ်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ရှီးမဘဏ်မှ လုပ်ဖော်ကိုင်ဖက် အရာထမ်း/ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးများနှင့် မိတ်ဆွေသူငယ်ချင်းတို့အားလည်းကောင်း ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**ရပ်ကွက်(၁)၊ ပါရမီလမ်း၊ လားရှိုးမြို့**

## ဒေါ်ခင်သန်းစိန်
**(ဘီးလင်း/သထုံ)**
**အထက်တန်းပြဆရာမ**
**ထ(၁)တ/ဥ (ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် ၁၁၈/၂နေ (ဦးစိန်အောင်-ဒေါ်ခင်သိန်း)တို့၏သမီး၊ (ဗိုလ်ကြီးခင်မောင်တိုး)၏ဇနီး၊ ဦးသိန်းအောင်-ဒေါ်ခင်မြအေး၊ ဦးမျိုးဝင်းအောင် - ဒေါ်သန်းသန်းဝင်းတို့၏အစ်မ၊ ဦးသူအောင်တိုး၊ဒေါ်သွဲ့သွဲ့ခင်တိုး၊ ဦးအောင်ကျော်တိုး-ဒေါ်နန်းတင်အေး(USA)၊ ဦးသန်းအောင်တိုး-ဒေါ်မေကြည်ဦး(S'pore)တို့၏ ချစ်လှစွာသောမိခင်၊ နန်းစန်းထွေး၊ မောင်အောင်သီဟ၊ မောင်ကျော်တိုးခန့်တို့၏အဘွားသည် ၅-၃-၂၀၁၈ရက်(တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်မြင့်ရီ (မြိတ်)
**အသင်းဝင်အမှတ်(၃၂၂၀)**
**အသက်(၇၉)နှစ်**

မြိတ်မြို့နေ(ဦးချင်လုံးခွန်-ဒေါ်ကြည်ငွေ)တို့၏သမီး၊ ဦးတော်မီ(အသင်းဝင်အမှတ်-၁၅၅၀)၏ဇနီး ဒေါ်မြင့်ရီသည် ၅-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးစဝ်ယွန်းပိုင်(ခ)
## ဦးစောပိုင်(ခ)
**Gilber Hti (Old Annians)**
**အသက်(၇၁)နှစ်**

တောင်ကြီးမြို့၊လမ်းမတော်ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်၊ အမှတ် (လ/၁၈၂)နေ (ဦးစဝ်ထီး-ဒေါ်ရွှေမြ)တို့၏သား၊ ကျောက်မဲမြို့နေ (ဦးရန်-ဒေါ်ပု)တို့၏သားသမက်၊(ဒေါ်ရွှေရွှေ၊ ကထိက၊ ငြိမ်း၊ ပထဝီဌာန၊ တောင်ကြီးတက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်မှူးစိုင်းအောင်ဝင်း) - ဒေါ်ခင်ဝင်းဖြူ၊ ပါမောက္ခ ဒေါက်တာစဝ်စိုင်းလုံ-(ဒေါက်တာတင်ရီရီ)၊ ဦးစိုင်းမျိုးမြင့်-ဒေါ်စဝ်မြတီတို့၏ညီ/မောင်၊ ဦးစောထွန်းနိုင်-ဒေါ်တင်နွဲ့ရီ၊ (ဦးစိုင်းမျိုးသန့်)-ဒေါ်စဝ်သီတာထွေးတို့၏အစ်ကို၊ ဦးဇော်ထွန်းလင်း - ဒေါ်လှိုင်လှိုင်ထွေး၊ ဦးစိုင်းစိုင်း-ဒေါ်မြင့်သန္တာစော၊ ဒေါက်တာဝင်းသော်တာစောတို့၏ ချစ်လှစွာသောဖခင်သည် ၅-၃-၂၀၁၈ရက် ည ၈း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဒေါ်လှလှမြင့်
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၄၅နေ (ဦးတင်ပု)-ဒေါ်ဝင်းကြည်၊ (ဦးဘအောင်)-ဒေါ်အေးရွှေတို့၏သမီး၊ ဦးဌေးဝင်း-ဒေါ်သန်းသန်းဝင်း၊ ဦးနေဝင်း-ဒေါ်နွယ်၊ ဦးအောင်ဇော်မင်း-ဒေါ်အေးအေးသင်း၊ ဦးတင်ဝင်း-ဒေါ်မိစန်းတို့၏အစ်မ၊ ကိုကျော်စွာဦး-မဝင်းသီဂီ၊ မောင်စည်သူဟိန်းတို့၏မိခင်၊ မဖူးပြည့်စုံ၏အဘွား၊ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးတင်သိန်း(ခ)ဦးပိန်၏ ချစ်လှစွာသောဇနီးသည် ၅-၃-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၄၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**
**ဦးထော်ဝေ**
**အသက်(၁၀၁)နှစ်**

သူငယ်ချင်း ဦးဉာဏ်ဝေ (ဒါရိုက်တာ) First Top Group Co.,Ltd & Kyun Shwe War Co.,Ltd နှင့် ဒေါ်သီဂီဟန်တို့၏ ဖခင်ကြီးသည် ၄-၃-၂၀၁၈ နံနက် ၆း၄၅ တွင် ဂရင်းဟန်သာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၉စီးပွားရေးတက္ကသိုလ်ဘွဲ့ရသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြည် အသက်(၉၈)နှစ်**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဟန်ရွှေဇနီး ဒေါ်မြကြိုင်တို့၏မိခင် ဒေါ်ကြည်သည် ၂-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဟင်္သာတမြို့နယ်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
**ဥက္ကဋ္ဌ ဦးခင်မောင်သောင်းနှင့် ကော်မတီဝင်များ**

## ဘုရား၊ ရဟန်း ဒါယကာကြီး
**ဦးအောင်မြင့်(၉)**
**လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန(ငြိမ်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးသန်း-ဒေါ်ကြင်စိန်)တို့၏သား၊ (ဦးအုန်း-ဒေါ်ကြွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ် ၁၂၀၇နေ ဒေါ်နီနီမြင့်၏ခင်ပွန်း၊ ဒေါ်ခင်နွယ်ဦး၊ ဗိုလ်မှူးချုပ်မြင့်နွယ်(ဒု-ဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်စိမ်းမြတ်သူ၊ ဒေါ်သင်းသင်းနွယ်(လက်/ညွှန်မှူး၊ စီးပွား/ကူးသန်း)၊ (ဦးကျော်ဦး)-ဒေါ်ခင်ဖြူ(အထက-၃၊ ဒဂုံ၊ ငြိမ်း)၊ ဒေါ်ခင်ကြူ(အထက-၄၊ တ/ဥ၊ ငြိမ်း)၊ ဦးအုန်းစန်း-ဒေါ်ခင်မူ (လက်/ညွှန်မှူး၊ စီးပွား/ကူးသန်း)တို့၏အစ်ကို၊ မတင်တင်ဦး၊ ကိုမင်းမင်းအောင်(အကောက်ခွန်မှူး၊ မရမ်းချောင်)၊ မအိအိအောင်(သရုပ်ပြ၊ ဆေးတက္ကသိုလ်၊ သတ္တဗေဒဌာန)၊ ဗိုလ်မှူးနိုင်လင်း-မဇင်နီအောင်တို့၏ချစ်လှစွာသောဖခင်၊ မောင်ဇေမျိုးဉာဏ်လင်း၏အဘိုးသည် ၆-၃-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသိန်းတန်**
**ဦးစီးအရာရှိ(ငြိမ်း)၊ ဘူမိ၊ ဆည်မြောင်းဦးစီးဌာန**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၃)ရပ်ကွက်၊ အမှတ် ၄၁၁၊ စေတနာ(၂)လမ်းနေ ဘူမိဝန်ထမ်းလူမှုရေးအဖွဲ့(ဆည်မြောင်း)၏နာယကကြီး ဦးသိန်းတန်(ဦးစီးအရာရှိ၊ ငြိမ်း/ဘူမိ)ဆည်မြောင်းဦးစီးဌာနသည် ၃-၃-၂၀၁၈ရက် (စနေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘူမိဝန်ထမ်း၊ လူမှုရေးအဖွဲ့**
**(ဆည်မြောင်း)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးမျိုးညွှန့်**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**
**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ (ဦးညွှန့်မောင်-ဒေါ်ခင်ရီ)တို့၏သား၊ (ဦးမောင်ပု-ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄)မြောက်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၁၇၃(A)နေ (ဒေါ်သန်းငွေ၊ ရန်ကုန်စာတိုက်ကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်စိုးမိုးထွေး(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်စန္ဒာမျိုးညွှန့်၊ ဦးစိုင်းသန်းလွင်-ဒေါ်သန္တာမျိုးညွှန့်တို့၏ဖခင်၊ ဦးသန်းထိုက်မျိုးညွှန့်(ဦးစီးအရာရှိ၊ D.H.P.I)-ဒေါ်မေမြတ်ကျော်၊ မသော်တာမျိုးညွှန့်[U.I.T 5th Year (BIS)]တို့၏အဘိုး၊ မောင်ဝဠာမျိုးညွှန့်၏ဘိုးဘိုးသည် ၆-၃-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [သာကေတမြို့နယ်၊ (၄)မြောက်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၁၇၃(A)နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းလှိုင် အသက်(၆၉)နှစ်
**MPE (ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၃၂၅၊ အခန်း ၃၀၂၊ စက္ကဝတ်(၁)လမ်း၊ (ဈ)ရပ်ကွက်နေ (ဦးတင်ရွှေ-ဒေါ်လှလှကြည်)တို့၏သား၊ သန်လျင်မြို့နေ (ဦးခင်မောင်-ဒေါ်နန်းခင်)တို့၏သားသမက်၊ ဒေါ်ဥမ္မာညွှန့်၏ခင်ပွန်း၊ ဗိုလ်မှူးဇော်သက်လင်း-ဒေါ်ဖြိုးပပလင်း(ထ-၃၊ မင်္ဂလာဒုံ)၊ ဗိုလ်မှူးသန်းထက်အောင်-ဒေါ်ခိုင်ဆုမွန်(EON Co.,Ltd.)၊ ဦးသိဏ်းစိုး(Myanmar Heritage)၊ မဆွိသန်းထွန်း(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မမေသူသူဇင်၏အဘိုးသည် ၅-၃-၂၀၁၈ရက် ည ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးသိန်းထိုက်ဝင်း (ရေနံချောင်း)
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဘော်စင်လမ်း၊ တံတားဝန်း၊ အမှတ် ၅၄နေ (ဦးလှမောင်)-ဒေါ်ဝင်းဝင်းတို့၏သား၊ (ဦးဇော်ဝင်းမောင်)-ဒေါ်ခင်မာလွင်၊ (ဦးကျော်ဝင်းမောင်)၊ ဒေါ်ခင်ဝင်းနွယ်၊ ဦးနေဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးလှဝင်းမောင်)၊ ဦးစိုးမင်းဝင်း-(ဒေါ်တင်တင်ဦး)တို့၏ညီ/မောင်၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၅-၃-၂၀၁၈ရက် နံနက် ၄နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# (၁၉) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးဖွင့်ပွဲကျင်းပ

## အာဆီယံဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် အသိုက်အဝန်းထူထောင်မှုကို မြှင့်တင်ရန်လို




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် မတ် ၆**

(၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေး (19th- ASEAN – COCI Subcommittee on Information Meeting) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အာဆီယံသီချင်းဖြင့် စတင်ဖွင့်လှစ်သည်။

**ဝမ်းမြောက်ဂုဏ်ယူ**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ယနေ့တွင် အာဆီယံဒေသတွင်း ဆက်သွယ်ရေး စီမံကိန်းများ၊ အာဆီယံ အသိအမြင်များ၊ မြှင့်တင်ခြင်းစီမံကိန်းများနှင့် အာဆီယံနှင့် အာဆီယံဒေသပြင်ပ မိတ်ဖက်နိုင်ငံများအကြား နားလည်မှုများ၏ အယူအဆများ ပြန်လည်သုံးသပ်စဉ်းစားကြရန် အာဆီယံ ကိုယ်စားလှယ်များ စုဝေးကြသည့် အရေးအကြီးဆုံး အစည်းအဝေးများထဲမှ တစ်ခုဖြစ်သော 19th SCI Meeting ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရသည့်အတွက် မြန်မာနိုင်ငံ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနအတွက် ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ◆

# MFF Futsal Open Cup 2018 ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Futsal Open Cup 2018 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်အားကစားနည်း တိုးတက်ဖွံ့ဖြိုးရန်နှင့် ဖူဆယ်ကစားသမားများ ထွက်ပေါ်လာစေရန် ယခုပြိုင်ပွဲအား ကျင်းပပေးခြင်းဖြစ်ပြီး ပရော်ဖက်ရှင်နယ် ကလပ်အသင်းများအပြင် အပျော်တမ်း

စာမျက်နှာ ၈ ကော်လံ ၁ ❁



MFF Futsal Open Cup 2018 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ ဓာတ်ပုံ-စိုးညွန့်

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ် မောင်တောဒေသမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ တောင်ပြိုလက်ဝဲ စိစစ်ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရ စိစစ်ပြန်လည်လက်ခံရေးစခန်းနှင့် ယာယီနေထိုင်မည့် လှဖိုးခေါင်ကြားစခန်းတို့ ဖွင့်လှစ်ပြီး ပြန်လည်လက်ခံရေး ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီချက်အတိုင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ပြန်လည်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

နှစ်နိုင်ငံပြန်လည်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့ဝင်များ ပထမအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး Physical Arrangement For Repatriation of Displaced Myanmar Residents Form Bangladesh ကို လက်မှတ်ရေးထိုးခဲ့သည်။

ပထမအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုသူများ ဖြည့်သွင်းရမည့်ပုံစံကို နှစ်ဖက်အကျေအလည် ဆွေးနွေးခဲ့ကြသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ရက်မှ ၁၇ရက်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ۞


(၁၉) ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး ဆောင်းပါး စာ » ၁၀

နျူကလီးယားစာချုပ်ကို ကာကွယ်ရေးအကူအညီပေးရန် ဥရောပအား အီရန်တိုက်တွန်း စာ » ၁၄

GREEN, GRAND, CARE FOR THE PEOPLE
GRAND HANTHA INTERNATIONAL HOSPITAL

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင်
ဗီယက်နမ်နိုင်ငံမှ မွေးရာပါနှလုံးရောဂါ အထူးကုဆရာဝန်ကြီး
Dr. Do Nguyen Tin
သည် (၁၇.၃.၂၀၁၈) ရက်နေ့ နှင့် (၁၈.၃.၂၀၁၈)နေ့များတွင် ကလေးနှင့်လူကြီးမွေးရာပါ နှလုံးရောဂါများကို ခွဲစိတ်ရန်မလိုဘဲ ကုသရန်အတွက် တိုင်ပင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂

# စီးပွားရေးအဖုံဖုံ မြို့ပြရန်ကုန်




သတင်းဆောင်းပါး-ဝေယံဦး၊ ဓာတ်ပုံ-ကေဇင်

မကြာမီရက်ပိုင်းက ကုမ္ပဏီတစ်ခုက စတီးထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်ဖို့ ရန်ကုန်သီလဝါအထူးစီးပွားရေးဇုန်မှာ အမေရိကန်ဒေါ်လာ ၈၅ သန်း ရင်းနှီးမြှုပ်နှံမယ့် စက်ရုံတစ်ရုံ တည်ဆောက်မယ်ဆိုတဲ့သတင်းတွေထွက်ပေါ်လာပါတယ်။ ပင်လယ်ရေကြောင်း ထွက်ပေါက်ရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာတော့ ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ အများအပြား လာရောက်ရင်းနှီးမြှုပ်နှံလာတာမို့ ရန်ကုန်တိုင်းဒေသကြီးဟာ မြန်မာနိုင်ငံမှာတော့ ရင်းနှီး မြှုပ်နှံမှု အများ ဆုံး အဖြစ် ရပ်တည် နေပါတယ်။







နိုင်ငံတကာ အဆင့်မီ စီးပွားရေးမြို့တော်တစ်ခုအဖြစ် အလျင်အမြန် တိုးတက်ဖို့ အရှိန်ယူနေပြီဖြစ်တဲ့ ရန်ကုန်မြို့တော်ဟာ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံမှုကိုကြည့်ရင် မြန်မာတစ်နိုင်ငံလုံးရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

ရန်ကုန်မြို့မှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းတွေအပြင် စက်မှုဇုန်တွေမှာလည်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလာရောက်လုပ်ကိုင်မှုတွေရှိနေတာမို့ လုပ်ငန်းကဏ္ဍအသီးသီးမှာ ပြည်တွင်းပြည်ပ စီးပွားရေးကုမ္ပဏီတွေအတွက် မျက်စိကျစရာ ဖြစ်စေပါတယ်။

ဒါကြောင့်မို့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်နဲ့ ရွှေပြည်သာစက်မှုဇုန်တွေမှာရှိနေသေးတဲ့ စက်မှုမြေကွက်တွေကိုပြည်ပက စီးပွားရေးလုပ်ငန်းရှင်တွေ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်အောင် ခေါ်ယူထားပြီဖြစ်ပါတယ်။

အခုဆိုရင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်အချို့က ရန်ကုန်မြို့မှာ ဟိုတယ်၊ စက်မှုဇုန်နဲ့ အခြားစီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ကြဖို့ စိတ်ဝင်စားမှုတွေ၊ အဆိုပြုလွှာတွေလည်း တင်ထားကြတယ်လို့ သိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန်ပေါင်း ၂၉ ခုရှိနေတာဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ကြီးတွေမှာတော့ အများဆုံးပါပဲ။

အဲဒီလိုစက်မှုဇုန်တွေ၊ ဟိုတယ်လုပ်ငန်းတွေနဲ့ အခြားစီးပွားရေးလုပ်ငန်းတွေအပါအဝင် ငွေကြေးလုပ်ငန်းတွေမှာပါ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်နေကြတဲ့ ရန်ကုန်မြို့ဟာ နိုင်ငံတကာလေကြောင်း၊ ရေကြောင်းနဲ့ အခုဆိုရင် ကုန်းလမ်းခရီးတွေပါ ချိတ်ဆက်သွားလာနိုင်နေတာမို့ စီးပွားရေးလုပ်ငန်းတွေ ပွင့်လင်းလာပြီး ကွန်ရက်သဖွယ် ဆုံမှတ်သဖွယ်ဖြစ်လာတဲ့ မြို့ကြီးတစ်မြို့အသွင် ရောက်ရှိလာပါတယ်။

**စက်မှုမြေကွက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန်တွေကို ပြီးခဲ့တဲ့ နှစ်နှစ်ကျော်ကာက စာရင်းကောက်ယူခဲ့ရာမှာ လုပ်ငန်းအကောင်အထည်ဖော်မှု လုံးဝမရှိတဲ့ စက်မှုမြေကွက်ပေါင်း ၂၃၃၉ ကွက်ရှိပြီး ဧကအနေနဲ့ ၄၄၁၈ ဧက ရှိနေတယ်လို့ သိရပါတယ်။ အဲဒီစက်မှုမြေကွက်တွေထဲမှာ ဂိုဒေါင်တည်ဆောက်ထားတာ ဂိုဒေါင်ပေါင်း ၁၂၉၉ လုံးရှိတယ်လို့ဆိုပါတယ်။

ရန်ကုန်မြို့ကို နိုင်ငံတကာအဆင့်မီ စီးပွားရေးမြို့တော်အဖြစ် ပီပီပြင်ပြင် အကောင်အထည်ဖော်နေတာမို့ စီမံမှုကော်မတီတွေ၊ စည်းကမ်းဥပဒေ ချမှတ်မှုတွေ ပြုလုပ်နေပေမယ့် လိုက်နာမှု အားနည်းနေဆဲပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့်မီ စီးပွားရေးမြို့တော်အသွင်ကို ပြောင်းလဲမယ်ဆိုရင် သဘာဝပတ်ဝန်းကျင် မထိခိုက်မပျက်စီးအောင်နဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေစည်းကမ်းနဲ့အညီ စီးပွားရေးလုပ်ငန်းရှင်တွေက လိုက်နာအကောင်အထည်ဖော်အောင် စည်းရုံးကြိုးစားဖို့လည်း လိုအပ်နေပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ စက်မှုကဏ္ဍနဲ့

**အချပ်ပို(ဃ)သို့**

# ရန်ကုန်နွေအပူကို အန်တုဖို့ သီးနှံလေးတွေ ရွေးရအောင်



သတင်း-ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

**ယ ခုသီတင်းပတ်ရဲ့ ယနေ့ရန်ကုန်စာမျက်နှာမှာတော့ ရန်ကုန်သူ ရန်ကုန်သားတို့အကြိုက် သစ်သီးဝလံအကြောင်းများကို တင်ဆက်ပေးသွားပါ့မယ်။ အစားအသောက်ပေါများလှတဲ့ မြို့တော်ရန်ကုန်မှာ အလွယ်တကူဈေးသက်သက်သာသာနဲ့ ဝယ်ယူစားသောက်လို့ရတဲ့ ရေငတ်ပြေအသီးအနှံလေးတွေဟာ နေရာတကာမှာ ဝယ်ယူရရှိနိုင်ပါတယ်။ အပူရှိန်မြင့်မားလာလျက်ရှိတဲ့ မြို့တော်ရန်ကုန်မှာ မြို့သူမြို့သားတို့အနေနဲ့ သွားလာရင်းနဲ့ပဲဖြစ်ဖြစ်၊ အိမ်မှာနေရင်းနဲ့ပဲဖြစ်ဖြစ် ရေငတ်ပြေ၊ အဆာပြေ သန့်သန့်ရှင်းရှင်းလတ်လတ်ဆတ်ဆတ် ဝယ်ယူစားသောက်လို့ကောင်းမယ့် အသီးအနှံလေးများအကြောင်း သွားရောက်မေးမြန်းထားခဲ့ရာမှာတော့-**

သီရိမင်္ဂလာဈေးအတွင်းမှ ဖရဲသီးရောင်းချသူတစ်ဦးဖြစ်သည့် ကိုနေကိုလင်းက "ဖရဲသီးက အနီရယ်၊ အဝါရယ်၊ ဂျက်စီရယ်ဆိုပြီး သုံးမျိုးလာပါတယ်၊ အရသာအနေနဲ့က ကွာပါတယ်၊ အနီရယ်၊ ဂျက်စီရယ်ကပိုချိုတယ်။ အဝါသီးက သိပ်မချိုဘူး၊ ကျွန်တော်တို့ ယူရောင်းတာကတော့ မန္တလေးတိုင်းဒေသကြီးထဲကပါ။ ဈေးအနေနဲ့က ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၃၀၀၀ ဆိုပြီး ရှိပါတယ်၊ ဂျက်စီကတော့ ပိုချိုတော့ အရောင်းသွက်ပါတယ်၊ နောက်တစ်ခုကသခွားပေါ့၊ သူလည်းအရောင်းအဝယ်သွက်ပါတယ်"ဟု ဆိုသည်။

နာနတ်သီးရောင်းဝယ်သူတစ်ဦးဖြစ်သည့် ကိုနိုင်ကြီးက "ဒီနာနတ်သီးတွေက သီပေါဘက်ကပါ၊ အမျိုးအစားအနေနဲ့က သီပေါနာနတ်၊ ဗမာနာနတ်ဆိုပြီး ရှိပါတယ်၊ အရသာအနေနဲ့က ဒီအချိန်မှာတော့ ချိုချဉ်ပေါ့၊ သူက မိုးတွင်းဘက်မှ ချိုတာလေ။ ဈေးအနေနဲ့က ငွေကျပ် ၃၀၀-၄၀၀ ကနေ ၈၀၀-၁၀၀၀ အထိ အစားစားရှိပါတယ်"ဟု ရှင်းပြသည်။

နှင်းသီးများ အရောင်းအဝယ်ပြုလုပ်နေသည့် မမိုးမိုးငြိမ်းက "ဒီနှင်းသီးတွေက ဖျာပုံကျိုက်လတ်မှာရှိတဲ့ ရွာတွေဘက်က ထွက်တာပါ၊ ရန်ကုန်ဘက်မှာတော့ ဒီအတိုင်းပဲ စားကြတယ်။ တချို့ဆိုရင်တော့ ယိုတွေဘာတွေ ထိုးစားတာရှိတယ်။ ရာသီအနေနဲ့က ဇန်နဝါရီလကုန်လောက်ကစတာ၊ ဧပြီ မေလောက်မှ ပြတ်တာ၊ အလုံးအနေနဲ့က အလုံးသေးဆိုရင် ငွေကျပ် ၁၀၊ နည်းနည်းကြီးရင် ၁၅၊ ပေါ်ခါစက တစ်ခြင်းကို ၇၀၀၀-၈၀၀၀ လောက်ရှိတယ်လေ။ အခုပေါ်တဲ့ အချိန်မှာတော့ တစ်ခြင်းကို ၅၀၀၀ ပေါ့၊ နောက်ပိုင်း ရှားသွားရင်လည်း ၇၀၀၀-၈၀၀၀ ပြန်ဖြစ်သွားရော၊ ဧရာဝတီတိုင်းဒေသကြီးမှာတော့ စီးပွားဖြစ်စိုက်ကြတာပဲ၊ ကျန်တဲ့နေရာကထွက်တဲ့ အလုံးကသေးတယ်၊ ဒီမှာက ပြန်ရောင်းတဲ့သူတွေရော ကိုယ်စားဖို့အတွက်ပါ လာဝယ်တဲ့သူတော်တော်များတယ်၊ နှလုံးသမားတွေ ဘာတွေအတွက်လည်း ကောင်းတယ်လေ၊ သူနဲ့ ဓာတ်မတည့်တာလည်း ဘာမှမရှိဘူး၊ ဆေးဖြစ်ဝါးဖြစ် စားကြတာများတယ်၊ ဖျော်ရည်လုပ်သောက်တာတော့ နည်းတယ်၊ ဆီးသီးအစား ပန်းသီးအစား ဒီဥစ္စာကို စားကြတာများလာတယ်။ ပန်းသီးအစား ဒီနှင်းပန်းသီးကို စားကြတာများတယ်"ဟု ပြောသည်။









အောင်မိသားစုသစ်သီးရောင်းဝယ်ရေးမှ ကိုဌေးအောင်က "ကျွန်တော်တို့ အဓိက ရောင်းတာတော့ ပျားလိမ္မော်၊ ပန်းသီး၊ စပျစ်သီး၊ ပန်းသစ်တော် အဲ့ဒါတွေရောင်းတာပါ၊ အခုအချိန်မှာက သူ့ရာသီပေါ်ကုန်နဲ့ဆိုတော့ ပျားလိမ္မော်က ရောင်းအားအသွက်ဆုံးပေါ့၊ ပန်းသီးဆိုရင်လည်း ရာသီပေါ် သီးနှံအနေနဲ့ အလိုက်အထိုက် ရောင်းရတာပေါ့၊ လူကြီးလူငယ်မရွေး အားလုံးကြိုက်ကြတဲ့ အသီးအနှံပေါ့၊ ထွက်တာကတော့ တရုတ်ပြည်က အဓိကလာတာ များတယ်၊ မူဆယ်လာတယ်၊ ရှမ်းပြည်ဘက်က လာတယ်၊ စပျစ်သီးဆိုရင် ထိုင်းက လာတယ်၊ တရုတ်ပြည်က လာတာရှိတယ်၊ အရသာချင်းတော့ ကွာတယ်၊ ထိုင်းကလာတဲ့အသီးက လူကြိုက်များတယ်၊ ဈေးနှုန်းမြင့်တယ်၊ ကျွန်တော်တို့ဆီက အသီးကကျတော့ အလုံးသေးတယ်၊ အရသာချဉ်တယ်၊ လူကြီးတွေကတော့ အကြိုက်များတယ်၊ လူငယ်နဲ့လူလတ်ပိုင်းတွေကျတော့ ယိုးဒယားနဲ့ တရုတ်ပြည်ကလာတာကို စားကြတာများတယ်၊ ထိုင်းသီးကတော့ အဝယ်များတာပေါ့၊ ပူပြင်းတဲ့ရာသီမှာ တော့ ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီးတွေကတော့ ရောင်းအားသွက်လာပါတယ်"ဟု ဆိုသည်။

စတော်ဘယ်ရီသီး ရောင်းဝယ်သူတစ်ဦးဖြစ်သည့် မစိုင်းရာက "ကျွန်မရောင်းတာကတော့ ပြင်ဦးလွင် စတော်ဘယ်ရီပါ၊ ၁၁ လပိုင်းဖြစ်တဲ့ နိုဝင်ဘာလလောက်က စထွက်တာပါ၊ မေလ၊ ဇွန်လလောက်အထိ သူ့ရာသီပေါ့၊ ရာသီဥတုကောင်းတယ်ဆိုရင် ဇူလိုင်လလောက်အထိလည်း လာတယ်၊ ရာသီဥတုမကောင်းရင်တော့ မေလကုန်လောက်မှာ တုံးသွားတယ်၊ ဒီနှစ်မှာ ဂျပန်မျိုးလည်း စပေါက်တယ်။ အရသာချင်းကကွာတယ်၊ စားရတာကျတော့ ဂျပန်မျိုးက

အချပ်ပို(ဃ)သို့

# တက္ကသိုလ်ဝင်စာမေးပွဲကာလ ရန်ကုန်မြို့နယ်အတွင်း ဆူညံသံကင်း၍ စိတ်အေးချမ်းစွာ စာမေးပွဲဖြေဆိုစေလို

သတင်း-သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ- သန်းစိုး

မြန်မာပြည်၏ လူဦးရေအများဆုံးနေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း မြို့ပြသို့ပြောင်းရွှေ့နေထိုင်မှု နှစ်စဉ်တိုးတက်များပြားလာမှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသာမက ရန်ကုန်မြို့တွင်း၌ပင် လူဦးရေထူထပ်သိပ်သည်းလာမှုကို တစ်နှစ်ထက်တစ်နှစ် ကြုံတွေ့နေလျက်ရှိသည်။ မြို့ပြယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှုထက် ကျော်လွန်၍ နေထိုင်မှုကြောင့် မြို့ပြ၏ကျန်းမာရေး၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတို့ ကြုံတွေ့လာရသည့်အပြင် လူမှုပြဿနာ အခက်အခဲများလည်း ကြုံတွေ့လာရလျက်ရှိသည်။ ထိုသို့ကြုံတွေ့နေရမှုများတွင် ရန်ကုန်မြို့ပြနှင့် မြို့နယ်အတွင်းရှိ ပြည်သူများ နေ့စဉ်ကြုံတွေ့နေရသော အခက်အခဲတစ်ခုမှာ အသံပိုင်းဆိုင်ရာ ဆူညံမှုပင်ဖြစ်သည်။ ထိုအသံပိုင်းဆိုင်ရာ ဆူညံသံများကြောင့် ပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ကြုံတွေ့လာရဖွယ်ရှိနေပါသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို မတ် ၇ ရက်မှစ၍ ဖြေဆိုပြီဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝလှေကားတက်လှမ်းနိုင်ရန် အစွမ်းကုန်ကြိုးစားနေသော အချိန်ကာလပင်ဖြစ်သည်။ ထို့ကြောင့် ဖြေဆိုနေစဉ်ကာလအတွင်း တက္ကသိုလ်ဝင်တန်းကျောင်းသားတို့အတွက် စိတ်အေးချမ်းသာစွာ ကျက်မှတ်နိုင်ရန် အထူးပင်လိုအပ်လှပါသည်။ ထိုသို့ကျက်မှတ်နိုင်ရန် ပတ်ဝန်းကျင်ဆူညံမှုကင်းခြင်းနှင့် လျှပ်စစ်မီးကောင်းစွာ ရရှိခြင်းသည် ကျောင်းသားအားလုံး တောင့်တနေသော ဆန္ဒပင်ဖြစ်ပေမည်။ လူဦးရေထူထပ်သော ရန်ကုန်မြို့ပြတွင် လျှပ်စစ်မီးမပြတ်သော မြို့နယ်များရှိနိုင်သကဲ့သို့ လျှပ်စစ်မီးပြတ်နေသော မြို့နယ်များလည်းရှိနေသည်။ ထို့အတူ နေ့စဉ် အသံပိုင်းဆိုင်ရာ ဆူညံမှုကိုလည်း ကြုံတွေ့နေရလျက်ရှိသည်။ အထူးသဖြင့် ရွှေပြည်သာ၊ လှိုင်သာယာနှင့် အင်းစိန်မြို့နယ်တို့တွင် ကျောင်းသားများအတွက် အသံဆူညံမှုကင်းရန်နှင့် လျှပ်စစ်မီးမပြတ်ရန် လိုအပ်နေလျက်ရှိသည်။ ဤသို့သော စာမေးပွဲကာလတွင် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကာရာအိုကေဆိုင်၊ ဘီယာဆိုင်၊ စင်တင်ဆိုင်နှင့်ရပ်ကွက်အတွင်း မည်သည့်ဆူညံမှုကိုမဆို အသံဆူညံမှုမပြုလုပ်ကြရန် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့မှ ညပိုင်းတွင် လှည့်လည်ကြေညာထားပြီဖြစ်ပြီး တစ်ရက်ခြား အသိပေးနှိုးဆော်ရန်လည်း လိုအပ်မည်ဖြစ်သည်။

နံနက်မိုးသောက်သည်နှင့် ရပ်ကွက်အတွင်း လက်ကိုင်လော်စပီကာကိုကိုင်၍ ဖုန်းဟောင်းဝယ်သူ၊ တွန်းလှည်းဈေးသည်အမျိုးမျိုး၊ အသံချဲ့စက်ဖြင့် အလှူခံအမျိုးမျိုးတို့ကြောင့် စာကျက်ရာတွင် စိတ်အနှောင့်အယှက်ဖြစ်ကြရသည့်အပြင် လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ အရက်ဆိုင်၊ အဆောင်များနှင့် နီးကပ်သော စာမေးပွဲဖြေဆိုမည့်အိမ်များမှာ ဆူညံသံတို့ကြောင့် စာဖြေမည့် ကျောင်းသား ကျောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်စေမည်မှာ အမှန်ပင်ဖြစ်သည်။ လှိုင်သာယာအမှတ်(၇)ရပ်ကွက်ရှိ ဗညားဒလလမ်းပေါ်မှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသူတစ်ဦး၏ မိခင်က ခြေရင်းရှိအဆောင်မှ ညစဉ်ကာရာအိုကေသီဆိုရင်း၊ သီချင်းသံကျယ်လောင်စွာဖွင့်ခြင်းကြောင့် ကလေးစာကျက်ရာတွင် အခက်အခဲဖြစ်နေသည်မှာကြာပြီဖြစ်ကြောင်းဆိုပါသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အကူအညီမတောင်းဘူးလားဟုမေးရာ သူတို့လည်း နှစ်ကြိမ်ထက်ပိုပြီး လာမပြောနိုင်ဘူး။ ပြဿနာမဖြစ်အောင် ဒီလိုပဲကြိတ်မှိတ်ခံရတာပေါ့ဟု ဆိုပါသည်။ မတ် ၂ ရက်ညက ထိုရပ်ကွက်တွင် အရက်ဆိုင်၊ ဘီယာဆိုင်နှင့် လမ်းအတွင်း အသံဆူညံခြင်းမပြုလုပ်ရန် ကြေညာထားပြီးဖြစ်သည်။ ယမန်နှစ်ကလည်း ကြေညာသည်။ ညပိုင်း ကာရာအိုကေသံတို့ ညံလျက်ရှိခဲ့သည်။သက်ကြီးရွယ်အိုများမခံသာဘဲ ကျောင်းသားများ စာကျက်မရအောင် သီချင်းသံများ ကျယ်လောင်စွာဖွင့်သောအခါ လာရောက်တိုင်ကြားခြင်းကို စောင့်ဆိုင်းနေခြင်းထက် အုပ်ချုပ်ရေးမှူးက စာမေးပွဲကာလအတွင်း ရပ်ကွက်အတွင်း လှည့်လည်ကြည့်ရှု တားဆီးပေးခြင်းဖြင့် လူမှုပြဿနာများနှင့် မှုခင်းဖြစ်ပွားမှုကို ကြိုတင်ကာကွယ်တားဆီးနိုင်ပေမည်ဖြစ်သည်။



စာမေးပွဲကာလတွင် ရပ်ကွက်၊ ကျေးရွာအတွင်း အသံချဲ့စက်အသုံးပြု၍ အလှူခံခြင်းနှင့် အသံချဲ့စက်ဖြင့် အော်ဟစ်ဈေးရောင်းခြင်းကို ခေတ္တတားဆီးထားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုရက်ပိုင်းအတွင်း ကားနှင့်ဖြစ်စေ၊ ဆိုက်ကားဖြင့်ဖြစ်စေ အသံချဲ့စက်ဖြင့် အသံဆူညံနေသောကြောင့်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မည်သည့်မြို့နယ်တွင်ဖြစ်စေ တက္ကသိုလ်ဝင်စာမေးပွဲကာလတွင် အသံဆူညံမှုကို ထိရောက်စွာကာကွယ်ပေးခြင်းဖြင့် ကျောင်းသားတစ်ယောက်၏ အခွင့်အရေးနှင့်ဂုဏ်ကို ကာကွယ်စောင့်ရှောက်

အချပ်ပို(ဂ)သို့

# နှစ်ပေါင်း ၁၀၀ ကျော် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်



တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-တင်မောင်ဦး(အလုံ)

**ရှေး မြန်မာလူမျိုးတို့၏ ကုသိုလ်ကောင်းမှုကြောင့် နိုင်ငံအနှံ့ တောင်ကုန်း၊ တောင်မြင့်များပေါ်၌ ဘုရားစေတီ ပုထိုးများကို ဖူးမြော်နိုင်သကဲ့သို့ ရေလယ်ကျွန်းများပေါ်၌ တည်ခဲ့သော စေတီ၊ ဘုရားများကို ကျွန်ုပ်တို့ ယနေ့တိုင် ဖူးတွေ့ကြည်ညိုခွင့်ရခဲ့ကြလေသည်။**

### သမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီတော်

ရေလယ်ကျွန်းများပေါ်တွင် ထူးဆန်းအံ့သြဖွယ် တည်ခဲ့သော စေတီတော်များအနက် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် တည်ထားပေးခဲ့သော ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်မှာ ရှေးမွန်ဘုရင်များက ဦးစွာတည်ခဲ့ကြသည့် ခုနှစ်ကိုဖယ်ထားပြီး ပြန်လည်မွမ်းမံတည်ခဲ့သော ခုနှစ်ကပင် နှစ်သက်တမ်း ၁၀၀ ကျော်ခဲ့ပြီကို မှတ်တမ်းများအရ လေ့လာတွေ့ရှိခဲ့ရသည်။

ကျိုက်မှော်ဝန်းစေတီတော်မြတ်ကြီးကို လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ ကျော်ကာလ မွန်ဘုရင် "ဘောဂသေနမင်း" အမည်နာမရှိသော ပါဒမင်းမှစတင်၍ မင်းဆက်ခုနစ်ဆက်မြောက်ဖြစ်သည့် "ဇေယျသေနမင်း" လက်ထက် သာသနာတော်နှစ် ၈၄ ခုနှစ်တွင် မှော်ဝန်းမြစ်ရေလယ်ရှိ ကျွန်းပေါ်၌ စတင် တည်ထားမှုရှိခဲ့ကြောင်း ပြည်တော်သာ ဦးထွန်းရီ၏ "ပါဒ နိုင်ငံတော်ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များသမိုင်း" မှတ်တမ်းအရ သိရသည်။

တစ်ဖန် စေတီတော်မှတ်တမ်းစာအုပ်ငယ်တစ်ခုတွင် ကောဇာသက္ကရာဇ် ၁၂၇၁ (၁၉၁၀)ပြည့်နှစ်တွင် ရှေ့နေဦးဘထွန်း၏ ဇနီးဖြစ်သူ ဒေါ်ဒေါ်သက်က အိပ်မက်အရ ကျိုက်မှော်ဝန်း ချောင်းရေလယ်တွင်ရှိသော ကုန်းမြေပေါ်သို့ ရောက်ရှိပြီး ဉာဏ်တော်အမြင့် ခုနစ်တောင်ခန့်ရှိသော စေတီပျက်တစ်ဆူကို ဖူးတွေ့ခဲ့ရသည်ဟု ဆိုထားသည်။ ပြုရခဲသော ကုသိုလ်ကောင်းမှုတစ်ခုအဖြစ် မှတ်ယူ၍ စေတီပျက်ကိုငုံကာ ဉာဏ်တော် ၃၄ တောင်၊ မုခ်လေးဆင့်ပါသော စေတီကို ပြန်လည်တည်ခဲ့သည်ဟု ဆိုထားသည်။ စေတီ၏ဘွဲ့တော်ကိုလည်း မွန်ဘာသာ "ကျိုက်ကမျှောကဋ္ဌော" မှ "ကျိုက်မှော်ဝန်းရေလယ်စေတီတော်" အဖြစ် ဘွဲ့အမည်တော်ဖြင့် ပူဇော်ကြည်ညိုခဲ့ကြသည်ဟု ဆိုထားသည်။

### ဗုဒ္ဓပူဇနိယပွဲတော်

ယနေ့ဖူးတွေ့နေရသော စေတီတော်မှာ ခေတ်အဆက်ဆက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့လူကြီးများ၏ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မှုတို့ကြောင့် သပ္ပာယ်ကြည်ညိုဖွယ်အဖြစ် တင့်တယ်လျက်ရှိနေသည်ကို တွေ့ရသည်။

ယခုအခါ သက္ကရာဇ် ၁၂၇၁ ခုနှစ်ဖြင့် ချိန်ထိုးတွက်ချင့်ကြည့်ပါက ၁၀၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ထို့အတူ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်း အကြိမ်အရေအတွက်ကိုလည်း ၁၀၈ ကြိမ်မြောက်ဟု ဖော်ပြထားရာ ပွဲတော်ကို စေတီတော်ပြန်လည်တည်ခဲ့ခြင်းနှစ်မှ ယနေ့တိုင် နှစ်စဉ်ကျင်းပလာခဲ့သည်ဟု မှတ်ယူရမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ အသက် ၈၁ နှစ်ရှိပြီဖြစ်သော စေတီတော်ဂေါပကအဖွဲ့ဝင်(စာရင်းစစ်)



တစ်ဦးလည်းဖြစ်၊ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ တစ်ဦးလည်းဖြစ်သည့် အဘဦးစိုးဝင်းအား စေ့ငုခဲ့သည်။

ဆရာဦးစိုးဝင်းက "ကျွန်တော်တို့ ဒီကျောက်တန်းစေတီဘုရားပွဲက ရန်ကုန်မြို့နဲ့ ဆက်စပ်နေပေမယ့် ကျေးလက်ဆန်ပါတယ်၊ မြန်မာ့ဓလေ့စရိုက် အငွေ့အသက်တွေက ယနေ့တိုင်ရှင်သန်နေဆဲပါပဲ၊ ဒါကြောင့် ဗုဒ္ဓပူဇနိယပွဲတော်ဆို အနီးအနားဝန်းကျင်ကျေးရွာတွေက ညအိပ်ပွဲကြည့်လာလေ့ရှိကြပါတယ်၊ နောက် ရေလယ်မှာထူးခြားစွာတည်ရှိနေတဲ့အတွက် ဘုရားပွဲရာသီဆို အမြို့မြို့ အနယ်နယ်က ဘုရားဖူးတွေပိုလာလေ့ရှိပါတယ်၊ ဘုရားဖူးသူတွေ အလွန်များပေမယ့် ရေလမ်းခရီးက ဘယ်တော့မှ အန္တရာယ်မဖြစ်စေခဲ့ပါဘူး၊ ပွဲတော်ကို တပေါင်းလဆန်း ၇ ရက်ကနေ လပြည့်နေ့အထိ နှစ်စဉ်ကျင်းပလာခဲ့တာဖြစ်ပါတယ်" ဟု နိဒါန်းစခဲ့သည်။

### နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများ

ဗုဒ္ဓပူဇနိယပွဲတော် ဖြစ်သည်နှင့်အညီ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို တပေါင်းလဆန်း ၇ ရက်မှ ၉ ရက်အထိ သုံးညတိုင်တိုင် ကျင်းပသကဲ့သို့ တပေါင်းလဆန်း ၁၀ ရက်မှသည် တပေါင်းလပြည့်နေ့အထိ အဘိဓမ္မာမဟာပဋ္ဌာန်းမြတ် ခုနစ်ကျမ်းကိုလည်း မြို့ပေါ်လှည့်လည်ရွတ်ဆိုခြင်းမဟုတ်ဘဲ မြို့ပေါ်လွှမ်းခြုံစေခဲ့သည်။

ထို့အတူ တပေါင်းလပြည့်အရုဏ်၌ စေတီတော်ကြီးနှင့် ဘုရားအဆူတို့အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် တင်လှူပူဇော်ခဲ့ကြပြီး မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ရှေးရှေးဘဝ၊ ယခု မျက်မှောက်ဘဝက လှူဒါန်းခဲ့သူအပေါင်းအား ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး သံဃာတော် ၁၈၈ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် သာသနာ့ဗိမာန်တော်ကြီးမှစတင်ကာ မြို့တွင်းလမ်းတစ်လျှောက် ဘုရားရှင်အား အမှူးထား၍ ပင့်သံဃာ ၁၈၈ ပါးတို့အား ဂေါပကအဖွဲ့က ဦးဆောင်လျက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်သူ မြို့နယ်သားများ စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူမှုမှာလည်း မျက်စိတဆုံးမက ကြည်ညိုဖွယ်ရာမြင်ကွင်းတစ်ရပ်အဖြစ် မြင်တွေ့ခဲ့ရသည်။

### ဓလေ့ထုံးတမ်းအစဉ်အလာ

ကျေးလက်ဆန်သော ဗုဒ္ဓပူဇနိယပွဲတော်နှင့်အညီ ပျော်ပွဲရွှင်ပွဲကြည့်ချင်ပွဲများကလည်း မပါမဖြစ် ထည့်သွင်းပေးရသည်။ ဓလေ့ထုံးတမ်းအစဉ်အလာတစ်ရပ်အဖြစ် ခိုင်မြဲလျက် ရှိနေသည်။

ဒေသထွက်ကုန် ပုစွန်ခြောက်၊ ငါးခြောက်တန်းတို့တွင်လည်း ဝယ်သူများဖြင့် စည်ကားနေသကဲ့သို့ မြန်မာပြည်အနှံ့လှည့်လည်ရောင်းချနေသည်။ တစ်ဆယ့်နှစ်ပွဲ ဈေးသည်များကလည်း ကျိုက်မှော်ဝန်းရေလယ်ဘုရားပွဲကို လက်လွှတ်မခံလာရောက်ရောင်းချမြဲဖြစ်သည်။ ထို့အတွက် ပွဲဈေးတန်းကြီးက တစ်မျှော်တစ်ခေါ်ငေး၍မဆုံး။

ကြည့်ချင်ပွဲများအဖြစ် တပေါင်းလဆန်း ၉ ရက်မှ လပြည့်နေ့ ညအထိ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ သဘင်မျိုးဆက်များဖြစ်ကြသည့် ရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း ဇာတ်အဖွဲ့၊ ရွှေမန်းသဘင်ချမ်းသာ ဇာတ်ရုံကြီးတို့တွင်လည်း များပြားစွာသော ပွဲကြိုက်မောင်မယ်များ၏ အားပေးမှုက ဇာတ်သဘင်လောကအတွက် အားဆေးများပင် ဖြစ်ခဲ့သည်။ ထိုဇာတ်ရုံကြီးနှင့်အပြိုင် ဆိုင်းချက်နှင့်အညီ ခြင်းမင်းသား၊ မင်းသမီးတို့၏ အလှုခတ် သရုပ်ပြခတ်ကစားမှုများက ခြင်းချစ်ပရိသတ်တို့၏ အကြိုက်ကိုတွေ့စေခဲ့သည်။

ညချမ်းအချိန်၌ တိမ်ကင်းစင်သော ကောင်းကင်ထက်မှ တပေါင်းလ၏ ပြည့်ဝသောလမင်းကြီးက စေတီတော်အားအေးမြသောအလင်းဓာတ်ဖြင့် ပူဇော်နေသကဲ့သို့ စေတီတော်ပတ်လည်၌ အရောင်အသွေးစုံလှသော LED မီးလုံးငယ်များအပြင် ဆီမီးအလင်းတိုင် ၂၀၀၀ ကျော်ဖြင့် ပူဇော်ထားသည်မှာ တိုးတက်လာမှုနှင့်အတူ မြန်မာ့ယဉ်ကျေးမှုတို့၏ "အား" ပြိုင်မှုကို တွေ့လာရသည်။

### ဆီမီးငါးထောင် ထွန်းညှိပူဇော်

ကျောက်တန်းသား ကျောက်တန်းသူတို့၏ ကုသိုလ်ထူးမှာ ရေလယ်တွင် ကိန်းဝပ်စံပျော်တော်မူနေသော စေတီတော်အား မြို့ဘက်ကမ်းဆီမှ ဆီမီးငါးထောင် ထွန်းညှိ၍ ရေမျှော ပူဇော်ကြခြင်းပင်ဖြစ်သည်။ တရွေ့ရွေ့မျောပါသွားသော ဆီမီးခွက်ငယ်များနှင့်အတူ ကုသိုလ်တရားတို့ဖြင့် စေတီတော်ကြီးဆီသို့ စီးမျောနေခြင်းပီတိက မည်ကဲ့သို့သော ခံစားချက်မျိုးနှင့်မျှမတူနိုင်ဟု ဆီမီးမျှောနေသော ကျောက်တန်းနယ်သူ ဒေါ်သူဇာမိုးက ဆိုခဲ့သည်။

ရိုးရာယဉ်ကျေးမှုများ တစ်စတစ်စ မှေးမှိန်လာသော ယနေ့ ကာလဝယ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာကို အလေးအနက်ထား၍ ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပပြုလုပ်နေသော ဘုရားပွဲ (ဗုဒ္ဓပူဇနိယပွဲတော်)များအဖြစ် ဆောင်ရွက်လျက်ရှိနေခြင်းမှာ ဂေါပကအဖွဲ့အဆက်ဆက်၏ ကြိုးပမ်းမှုများကြောင့်ပင်ဟု ဖော်ပြရေးသားလိုက်ရပါသည်။ ။

---

*အချုပ်ပို(ခ)မှ*

ပေးရာ ရောက်စေမည်ဖြစ်သည်။ ရန်ကုန်မြို့၏ လူဦးရေအများဆုံး မြို့နယ်တစ်ခုဖြစ်သော လှိုင်သာယာမြို့နယ်သည် မြန်မာပြည်တွင် တက္ကသိုလ်ဝင်တန်းအများဆုံးဖြေဆိုသော မြို့နယ်တစ်ခုဖြစ်သောကြောင့် အသံပိုင်းဆူညံမှုကို ယခင်နှစ် စာမေးပွဲကာလကဲ့သို့ ကျောင်းသားမိဘများ မကျေနပ်မှုများမဖြစ်ပေါ်စေရန် အထူးအလေးထား ဆောင်ရွက်စေချင်ပါသည်။ အုပ်ချုပ်ရေးပိုင်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် လူမှုပြဿနာများ ကင်းဝေးစေမည်ဖြစ်သည်။ အဆောင်နေထိုင်မှုများသော လှိုင်သာယာတွင် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးသည် နေ့စဉ်အရေးကြီးသော အခန်းကဏ္ဍတွင် တည်ရှိနေသောကြောင့် ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲကာလတွင် လှိုင်သာယာ၌ လျှပ်စစ်မီးနေ့စဉ်ပြတ်လျက်ရှိသည်။ ဇန်နဝါရီလပိုင်းမှစ၍ ခပ်စိပ်စိပ် လျှပ်စစ်မီးပြတ်ခဲ့ခြင်းဖြစ်သည်။ တစ်ကြိမ်ပြတ်လျှင် နှစ်နာရီမှ သုံးနာရီကျော်ထိပျက်လျက်ရှိသည်။ မည်သူ့မျှစက်မှုဇုန်လမ်းဆုံရှိ EPC ရုံးသို့ မတိုင်ကြားတော့ချေ။ နေ့စဉ် မီးပြတ်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် အမှတ် -၇ ရပ်ကွက်တွင် လူဦးရေ သုံးသောင်းကိုးထောင်မှာ သန်းခေါင်စာရင်းဖြင့် နေထိုင်လျက်ရှိပြီး အဆောင်နေထိုင်သူနှင့် ကျူးကျော်နေထိုင်သူဦးရေမှာ ခြောက်သောင်းကျော် နေထိုင်သောကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများသော ရပ်ကွက်လည်း ဖြစ်သည်။ ထို့ကြောင့် အသံဆူညံမှုကို အများဆုံးကြုံတွေ့နေရပြီး လျှပ်စစ်မီးပြတ်တောက်မှုကို ကြုံတွေ့နေရသော ရပ်ကွက်ဖြစ်သည်။

ရန်ကုန်မြို့တွင်းနှင့် မြို့နယ်တို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရန် ပတ်ဝန်းကျင်ဆူညံသံများ ကင်းဝေးစေလျက် အပူရှိန်မြင့်လာသောရာသီဥတုကို ကာကွယ်နိုင်ခြင်းဖြင့် အလင်းရောင်ကောင်းစွာ ရရှိစေရန် လိုအပ်ပါသည်။ သို့ဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ရန်ကုန်မြို့နယ်အတွင်း ဆူညံသံများကင်းဝေး၍ ကျောင်းသား၊ ကျောင်းသူများ စိတ်လက်အေးချမ်းစွာ စာမေးပွဲဖြေဆိုအောင်မြင်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။



*အချပ်ပို(ခ)မှ*

ပိုအိတယ်။ စားရတာလည်း အရသာပိုရှိတယ်။ ဈေးကျတော့လည်း အဲဒါက ပိုမြင့်တယ်၊ စင်ကာပူမျိုးဆိုပြီး တစ်မျိုးရှိသေးတယ်။ သူက အမာသီး၊ အကြွပ်သီးပေါ့။ နောက် ဗမာသီးရှိမယ်။ ဟိုတုန်းက မျိုးဟောင်းလေးတွေပေါ့ သေးသေးလေးတွေ။ အဲဒါကျ ဖျော်သောက်လို့ ကောင်းတယ်၊ ဆိုင်တွေမှာကျ အထားခံတဲ့အခါကျတော့ အမာသီး၊ အကြွပ်သီးကိုပဲ သုံးကြတယ်လေ၊ အိမ်မှာစားမယ်ဆိုရင်တော့ ဂျပန်သီးက အကောင်းဆုံးပေါ့၊ ဖျော်သောက်တာကျတော့ ဗမာသီးပေါ့၊ ဒါက သူ့ရဲ့ ရာသီပေါ်စဆိုတဲ့ အခါကျတော့ ရောင်းအား ကောင်းပါတယ်။ အခုကတော့ အသီးက အအေးခန်းတွေ ဘာတွေရှိတယ်ဆိုတဲ့အခါကျတော့ အအေးထဲမှာထားတဲ့အခါကျတော့ အခုဆိုရင် နှစ်နှစ်ရှိပြီ မိုးတွင်းလည်းရတယ်၊ မနှစ်က စစမ်းတယ်၊ အောင်မြင်တယ်၊ ဒီနှစ်ကိုလည်း အခဲတွေရတယ်။ အရင်နှစ်တွေ ကတော့ မိုးတွင်းဆိုရင် မရှိတော့ဘူး၊ အခုဆိုရင် မိုးတွင်းလည်း ရတယ်၊ ဒါပေမယ့် အခုလို လတ်လတ်ဆတ်ဆတ်တော့ မရဘူး၊ ခဲထားတဲ့အသီးပဲ ရမယ်၊ ဂျပန်အချိုသီးဆိုရင်တော့ တစ်ဘူးကို ငွေကျပ် ၂၅၀၀-၃၅၀၀ ရောင်းပါတယ်၊ အောင်ပန်းကလည်းထွက်ပေမယ့် ပြင်ဦးလွင်သီးလို အကြမ်းမခံတဲ့အတွက် ရန်ကုန်လို အဝေးတင်ဖို့အတွက်ကို သူတို့မအောင်မြင်ဘူး၊ ဒေသစားဖို့လောက်ပဲ အဆင်ပြေတယ်၊ ပြင်ဦးလွင်ထွက်တဲ့ အသီးကတော့ ထားဝယ်၊ မြိတ်၊ ဘိုကလေး၊ ဖျာပုံ၊ ရေကြည် စတဲ့ မြို့တော်တော်များများကို ရောက်တယ်" ဟု ရာသီစာသီးနှံရောင်းချသူအချို့က ဖြေကြားပေးခဲ့ကြသည်။

ရန်ကုန်သူ ရန်ကုန်သားတို့အနေဖြင့် ကျရောက်လာမည့် ပူပြင်းသောနွေရာသီတွင် ယင်နားစာကဲ့သို့ ကျန်းမာရေးကို ထိခိုက်နိုင်သောအစားအစာများကို ရှောင်ရှားရင်း တန်ဆေး လွန်ဘေးဟူသော စကားနှင့်အညီ ရာသီပေါ်သီးနှံ အစားအသောက်များကို ချင့်ချိန်စားသောက်ရင်း ပူပြင်းသောနွေရာသီကို ဖြတ်သန်းနိုင်ကြပါစေကြောင်း . . .



# သကြၤန်ကာလအထိ ဆွဲဆန့်ကာ လာဝယ်သူမျှော်နေတဲ့ ကားဈေးကွက်



**မင်းသော်**

**ဈေး** နှုန်းများတန့်နေပြီး အရောင်းအဝယ်မရှိသလောက်နည်းနေဆဲ ရန်ကုန်ကားလောက အသိုင်းအဝိုင်းအတွင်း သကြၤန်ကာလကုန်အထိ ကားဈေးကွက် အခြေအနေမှာ ဆက်လက်ငြိမ်သက်ဖွယ်ရှိနေသည်ဟု ခန့်မှန်းကြသည်။ ခရီးသွားရာသီလည်းဖြစ်ပြီး ဈေးနှုန်းများ၊ မူဝါဒများ မြင့်မား များပြားလွန်းလှသည်ဖြစ်ရာ ကားဝယ်ရောင်း အများစုသည်လည်း ဈေးကွက်အတွင်း ငြိမ်သက်နေကြပြီး ဝယ်သူအများစုမှာလည်း အမေးမရှိသလောက်ပင် နည်းပါးနေကြောင်း သိရသည်။

"ခရီးသွားရာသီလည်းဖြစ်တယ်၊ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်လည်းဖြစ်တယ်ဆိုတော့ ကားအရောင်းအဝယ်ဈေးကွက်မှာ ဝယ်သူမေးသူမရှိသလောက်ပါပဲ"ဟု ကားဝယ်ရောင်းလုပ်ကိုင်သည့် ကိုကျော်ဇေယျာဝင်းက ပြောသည်။ ခရီးသွားရာသီဖြစ်သည့်အပြင် ရာသီဥတုလည်း ကောင်းမွန်ပြီး ကျောင်းသား ကျောင်းသူများလည်း စိတ်လွတ်လပ်ပေါ့ပါးကြရသည့် ပိတ်ရက်ဖြစ်ခြင်းကြောင့် ခရီးသွားရန်ကောင်းမွန်သည့် ဖိုးဝိုးများ၊ အင်ဂျင်ပါဝါ အားကောင်းသည့် တစ်ပတ်ရစ် ဂျပန်ကားများ အရောင်းအဝယ်ဖြစ်မည်ဟု ဝယ်ရောင်းအချို့က ခန့်မှန်းကြသော်လည်း လက်ရှိတွင် ထင်သလောက် ရောင်းချနိုင်ခြင်းမရှိဟု သိရသည်။

ပြီး သကြၤန်ကာလအပြီးတွင် ပြောင်းလဲမည့် မူဝါဒကိုလည်း စောင့်ကြည့်နေခြင်းကြောင့် အရောင်းအဝယ်မှာ ပိုမိုအေးစက်နေရခြင်းဖြစ်ကြောင်း ကားလောကအသိုင်းအဝိုင်းမှ သိရသည်။ ယခုရက်ပိုင်းအတွင်း ရန်ကုန်လိုင်စင်ချပေးခြင်းအတွက် ကားပိုင်ရှင်များ စိတ်ဝင်စားမှုမြင့်တက်နေပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ်တွင် ဝင်ငွေခွန်ကို ပထမခြောက်လအတွင်း ပေးဆောင်ပါက ရာခိုင်နှုန်းအားဖြင့် သက်သာစွာ ပေးဆောင်နိုင်ကြမည်ဖြစ်သည်ဟု သတင်းများ ထွက်ပေါ်နေသည်ကိုလည်း ကြားရသည်။

"မူဝါဒကတော့ အမျိုးမျိုးကြားနေတာပဲ၊ ကြားသမျှလည်း ဖြစ်ဖြစ်လာတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိပါဘူး၊ သက်သာရင်လည်း ဆောင်ဆိုဆောင်ရမှာပေါ့၊ အဲဒီလို အခွန်ဆောင်လို့ရရင်တော့ ပိုင်ရှင်အမည်ပေါက်လိုချင်တဲ့ ရန်ကုန်သမားတွေ အခွန်သက်သာသွားမှာဖြစ်သလို အခွန်သက်သာတဲ့အတွက်လည်း ကားဈေးက မဖြစ်မနေကျမယ်လို့ ထင်ပါတယ်" ဟု ကိုကျော်ဇေယျာဝင်းက ပြောသည်။

ကားသစ်များ ဝင်ငွေခွန်သက်သာခြင်းဖြင့် မူလကတည်းက တင်သွင်းထားသည့် ၂၀၁၇ ခုနှစ် တင်သွင်းခွင့်ရ မော်တော်ကား တစ်ပတ်ရစ်များသည်လည်း ဈေးနှုန်းကျဆင်းလာကြမည်ဟု တွေးကြသူများကိုလည်း တွေ့ရသည်။ သို့သော် ကားပိုင်ရှင်တစ်ဦးကမူ "သူတို့က မမြင်ရသေးဘူး၊ အရင်ကားတွေက ဘယ်လိုတင်သွင်းရတယ်၊ ဘယ်လောက်ကျခဲ့တယ်၊ ထည့်စဉ်းစားရဦးမယ်၊ ဘယ်သူကမှတော့ အရှုံးခံပြီး မရောင်းနိုင်ဘူး၊ တစ်စီးတလေဈေးလျှော့တာ ရချင်ရမယ်။ အံ့နဲ့ ကျင်းနဲ့ ရှိနေတဲ့ ဈေးကွက်တစ်ခုလုံးကိုတော့ ကျဆင်းဖို့ မဖြစ်နိုင်ပါဘူး" ဟု ပြောကြားသည်။

လက်ရှိတွင် စလစ်ဈေးမှာ ၁၁၈ သိန်းမှ ကျပ်သိန်း ၁၂၀ ကြားတွင် ဈေးငြိမ်နေပြီး စလစ်လက်ဝယ်ရှိသော်လည်း အရောင်းမရှိကြောင်း သိရသည်။ ထို့ပြင် အခွန်သက်သာသဖြင့် စလစ်ဈေးနှုန်းမှာလည်း လာလတ္တံ့သော ရန်ကုန်လိုင်စင်ချထားပေးမှု မူဝါဒနှင့် တွက်ချက်ပါက နည်းပါးနိုင်သဖြင့် အဝယ်မရှိကြခြင်းဖြစ်ကြောင်း သိရသည်။

ကားဝယ်ရောင်းအချို့မှာ ခရီးသွားရာသီဖြစ်ခြင်းကြောင့် အိမ်စီးကားအချို့အား ငှားရမ်းခြင်းနှင့် ခရီးသွားရန် ကောင်းမွန်သည့် အင်ဂျင်ပါဝါအသင့်အတင့် ကားများအား ကာလတိုငှားရမ်းခြင်းများကိုလည်း ပြုလုပ်ကြသည်ကို မြင်တွေ့ရသည်။ "ဒီရာသီက ခရီးသွားရာသီဆိုတော့ ကားငှားကြာတာကတော့ အလုပ်ဖြစ်တယ်၊ ကြားပေါက်အနေနဲ့ အကျိုးဆောင်ပေးတယ်၊ တစ်နေကုန်ယူသွားရင် ကိုယ့်ဆီနဲ့ကိုယ်ထည့်ပေါ့၊ ဈေးကတော့ အမျိုးမျိုးရှိတယ်၊ တစ်ရက်ကို သုံးသောင်းကနေ ငါးသောင်းအထိရှိတယ်၊ ဒါတင်မကသေးဘူး၊ သကြၤန်ရောက်ဖို့ တစ်လကျော်လောက်ပဲလိုတော့ ကားလည်းထွက်ရင်လည်းကောင်း၊ ခရီးသွားရင်လည်းကောင်းတဲ့ ထရပ်ကားလေးတွေ စုထားကြတယ်၊ ဈေးကွက်က မကြာခင်လာတော့မှာမို့ပါ၊ ဒီနှစ်မှာ ရန်ကုန်သကြၤန်က စည်ကားမယ်ဆိုပြီး ပြောနေကြလို့" ဟု ကားဝယ်ရောင်းတစ်ဦးက ပြောသည်။ ။

**ယခုရက်ပိုင်းအတွင်း ရန်ကုန်လိုင်စင်ချပေးခြင်းအတွက် ကားပိုင်ရှင်များ စိတ်ဝင်စားမှုမြင့်တက်နေပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ်တွင် ဝင်ငွေခွန်ကို ပထမခြောက်လအတွင်း ပေးဆောင်ပါက ရာခိုင်နှုန်းအားဖြင့် သက်သာစွာ ပေးဆောင်နိုင်ကြမည်ဖြစ်သည်ဟု သတင်းများ ထွက်ပေါ်နေသည်ကိုလည်း ကြားရ**

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၈၃ |
| CRV RD5 | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၆၀ |
| Kluger | 2001 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၈၂ |
| Fit Gp | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၉၀ |
| Fit GK3 | 2013 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၉၉ |
| Harrier | 2004 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |
| Wish | 2006 | ရန်ကုန် | 1800 cc | အပြင်ဈေး | ၃၄၀ |
| Vitz | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၀၀ |
| Belta | 2010 | ရန်ကုန် | 1300 cc | အပြင်ဈေး | ၁၇၅ |
| Mark II | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၆၅ |
| Hijet | 2006 | ရန်ကုန် | 660 cc | အပြင်ဈေး | ၁၁၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

## စီးပွားရေးအဖုံဖုံ မြို့ပြရန်ကုန်မှ

အခြားဝန်ဆောင်မှုကဏ္ဍတွေမှာ ဂျပန်၊ တရုတ်၊ မလေးရှား၊ စင်ကာပူ စတဲ့နိုင်ငံတွေအပြင် ဟောင်ကောင် တရုတ်တိုင်ပေတို့အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၂၇ ခုနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလေးခုတို့ကို လုပ်ကိုင်ခွင့်ပြုပေးခဲ့တာမို့ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၂၄၀၀ ခန့်ကိုလည်း ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

**တိုးချဲ့ဖို့ စီစဉ်**

ဒီလိုအလုပ်အကိုင်အခွင့်အလမ်းတွေ တည်ရှိရာ စီးပွားရေးလုပ်ငန်းတွေပေါ်များရာ ရန်ကုန်မြို့ကို မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်က လူငယ်လူရွယ်တွေ လာရောက်လုပ်ကိုင်နေကြတာတွေ၊ မိသားစုအလိုက် ပြောင်းရွှေ့အခြေချလာမှုတွေ များလာတာကြောင့် တဖြည်းဖြည်းနဲ့ ရန်ကုန်မြို့ဧရိယာကို တိုးချဲ့ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုတွေဟာလည်း ဆက်တိုက်လာနေမှာဖြစ်ပြီး ရန်ကုန်မြို့မှာ စီးပွားရေးအခွင့်အလမ်းတွေကို နေ့စဉ်နဲ့အမျှ လာရောက်လေ့လာ ဆန်းစစ်နေသူတွေလည်း ရှိနေပါတယ်။ စီးပွားရေးလုပ်ငန်းတွေ အခြေတကျ ဖြစ်ထွန်းဖို့အတွက် တည်ငြိမ်မှုတွေ၊ အကောင်းဆုံးနည်းလမ်းတွေ၊ စီးပွားရေးအတွက် ဖြေလျှော့ပေးနိုင်မယ့် အတိုင်းအတာတွေကို အကောင်အထည်ဖော်နိုင်ရင်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ အရှိန်အဟုန်နဲ့ စီးဝင်လာနိုင်ပါတယ်။

ရန်ကုန်မြို့ပြ အနာဂတ်ဧရိယာတွေမှာ မြေအကျယ်အဝန်းအလိုက် စက်မှုဇုန်တွေလည်း အကောင်အထည်ဖော်ဖို့ ရှိနေတာမို့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုအသစ်တွေ ထပ်ပြီးထွက်ပေါ်နေဦးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့ တိုးချဲ့ဖို့ မြို့သစ်စီမံကိန်းနဲ့ အရန်မြို့သစ်တွေ တည်ဆောက်အကောင်အထည်ဖော်ခဲ့ရင်လည်း စက်မှုဇုန်နဲ့ စီးပွားရေးလုပ်ငန်းအသစ်တွေ ပေါ်ထွက်လာဦးမှာ ဖြစ်ပါတယ်။

**စီးပွားရေးမြို့တော်အဖြစ် ရုပ်လုံးပေါ်လာ**

ကြိုတင်ခန့်မှန်းတွက်ချက်မှုတွေအရ ရန်ကုန်မြို့ဟာ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ လူဦးရေ ၁၀ သန်းခန့်ရှိလာတော့မှာဖြစ်ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရဆိုရင် လူဦးရေဟာ Mega City အဆင့် ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီလိုတိုးတက် များပြားလာမယ့် လူဦးရေ၊ ပိုမိုလာမယ့် ရင်းနှီးမြှုပ်နှံမှုတွေရှိလာတော့မယ့် စီးပွားရေးလုပ်ငန်းတွေ၊ အဲ့ဒီအချက်မှာ လည်ပတ်မှု အရှိန်အဟုန်ကောင်းကောင်းရရှိနေပြီဖြစ်တဲ့ သီလဝါစီးပွားရေးဇုန်နဲ့ လှိုင်သာယာ၊ ရွှေပြည်သာ စတဲ့ စက်မှုဇုန်တွေကလည်း အခြေအနေအရ ဖြည့်ဆည်းပေးနိုင်မှုတွေအရ အခက်အခဲမရှိ လည်ပတ်နိုင်ပြီဖြစ်တာမို့ ရန်ကုန်မြို့ဟာ နိုင်ငံတကာအဆင့်မီ စီးပွားရေးမြို့တော်အဖြစ် ရုပ်လုံးပေါ်လာမှာ အမှန်ပါပဲ။ ။